# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၅)**


၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၃၃)


## နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် နေရာချထားရေးတို့အတွက် စီမံဆောင်ရွက်ထားရှိမှုများ

# နိုင်ငံတကာအသိုက်အဝန်းသို့ မှန်ကန်တိကျသော သတင်းအချက်အလက်များ မျှဝေပေးနိုင်ရေး သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ကွင်းဆင်းကြည့်ရှု



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်း၌ ကွင်းဆင်းကြည့်ရှုစဉ်။ သတင်းစဉ်

**စစ်တွေ ဖေဖော်ဝါရီ ၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို နိုင်ငံတကာအသိုက်အဝန်းသို့ မှန်ကန်တိကျသော သတင်းအချက်အလက်များ မျှဝေပေးနိုင်ရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များအဖွဲ့နာယက ဘရူနိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ရန်ကုန်မြို့ အခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ ယနေ့တွင် ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ကွင်းဆင်းကြည့်ရှုကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များအဖွဲ့ နာယက ဘရူနိုင်းနိုင်ငံ သံအမတ်ကြီး ဦးဆောင်သည့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် အဖွဲ့အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ▲


**ဗောဓိဗေဒ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဗောဓိဗေဒ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြထား ပါသည်။

## တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အသက်တမျှ တန်ဖိုးထားကြပါစို့


ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး စာ-၆



FNI

သောကကင်းဝေးစိတ်အေးစေနိုင် FNI

မီးအာမခံ
မော်တော်ယာဉ်အာမခံ
ငွေသားအာမခံ
အသက်အာမခံ
ခရီးသွားအာမခံ
ကျန်းမာရေးအာမခံ
ရေကြောင်းအာမခံ နှင့်
အခြားအာမခံ

အမျိုးမျိုးကို မြန်မာပြည်အနှံ့ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

| | |
|---|---|
| ရန်ကုန်(ရုံးချုပ်) | 01-8610661~5 |
| ရန်ကုန်(မရမ်းကုန်းရုံးခွဲ) | 01-9666163 |
| မန္တလေး | 02-2844525, 09-423687900 |
| မော်လမြိုင် | 057-26538, 09-442258990~1 |
| မုံရွာ | 071-26281, 09-442258992~3 |
| ပြည် | 053-24220, 09-442258994~5 |
| နေပြည်တော် | 067-25902, 09-404090049 |
| မြစ်ကြီးနား | 074-2529293, 09-400072626 |

မြန်မာ့အလင်း

# ပြည်သူတို့၏ဘဝများ မထိပါးစေလို

ကချင်ပြည်နယ်အတွင်း ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေ၊ လွှတ်တော်ကတိကဝတ်များ၊ **BOT** များဖြင့် လမ်းတံတားများ တည်ဆောက်သွားမည်။ ကချင်ပြည်နယ်အတွင်းရှိ လမ်း ၆၀ တွင် လမ်းမိုင် ၂၃၈၃ မိုင် ခြောက်ဖာလုံ ဖောက်လုပ်ထိန်းသိမ်းထားပြီး ပေ ၁၈၀ နှင့် အထက် တံတားကြီး ၄၉ စင်း တည်ဆောက်ပေးထားပြီး ဖြစ်သည်။ ၂၀၁၇ ခုနှစ် မတ်လအတွင်း၌ မလိခတံတား (မချမ်းဘော့)ကို ကချင်ပြည်နယ် အတွင်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်တွင် ရပ်ဘော့တံတား (နောင်မွန်း) အပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားငါးစင်း တည်ဆောက်လျက်ရှိပြီး အဆိုပါတံတားများ သည် မကြာမီတည်ဆောက်ပြီးစီးတော့မည်ဖြစ်သည်ဟူသော သတင်း စကားများကို ပြီးခဲ့သည့် ဇန်နဝါရီ ၁၃ ရက်က ဖွင့်လှစ်ခဲ့သည့် ရပ်ဘော့ တံတား (နောင်မွန်း)ဖွင့်ပွဲ အခမ်းအနားတွင် မင်္ဂလာရှိစွာ ကြားသိခဲ့ရသည်။ အဆိုပါတံတားသည် မချမ်းဘော့-ဇရုခ-နောင်မွန်း လမ်းပိုင်းပေါ်တွင် တည်ရှိပြီး မြန်မာနိုင်ငံ၏ မြောက်ဘက်အကျဆုံးသော တံတားတစ်စင်း လည်း ဖြစ်သည်။

အဆိုပါ တံတားဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အားပေးခဲ့ပြီး ဒေသခံပြည်သူများနှင့်လည်း တွေ့ဆုံခဲ့သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လိုအပ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရန် လိုအပ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည်လည်း လိုအပ်ပါကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။ လမ်းတံတားများ ပြည့်စုံ ကောင်းမွန်မှု မရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ခေတ်ကာလများတွင် ဒေသဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျကာ ဒေသတွင်းနေ တိုင်းရင်းသားပြည်သူများမှာလည်း လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်ဖြင့် အဘက်ဘက်မှ နိမ့်ကျခဲ့ရသည်။ လမ်းတံတားများ ပြည့်စုံကောင်းမွန်၍ ဒေသခံတိုင်းရင်းသားပြည်သူများ ဆက်သွယ် သွားလာရေး လျင်မြန်ချောမွေ့ကာ ကျန်းမာရေး၊ ပညာရေး၊ လူမှု စီးပွားရေးများနှင့် ကုန်စည်ကူးသန်းမှုများ မြန်ဆန်ကောင်းမွန်လာမည့် အခြေအနေ၊ သဘာဝအလှအပများ ကြွယ်ဝသည့် ဒေသဖြစ်သည့် အလျောက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာမည့်အခြေအနေတို့ကို ရှုမျှော်ကာ ဒေသတွင်းရှိ တိုင်းရင်းသား ပြည်သူများ ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်ကြည်နူးခဲ့ကြရသလို အပေါင်းလက္ခဏာဆောင်သည့် မင်္ဂလာရှိသောသတင်းကို မီဒီယာများမှ တစ်ဆင့် တွေ့မြင်ကြားသိကြရသော ပြည်ထောင်စုကြီးတစ်ဝန်းလုံးမှ ပြည်သူများမှာလည်း ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ပီတိဖြစ်ကြရသည်။

ယင်းနောက် ရက်အနည်းငယ်မျှအကြာ ဇန်နဝါရီ ၂၈ ရက်တွင်မူ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကြားလမ်းပိုင်းရှိ တံတားများ ဖျက်ဆီးခံ ခဲ့ရပြီးနောက် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ကာ စားနပ်ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများ ပြတ်လပ်မှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတို့ ဒေသခံတိုင်းရင်းသားပြည်သူများ ခံစားနေကြရကြောင်း ဝမ်းနည်းဖွယ် သတင်းအဖြစ် သိရှိကြရပြန်သည်။ ပူတာအိုဒေသတွင် ဓာတ်ဆီတစ်ပုလင်းကို ငွေကျပ် သုံးထောင်မှ ငါးထောင်အထိရှိပြီး ဆန်တစ်အိတ်လျှင် ငွေကျပ် ငါးသောင်းအထက်ရှိကြောင်း၊ အခြားကုန်ပစ္စည်းဈေးနှုန်းများမှာလည်း မြင့်တက်နေကြောင်း၊ ကာလကြာလာသည်နှင့် ဒေသခံပြည်သူလူထု အခက်အခဲများ ကြုံတွေ့လာနိုင်ကြောင်း ပူတာအိုမြို့နယ်မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကချင်ပြည်နယ်လွှတ်တော်တွင် အရေးကြီးအဆိုတစ်ရပ် တင်သွင်းကာ ပျက်စီးခဲ့သည့်လမ်းပိုင်းကို အမြန်ဆုံးပြုပြင်တည်ဆောက်ပေးရန် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စု အစိုးရကို တိုက်တွန်းခဲ့သည်။

ပြည်နယ်အတွင်း လမ်း၊ တံတားများ ပြည့်စုံကောင်းမွန်၍ လမ်းပန်း ဆက်သွယ်မှု အဆင်ပြေချောမွေ့ကာ ဒေသခံတိုင်းရင်းသားများ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေး မျှော်လင့်ချက်များဖြင့် ဝမ်းမြောက်ပျော်ရွှင် ခဲ့မှုများမှာ လမ်း၊ တံတားများ ဖျက်ဆီးခံရခြင်းနှင့်အတူ လွင့်ပျောက် သွားခဲ့ရပြီဖြစ်သည်။ စစ်ရေးလိုအပ်ချက်အရဟုဆိုကာ ဖျက်ဆီးလိုက်သော လမ်း၊ တံတားများနှင့်အတူ ဒေသခံ တိုင်းရင်းသားပြည်သူတို့၏ အနာဂတ်နှင့် ချမ်းမြေ့ပျော်ရွှင်မှုတို့မှာလည်း ဖျက်ဆီးခံခဲ့ရပြီဖြစ်သည်။ ပဋိပက္ခ၊ စစ်ပွဲ၊ တိုက်ပွဲများ မပြီးဆုံးသရွေ့ ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှု တို့ မရှိနိုင်။ ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုတို့ မရှိသေးသရွေ့ ဖွံ့ဖြိုးတိုးတက်မှုတို့လည်း ရောက်မလာနိုင်။ လက်နက်ကိုင်တိုက်ခိုက်မှုများ ရပ်ဆိုင်း၍ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းခြင်းဖြင့်သာ ပြည်သူတို့၏အကျိုးကို သယ်ပိုးနိုင်ကြပါစေကြောင်း။ ။

# ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊




## ကျေးလက်ရေရရှိရေးလုပ်ငန်း လွှဲပြောင်းပေးအပ်

**ခနုဖြူ ဖေဖော်ဝါရီ ၉**

ခနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (Europe & Asia commercial Co.,Ltd) မှ လှူဒါန်းငွေဖြင့် ခနုဖြူမြို့နယ် ဗျင်းညား အနောက်ကျေးရွာအုပ်စု ကနီကပင် ကျေးရွာတွင် အနက်ပေ ၄၀၀ ရှိ နှစ်လက်မစက်ရေတွင်း တူးဖော်ခြင်း၊ ရေစက်ရုံ၊ ရေကန်တည်ဆောက်ခြင်း လုပ်ငန်းအား ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ကျေးရွာ ရေပေးရေးကော်မတီဝင်များ ထံသို့ ဖေဖော်ဝါရီ ၄ ရက်တွင် ခနုဖြူ မြို့နယ် ကျေးလက်ဦးစီးဌာနမှ လွှဲပြောင်း ပေးအပ်ခဲ့သည်။

**ခင်သန္တာထွေး(ပြန်/ဆက်)**

## ထောက်ကြန့်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့၌ ဆိုင်ကယ်ကယ်ရီသမားများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းများ လိုက်နာရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ လုယက်မှုများပပျောက်စေရေးနှင့် မှုခင်းကျဆင်းရေးအတွက် ထောက်ကြန့်မြို့ နယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်လွင်နှင့် တပ်ဖွဲ့ဝင်များက ကယ်ရီသမားများအား နယ်မြေရဲစခန်း၌ ခေါ်ယူတွေ့ဆုံ၍ အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ကာ ဟောပြောပွဲသို့ ဆိုင်ကယ်ကယ်ရီသမားများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၉-၂-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၈၂၅/၈၄၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၉၀/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၅/၈၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၄၅/၈၆၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၀ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၀ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၈ ·၅ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၂၁ ·၈ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၀ ·၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၇ ·၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူဆိပ်ကမ်း၌ ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

စင်ကာပူတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၏ ဖိတ်ကြားချက်အရ စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စင်ကာပူဆိပ်ကမ်းသို့သွားရောက်ကြည့်ရှုလေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဆိပ်ကမ်းကို PSA Building ပေါ်မှနေ၍ ကြည့်ရှုလေ့လာကြသည်။ ထို့နောက် ဆိပ်ကမ်းထိန်းချုပ်ရေးစင်တာသို့ ရောက်ရှိကြပြီး ဆိပ်ကမ်းတွင် ကွန်တိန်နာများကို အလိုအလျောက် အဝေးထိန်းစနစ်ဖြင့် တင်ချဆောင်ရွက်နေမှုများအား ကြည့်ရှုလေ့လာကြပြီး ဆိပ်ကမ်းအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

စင်ကာပူ ဆိပ်ကမ်းကို ၁၉၆၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး နိုင်ငံတကာမှ ကွန်တိန်နာ သင်္ဘောများ လာရောက်ဆိုက်ကပ်၍ ကုန်သွယ်မှုလုပ်ငန်းများ ကမ္ဘာပေါ်တွင် ပမာဏအများဆုံး ဆောင်ရွက်လျက်ရှိသည့် ရေနက်ဆိပ်ကမ်းကြီးတစ်ခုဖြစ်သည်။ PSA International ကုမ္ပဏီသည် ၂၀၁၇ ခုနှစ်တွင် ကွန်တိန်နာ အလုံးရေပေါင်း ၃၃ ဒသမ ၂၅ သန်း TEU လက်ခံဆောင်ရွက်ခဲ့ပြီး ဆိပ်ကမ်း၌ ကုန်တင်၊ ကုန်ချ ကရိန်း ၂၀၀ ကျော် အနက်နေ့စဉ် ကရိန်း ၁၄၀ ခန့်ဖြင့် လုပ်ငန်း ဆောင်ရွက်နေကြောင်း၊ တစ်ကမ္ဘာလုံး၏ ကွန်တိန်နာဖြင့် ကုန်သွယ်မှုလုပ်ငန်း၏ ၆ ရာခိုင်နှုန်းနီးပါးခန့် လက်ခံဆောင်ရွက်ပေးနေသည့် ဆိပ်ကမ်းကြီးတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ရုံးသို့ ရောက်ရှိပြီး စစ်သံရုံးဝန်ထမ်းများနှင့် သင်တန်းသား အရာရှိများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူဆိပ်ကမ်း၌ ကွန်တိန်နာများကို အဝေးထိန်းစနစ်ဖြင့် တင်ချဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာစဉ်။** သတင်းစဉ်



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ငါးခူရယာယီလက်ခံရေးစခန်း၌ ကြိုတင်စီမံထားမှုအခြေအနေကို ကြည့်ရှုစဉ်။** သတင်းစဉ်

▲ *ရှေ့ဖုံးမှ*

စစ်တွေလေဆိပ် ဧည့်ခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နိုင်ငံတကာ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရခိုင်ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေနှင့်စပ်လျဉ်း ၍ ပြည်နယ်အစိုးရနှင့် နိုင်ငံတော်အစိုးရတို့မှ ကြိုတင်စီမံ ဆောင်ရွက်ပေးထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နိုင်ငံတကာ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့် ဤခရီးစဉ်အတွင်း ရခိုင်ပြည်နယ်၏ ပကတိအခြေအနေမှန်များကို သိရှိပြီး နိုင်ငံသူနိုင်ငံသားများနှင့် နိုင်ငံတကာ အသိုက်အဝန်းသို့ မှန်ကန်တိကျသော သတင်းအချက်အလက်များ မျှဝေပေးနိုင်ရေး ကူညီဆောင်ရွက်ပေးကြရန်နှင့် နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရေး၊ ပြန်လည်နေရာချထားရေးတို့ကို နှစ်နိုင်ငံ သဘောတူညီချက်များ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများကင်းဝေးပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီ ကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**ယာယီလက်ခံရေးစခန်းသို့ရောက်ရှိ**

ဆက်လက်၍ စစ်တွေမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာပြီး ကုန်းလမ်းမှ ဝင်ရောက်လာသူများအား လက်ခံနိုင်ရေးအတွက် ဖွင့်လှစ်ထားသည့် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းသို့ရောက်ရှိကြသည်။

တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းတွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများက နှစ်နိုင်ငံ သဘောတူညီချက်များအရ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံနိုင်ရေးအတွက် ကုန်းလမ်းမှ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းနှင့် ရေလမ်းမှ ပြန်လည် ဝင်ရောက်လာမည့်သူများအတွက် ငါးခူရ ယာယီလက်ခံရေးစခန်း ဖွင့်လှစ်ထားရှိမှု၊ စိစစ်အတည်ပြုပြီးသူများ ခေတ္တခဏတည်းခိုနေထိုင်ရန် လှဖိုးခေါင်ကြားစခန်း ဖွင့်လှစ်ထားရှိမှု၊ ယာယီလက်ခံရေးစခန်းများတွင် တစ်ရက်လျှင် ပြန်လည်စိစစ်လက်ခံ ဆောင်ရွက်နိုင်မည့် လူဦးရေ၊ နေရာချထားနိုင်မည့်အနေအထား၊ လုံခြုံရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးအတွက် ကြိုတင်စီမံထားရှိမှု အခြေအနေ၊ ပြန်လည်ဝင်ရောက်လာမည့်သူများအား ပြန်လည်စိစစ်လက်ခံရေး လုပ်ငန်းများဆောင်ရွက်ရန် ဝန်ကြီးဌာနများမှ ရုံးခန်းများ ဖွင့်လှစ်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ချစ်ကြည်ရေးတံတား လှည့်လည်ကြည့်ရှု**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ဦးဆောင်သည့် နိုင်ငံတကာ သံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းတွင် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားတို့ကို လှည့်လည်ကြည့်ရှုကြသည်။

**ကြိုတင်စီမံထားရှိမှု အခြေအနေ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် အဖွဲ့သည် တောင်ပြိုလက်ဝဲယာယီ လက်ခံရေးစခန်းမှ ရဟတ်ယာဉ်များဖြင့် ငါးခူရ ယာယီလက်ခံရေးစခန်းသို့ရောက်ရှိရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက ရေလမ်းမှ ဝင်ရောက်လာသူများအား ပြန်လည်စိစစ်လက်ခံရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန ၁၂ ခုမှ ဝန်ထမ်းအင်အား ၈၀ ကျော်ဖြင့် ရုံးခန်းများ ဖွင့်လှစ်ထားရှိမှု၊ ပြန်လည်ဝင်ရောက်လာသူများ ခေတ္တတည်းခိုနေထိုင်စားသောက်ရေးအတွက် ကြိုတင်စီမံထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ပြန်လည်ဝင်ရောက်လာသူများကို စိစစ်ရန် ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် NVC ကတ်ထုတ်ပေးရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လှည့်လည်ကြည့်ရှုရာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းခိုင်က လိုက်လံရှင်းလင်းပြသသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း များမှ ကိုယ်စားလှယ်များသည် အစ္စလာမ်ဘာသာဝင်များနေထိုင်သည့် မောင်တောမြို့ ပန်းတောပြင်ကျေးရွာသို့ ရောက်ရှိရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လူနေအိမ်များ ပြန်လည်ဆောက်လုပ်ပေးနေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

**အခြေအနေများကို မေးမြန်း**

ယင်းနောက် နိုင်ငံတကာ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို မေးမြန်းကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များအဖွဲ့ နာယက ဘရူနိုင်းနိုင်ငံသံအမတ်ကြီး H.E.Dato Paduka Haji Abdu’r Rahmani bin Dato Paduka Haji Besir၊ ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ် ဝန်ကြီးချုပ်ဟောင်း Rt.Hon. Mr. Bob Robert Rae၊ ကနေဒါ၊ ဘရူနိုင်း၊ ချက်၊ အီးယူ၊ တူရကီ၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ ပြင်သစ်၊ ဂျပန်၊ နီပေါ၊ ဖိလစ်ပိုင်၊ တီမောလက်စတေ၊ ရုရှား၊ အမေရိကန်၊ ဗြိတိန်၊ မလေးရှား၊ ဆော်ဒီအာရေဗျ၊ ကူဝိတ်နှင့် ကိုရီးယားသမ္မတနိုင်ငံ သံရုံးတို့မှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံ သံမှူးကြီးနှင့် သံမှူးများ၊ အတွင်းဝန်များ၊ UNHCR၊ World Bank၊ FAO နှင့် WFP တို့မှ ကိုယ်စားလှယ်များ လိုက်ပါကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေးတံတားကို ကြည့်ရှုစဉ်။** သတင်းစဉ်

# ဝန်ကြီးဌာနတစ်ခု၏ မူဝါဒနှင့် လုပ်ငန်းများလေ့လာခွင့်ရ၍ ပြည်သူ့အကျိုးရှိစေမည့်လုပ်ငန်းများ ကြိုးစားဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနက ချမှတ်ထားသော မူဝါဒများ၊ ပြည်သူကို တိုက်ရိုက်အကျိုးရှိစေမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လွှတ်တော်အသီးသီးရှိ ကော်မတီများမှ ကိုယ်စားလှယ်များအား ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် တက်ရောက်၍ နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ အစည်းအဝေးတွင် ဝန်ကြီးဌာနတစ်ခု၏ မူဝါဒနှင့်လုပ်ငန်းစဉ်များကို ချဉ်းကပ်လေ့လာခွင့်ရခြင်းဖြစ်ကြောင်း၊ ပြည်သူက ရွေးချယ်ပေးထားသော ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေး တာဝန်အပြင် အပြန်အလှန် ထိန်းကျောင်းခြင်းလုပ်ငန်းစဉ်ကိုလည်း ဆောင်ရွက်ရပါကြောင်း၊ ပြည်သူကို တိုက်ရိုက်အကျိုးရှိစေမည့် လုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မိမိမကြာမီက တက်ရောက်ခဲ့ရသော (AIPA) အစည်းအဝေးတွင် ရခိုင်ဒေသနှင့် ပတ်သက်၍ နိုင်ငံတော်က ဆောင်ရွက်ပေးနေမှု အခြေအနေများကို တင်ပြရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို အလေးပေး၍ နိုင်ငံတကာသို့ တင်ပြခွင့်ရခဲ့ပါကြောင်း၊ ၎င်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အစိုးရနှင့် လွှတ်တော်တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေသော ဆောင်ရွက်ချက်များကို ပိုမို ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုယ်ဝန်ဆောင် မိခင်နှင့် ၎င်းမှ မွေးဖွားသော ကလေးအသက်နှစ်နှစ်အထိ ထောက်ပံ့ကြေးပေးသောစနစ်နှင့် အသက် ၉၀ နှစ်နှင့် အထက်ဘိုးဘွားများကို လူမှုရေးပင်စင် လစဉ်ပေးအပ်မှုများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအခါ ပြည်သူများ၏ လိုအပ်ချက်များကို ထိထိရောက်ရောက် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ဝန်ကြီးဌာနကို ယခင် ဦးစီးဌာနနှစ်ခုရှိရာမှ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနဟူ၍ ပြန်လည်ထူထောင်ရေးဦးစီးဌာနကို တိုးချဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပဋိသန္ဓေတည်ချိန်မှစ၍ သက်ကြီးရွယ်အိုအထိ ကြုံတွေ့ကြရမည့် လူမှုကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရသော မိမိတို့ဝန်ကြီးဌာနသည် လူတိုင်း လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ရေးနှင့် လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မူဝါဒများချမှတ်၍ အလေးထား ဆောင်ရွက်နေပါကြောင်း၊ ပြည်သူများ၏ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော လိုအပ်ချက်များကို ပြည်သူကြားသို့ အမြဲရောက်ရှိနေသော လွှတ်တော် ကိုယ်စားလှယ်ကြီးများက ပိုမိုသိရှိနိုင်ပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူကို ပိုမိုအကျိုးပြုနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် နိုင်ငံတစဝန်း ပဋိပက္ခများကင်းဝေးပြီး ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်စေရန်အတွက် တစ်နိုင်ငံလုံး၌ရှိသော ပြည်သူများ၏ အင်အားကိုရယူကာ ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနသုံးခုမှ ညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနများ၏ လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်လိုသော လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ အသီးသီး တင်ပြဆွေးနွေးရာ တက်ရောက်လာကြသော ရေးရာကော်မတီများမှ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင် ကြုံတွေ့နေကြရသော ပြည်သူတို့၏လိုအပ်ချက်များ၊ မြို့နယ်အဆင့် ရုံးမြေနေရာရရှိနိုင်မှုအခြေအနေ၊ ကလေးသူငယ်ဆိုင်ရာကိစ္စရပ်များ၊ အမျိုးသမီး အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝဘေးကြိုတင်ပြင်ဆင်ထားနိုင်မှုတွင် ပါဝင်ဆောင်ရွက်ကြမည့် အခြေအနေများ၊ မူးယစ်ဆေးဝါး ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့် တိုက်ပွဲရှောင်ပြည်သူများ ပြန်လည်နေရာချထားရေးကိစ္စရပ်များ၊ မသန်စွမ်းများ၏ အခွင့်အရေးကိစ္စရပ်များ၊ သက်ကြီးပင်စင်ကိစ္စရပ်များ စသည်တို့ကို အကြံပြုမေးမြန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၁၈ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား အောင်မြင်စွာကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၀) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် သာသနာတော်ဆိုင်ရာ တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ၂၀၁၈ ခုနှစ် မတ် ၁ ရက်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းအရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲအခမ်းအနားများ ကျင်းပမည်ဖြစ်ကြောင်း၊ အခမ်းအနားသို့ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၉၉ ပါး၊ သီလရှင် ကိုးပါး၊ လူပုဂ္ဂိုလ် ၆၀တို့ကို ဘွဲ့တံဆိပ် ဆက်ကပ်ချီးမြှင့်မည်ဖြစ်ကြောင်း၊ အခမ်းအနားများ ချောမွေ့အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးတို့က ကုသိုလ်ယူပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသော သက်ဆိုင်ရာ ဆပ်ကော်မတီအသီးသီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ၂၀၁၈ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲ ကျင်းပရေးကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကော်မတီများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားကြရန် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့အကြား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များနှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့အကြား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်နှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဒိန်းမတ်နိုင်ငံတို့အကြား Myanmar-Denmark Twinning Program on Renewables နှင့် ပတ်သက်၍ လက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာသည် မြန်မာနိုင်ငံအတွင်း လေအားလျှပ်စစ်ထုတ်လုပ်မှု စီမံကိန်းများအတွက် Fasibility Study ဆောင်ရွက်ခြင်း၊ လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် ဒေသများအတွက် Wind Mapping Energy Educational Scholarship Program ပံ့ပိုးပေးခြင်း၊ ရခိုင်ပြည်နယ် မာန်အောင်ကျွန်း၌ လေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု လေ့လာခြင်း၊ Remote Meter Reading, and Handing of Meter Data and Flexibility of Hydro and Thermal Plants စသည်တို့အား ဒိန်းမတ်နိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်ရန်အတွက် ရည်ရွယ်လက်မှတ်ရေးထိုးခြင်း ဖြစ်ကြောင်း၊ ထို့အပြင် Human Resources Development Program များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen မှ မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့အကြား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များနှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen တို့သည် မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့အကြား ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်နှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုး၍ **(အောက်ပုံ)** အပြန်အလှန် လဲလှယ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ကလော ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၅ အုပ်စု ကျေးရွာပေါင်း ၃၅ ရွာသို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီက အောင်ပန်းမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်က အမှာစကားပြောကြားပြီး ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမောင်မောင်ဝင်းက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၅ အုပ်စု ကျေးရွာပေါင်း ၃၅ ရွာတို့ကို တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၃၅၀၀ကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲနှင့် ပဒေသာကပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲနှင့် ပဒေသာကပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ အမျိုးသားပညာရေး မူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ်၊ ဒေါက်တာ အောင်ထွန်းသက်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်နိုင်ဦး၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရှင်နှင့် တာဝန်ရှိသူများက တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲနှင့် ပဒေသာကပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် တိုင်းရင်းသားရိုးရာအစားအစာရောင်းချသည့် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲနှင့် ပဒေသာကပွဲ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို အဆိုပါ ကျောင်းရှိ ပင်မဆောင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဒေါက်တာအောင်ထွန်း သက်တို့က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦးက ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒေါက်တာအောင်ထွန်းသက်နှင့် အမျိုးသားပညာရေးမူဝါဒ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ်တို့အား ရန်ကုန်စီးပွားရေး တက္ကသိုလ်၏ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ပဒေသာ ကပွဲ အခမ်းအနား အမှတ်တရပစ္စည်း ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တိုင်းရင်းသား ရိုးရာ အဆိုအကများနှင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။



ထို့နောက် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာ အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Myanmar National Symphony Orchestra Concerts 2018 ဖျော်ဖြေပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ Mr. YUNOSUKE YAMAMOTO (Conductor & Composer) ဦးဆောင်သော ဂီတအနုပညာရှင်အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် Myanmar National Symphony Orchestra Concerts 2018 ဖျော်ဖြေပွဲကို ယနေ့ ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ **(အောက်ဝဲပုံ)**




အဆိုပါဖျော်ဖြေပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး ဒေါ်ခင်မိမိကြွယ်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

**ပူးပေါင်းဖျော်ဖြေတင်ဆက်**

ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဂီတပညာရှင်များနှင့် ဂျပန်နိုင်ငံမှ ဂီတပညာရှင်များက Bizet Carmen Suite No.1 Les Toreadors၊ Beethoven Symphony No.4 ၊ Tchaikovsky Piano Concerto No.1 (excerpt) ၊ Brahms Hungarian dance No.5 and No.1၊ Mozart Ave Verum Corpus ၊ မြန်မာ့စိတ်ရင်း မြန်မာ့ရှခင်း၊ မဟာ၊ Beauty and the Beast၊ Despacito နှင့် မန်းတောင်ရိပ်ခိုသီချင်းများကို ပူးပေါင်းဖျော်ဖြေတင်ဆက် ကြသည်။

**ဂုဏ်ပြုပန်းစည်းများ ပေးအပ်**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂျပန်ဂီတစာဆို တီးဝိုင်းအဖွဲ့ ခေါင်းဆောင် Mr. YUNOSUKE YAMAMOTO အားလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. TATESHI HIGUCHI က ဂျပန်စန္ဒရားဆရာမ Ms. KYOKO KOYAMA အား လည်းကောင်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော် သံစုံ တီးဝိုင်းအဖွဲ့အား လည်းကောင်း၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက သံပြိုင်သီဆိုအဖွဲ့အား လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ဂျပန် ယဉ်ကျေးမှုအဖွဲ့အား လည်းကောင်း၊ တိုင်းဒေသကြီး ရခိုင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က မြန်မာ ယဉ်ကျေးမှုအကအဖွဲ့အား လည်းကောင်း ဂုဏ်ပြုပန်းစည်းနှင့် ပန်းခြင်းများကို အသီးသီးပေးအပ်ကြပြီး ဖျော်ဖြေတင်ဆက်ကြ သည့် အနုပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက် ကြသည်။

**သတင်းစဉ်**

✱ *ကျောဖုံးမှ*

တံတားအရှည်မှာ ပေ ၈၃၀ ၂၅၃ မီတာရှိကြောင်း၊ တံတားအကျယ်မှာ ၂၀ ဒသမ ၅ မီတာရှိကာ လေးလမ်းသွားဖြစ်ကြောင်း၊ ဘေးတစ်ဖက်တစ်ချက်စီတွင် လူသွား လမ်းစင်္ကြံများလည်း ပါရှိမည်ဖြစ်ကြောင်း၊ အသွား နှစ်လမ်းသွား၊ အပြန် နှစ်လမ်း သွားအဖြစ် အသုံးပြုနိုင်မည် ဖြစ်ကြောင်း၊ ခန့်မှန်းကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၃၂ သန်းဖြစ်ကြောင်း သိရသည်။

ယင်းတံတားကြီးတည်ဆောက်ရာတွင် Consultant ကုမ္ပဏီအဖြစ် Nippon Koei ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်ပြီး ဂျပန်ဆောက်လုပ်ရေး ကန်ထရိုက်တာများဖြစ်ကြသည့် The Consortium of Tokyu -Toyollk ၊ Tokyu Construction Co.,Ltd ၊ Toyo Construction Co.,Ltd.နှင့် IHI Construction Service Co.,Ltd.တို့က ဂျပန်အင်ဂျင်နီယာများ၊ မြန်မာကျွမ်းကျင် လုပ်သား ၁၀၀ ကျော်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံမှ လုပ်သားအချို့တို့ဖြင့် တံတား တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအသုံးပြုနေသော သာကေတတံတား မှာ ၁၉၆၆ ခုနှစ်က ကိုလံဘိုစီမံကိန်း အရ ကနေဒါအစိုးရ၏ အကူအညီဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ပြီး ယာဉ်သွားလာ အသုံးပြုမှု အလွန်များပြားလျက်ရှိသည့်အတွက် ယင်းတံတားဟောင်းမှာ ကြံ့ခိုင်မှု လိုအပ်လာကြောင်း၊ တံတားသစ်ကြီးပြီးစီးသွားပါက တံတားဟောင်းကို အသုံးပြုတော့ မည်မဟုတ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် သာကေတတံတားသစ် ချဉ်းကပ်လမ်းပေါ်တွင် ဆောက်လုပ် ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့-၃ တံတားအထူး အဖွဲ့-၁၁ က မီးရထားခုံးကျော်တံတားနှင့် ကားလမ်းခုံးကျော်တံတား နှစ်စင်းကို လည်း တည်ဆောက်လျက်ရှိသည်။ ယခုအခါ သာကေတတံတားသစ်နှင့် ဆက်စပ်နေ သည့် ဒေါပုံဘက်ခြမ်းတွင် ချဉ်းကပ်လမ်းကိုလည်း လေးလမ်းသွားလမ်းမကြီးအဖြစ် တိုးချဲ့လျက်ရှိသည်။ စီမံကိန်းအားလုံးပြီးစီးသွားပါက လက်ရှိတွင် ကြုံတွေ့နေရသော ယာဉ်ကြောကျပ်တည်းမှုများကို လျှော့ချနိုင်မည်ဖြစ်သည့်အပြင် ရန်ကုန်မြို့၏ လှပ သော မြင်ကွင်းပုံရိပ်တစ်ခုအဖြစ်လည်း တွေ့မြင်ရမည်ဖြစ်သည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာ စာပေယဉ်ကျေးမှုပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၉**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ကရင် ပြည်နယ် တိုင်းရင်းသားများ ရိုးရာစာပေ ယဉ်ကျေးမှုပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် ညနေ ၅ နာရီက အမှတ်-၄ ရပ်ကွက် သီရိကွင်း၌ ကျင်းပ သည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ တိုင်းရင်းသားရိုးရာ စာပေယဉ်ကျေးမှု ပွဲတော်ကျင်းပရေး စီမံ ခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်း သားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်း လှိုင်ထွေး၊ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစောကျော်ဝင်း မောင်နှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြပြီး ပွဲတော်ကို ပြည်နယ်အတွင်းရှိ တိုင်းရင်းသား လူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ စည်းလုံး ညီညွတ်စွာဖြင့် လက်တွဲနေထိုင်သွားရန်၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု ရိုးရာ ဓလေ့၊ ဝတ်စားဆင်ယင်မှု၊ ဓလေ့ထုံးတမ်း များ မပျောက်ပျက်အောင် ထိန်းသိမ်း ကာကွယ်ဆောင်ရွက်ရန် ရည်ရွယ်ကျင်းပ ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် ကရင် ပြည်နယ်အတွင်းရှိ ကရင်၊ ရှမ်း၊ မွန်၊ ပအိုဝ်း၊ ဗမာ တိုင်းရင်းသားများ ခင်းကျင်း ပြသထားသည့် တိုင်းရင်းသားရိုးရာ စာပေယဉ်ကျေးမှု အမွေအနှစ်ပြခန်းများ၊ တိုင်းရင်းသားယဉ်ကျေးမှု အဝတ်အထည် အရောင်းပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာအရောင်းဆိုင်ခန်းများအား လိုက်လံကြည့်ရှုအားပေးပြီး ကရင် ပြည်နယ် တိုင်းရင်းသားတို့၏ ရိုးရာစာပေ ယဉ်ကျေးမှုပွဲတော်အထိမ်းအမှတ် မီးပုံးပျံ ကို လွှတ်တင်ပေးခဲ့ကြသည်။

ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပွဲတော်ကို ကရင်၊ ရှမ်း၊ မွန်၊ ဗမာ၊ ပအိုဝ်း တိုင်းရင်းသားတို့၏ တိုင်းရင်း သားစာပေနှင့် ယဉ်ကျေးမှုပြခန်းပေါင်း ၇၀ ၊ ဖျော်ဖြေရေးအဖွဲ့ ၆၈ ဖွဲ့တို့ဖြင့် ဖေဖော်ဝါရီ ၉ ရက် မှ ၁၂ ရက်အထိ လေးရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာတိုက်ခန်း ၂၄၀ ကို မတ်လအတွင်း အပြီးတည်ဆောက်နေ

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာတွင် စီမံကိန်းအသစ် တစ်ခုအနေဖြင့် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာတိုက်ခန်းပေါင်း ၂၄၀ ကို တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိကာ မတ်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်ခန်းများကို ပြည်ထောင်စုအစိုးရ ဘတ်ဂျက်မှ ကျပ်သန်းပေါင်း ၃၆၀၀ သုံးစွဲ၍ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း(မန္တလေး)က ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းမှ စတင်တည်ဆောက်နေပြီး လာမည့် ၂၀၁၈ ခုနှစ် မတ်လတွင် ပြီးစီးမည်ဖြစ်ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"တိုင်းဒေသကြီးအတွင်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေ ထဲက အိမ်ပိုင်မရှိ၊ ဝန်ထမ်းအိမ်ရာလည်း နေခွင့်မရသေးလို့ ပြင်ပမှာ ဈေးနှုန်းကြီး မြင့်စွာ ငှားရမ်းနေထိုင်နေရတဲ့ ဝန်ထမ်းတွေအတွက် အသက်သာဆုံးနဲ့ နေထိုင်ခွင့် ရအောင် ဒီလို အငှားအိမ်ရာတွေ စီစဉ်ဆောင်ရွက်ပေးတာပါ" ဟု ၎င်းက ပြောသည်။

တိုက်ခန်းများတည်ဆောက်နေမှုမှာ လေးခန်းတွဲ ငါးထပ်ပါ တိုက် ၁၂ လုံး တည်ဆောက်ထားပြီး တိုက်တစ်လုံးတွင် အခန်း ၂၀ ပါဝင်ကာ စုစုပေါင်း အခန်း ပေါင်း ၂၄၀ ပါဝင်ပြီး တစ်ခန်းလျှင် ၆၅၀ စတုရန်းပေ ကျယ်ဝန်းကြောင်း သိရ သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အသက်တမျှ တန်ဖိုးထားကြပါစို့

## တက္ကသိုလ်ပွင့်သူအောင်



ကမ္ဘာ့မြေပုံပေါ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခံ့ညားထည်ဝါစွာ ခိုင်ခိုင်မာမာ တည်ရှိနိုင်ခဲ့ခြင်းသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်မှုဖြင့် အသက်သွေးချွေးများစွာ စတေးကာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်မှုကြောင့်ပင်ဖြစ်သည်။ အထူးသဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် လူမျိုးဘာသာမခွဲခြားဘဲ ရှေးနှစ်ပေါင်းများစွာကတည်းက ဘိုး၊ ဘေး၊ ဘီ၊ ဘင် အဆက်ဆက် စည်းစည်းလုံးလုံး ပေါင်းစည်းယှက်နွှယ် နေထိုင်ခဲ့ကြသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံကြီးသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသားမျိုးနွယ်ပေါင်း ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားအားလုံးတို့သည် မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း အမိုးအကာတစ်ခုတည်းအောက်ဝယ် သမိုင်းအစဉ်အဆက်ဥမကွဲ၊ သိုက်မပျက်၊ တစ်အူထုံ့ဆင်းညီရင်းမောင်နှမကဲ့သို့ လက်ချင်းဆက်၍ တိုင်းတစ်ပါးကျူးကျော်မှုမှန်သမျှကို တွဲလက်ညီညီဖြင့် တိုက်ထုတ်ခဲ့ကြသည်။ မြန်မာ-အင်္ဂလိပ်စစ်ပွဲသုံးကြိမ်စလုံးတွင်လည်းကောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုတွင် လည်းကောင်း၊ ဖက်ဆစ်တော်လှန်ရေးတွင်လည်းကောင်း၊ တိုင်းရင်းသားအားလုံး တစ်စိတ်တစ်ဝမ်းတည်း တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

### သမိုင်းဝင်ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီ

ထိုမှတစ်ဆင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် သမိုင်းဝင်ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။ ပင်လုံညီလာခံကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်မှ ၁၂ ရက်နေ့အထိ ကျင်းပခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပထမဆုံးသော အစည်းအဝေးအဖြစ် ရှမ်းပြည်စော်ဘွားများနှင့် ရှမ်းလူထုကိုယ်စားလှယ်များ အစည်းအဝေးကိုလည်းကောင်း၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရှမ်းနှင့် ကချင်ကိုယ်စားလှယ်များ ပူးပေါင်းအစည်းအဝေးကိုလည်းကောင်း အသီးသီးကျင်းပခဲ့သည်။ ထိုအစည်းအဝေးမှ မြန်မာပြည်မနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လွတ်လပ်ရေးကို ပို၍လျင်မြန်စွာရရှိမည်ဟု ယုံကြည်ကြကာ လွတ်လပ်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့ညတွင် ချင်းတိုင်းရင်းသားကိုယ်စားလှယ်များ ရောက်ရှိလာခဲ့သဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်းကိုယ်စားလှယ်များ ထပ်မံဆွေးနွေးညှိနှိုင်းကြသည်။ ယင်းကဲ့သို့ ညှိနှိုင်းမှုကြောင့် မြန်မာပြည်မနှင့်အတူ လွတ်လပ်ရေးကိုရယူရန် တိုင်းရင်းသားကိုယ်စားလှယ်များက လက်မှတ်ရေးထိုး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသည်။

### အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုခြင်း

အထက်ဖော်ပြပါ ညှိနှိုင်းအစည်းအဝေးများ မပြုလုပ်မီ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်တွင် အင်္ဂလန်နိုင်ငံသို့ သွားရောက်ကာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ ဤကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် အင်္ဂလန်နိုင်ငံ၌ နန်းရင်းဝန်အက်တလီနှင့်တွေ့ဆုံကာ လွတ်လပ်ရေးအတွက် စာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေစဉ်မှာပင် ရှမ်းပြည်နယ်မှ စော်ဘွားတချို့က ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ်သူ ပြည်နယ်သားများ၏ ကိုယ်စားလှယ်မဟုတ်ကြောင်း ဗြိတိသျှအစိုးရထံသို့ ကြေးနန်းရိုက် အကြောင်းကြားခဲ့သည်။ ယင်းကိစ္စကို ကြားသိလိုက်ရသော ရှမ်းပြည်နယ်မှ လူငယ်ခေါင်းဆောင်များဖြစ်ကြသည့် ဦးတင်အေး၊ ဦးဖေခင်၊ ဦးထွန်းမြင့် စသည်တို့က ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ ရှမ်းပြည်နယ်ပြည်သူလူထု၏ စစ်မှန်သောကိုယ်စားလှယ်ဖြစ်ကြောင်း ထောက်ခံသော ကြေးနန်းတစ်စောင်ကို ချက်ချင်း အင်္ဂလန်နိုင်ငံသို့ အကြောင်းကြားလိုက်သည်။ ဤကဲ့သို့ အချိန်မီ ကြေးနန်းရိုက်အကြောင်းကြားထောက်ခံခဲ့မှုကြောင့် အောင်ဆန်း-အက်တလီစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့သည်။

### ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြည်ရှေ့ရေးအတွက် သမိုင်းဝင်မိန့်ခွန်း

ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ရှမ်း၊ ချင်း၊ ကချင်တောင်တန်းဒေသများသို့ သွားရောက်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆောင်ရွက်ခဲ့သည်။ ထိုစဉ်မှာပင် ပင်လုံညီလာခံသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် စတင်ကျင်းပခဲ့ပြီး တိုင်းရင်းသားကိုယ်စားလှယ်များက လက်မှတ်ရေးထိုးချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို အစည်းအဝေးဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် တောင်ပိုင်းစော်ဘွားကြီးစဝ်ခွန်ပန်းစိန်က အသံလွှင့်ရုံသို့ ကြေးနန်းရိုက်၍ ကြေညာစေခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့ညပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သောအဖွဲ့များ ပင်လုံသို့ ရောက်ရှိကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ပါဝင်လာကြသူများမှာ ဦးအောင်ဇံဝေ၊ ဗိုလ်ခင်မောင်လေး၊ ဦးဖေခင်၊ ဗိုလ်ထွန်းလှတို့ ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့ နံနက်ပိုင်းတွင် ကိုလိုနီဒိုမီနီယံဝန်ကြီး မစ္စတာဘော်တွန်လေ၊ ဦးတင်ထွဋ်၊ ဘားနတ်လတ်ဒဝစ်နှင့် ညွှန်ကြားရေးဝန် ဂျွန်စလေဒင်တို့ ရောက်ရှိလာကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ပင်လုံ၌ ပြည်မတောင်တန်းမခွဲခြားဘဲ လွတ်လပ်ရေးကို တစ်စုတစ်စည်းတည်းရယူရန် တိုင်းရင်းသားပြည်သူလူထုနှင့် ခေါင်းဆောင်များစုစည်းကာ ဆောင်ရွက်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ခေါင်းဆောင်များနှင့် တောင်တန်းဒေသမှ ခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ နေ့လယ်အထိ ဆွေးနွေးတိုင်ပင်ကြပြီး လွတ်လပ်ရေးကို အတူတကွရယူကြရန် ဆုံးဖြတ်ကြသည်။ ထိုညတွင် မြန်မာပြည်နှင့် တောင်တန်းဒေသများ ပူးပေါင်းရေးအခြေခံသဘောတူညီမှုအတွက် အထိမ်းအမှတ် ပင်လုံညစာစားပွဲကို ကျင်းပခဲ့သည်။ ယင်းညစာ စားပွဲ၌ ဗိုလ်ချုပ်အောင်ဆန်းက "တစ်တိုင်းပြည်လုံး ကြီးပွားချင်လျှင် လူအား၊ ငွေအား၊ ပစ္စည်းအားနှင့် စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ကချင်၊ ချင်းတို့က တခြားအကွဲကွဲအပြားပြား လုပ်နေကြလျှင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်" ဟူ၍ တိုင်းပြည်ရှေ့ရေးအတွက် အလေးအနက်ထား မိန့်ကြားခဲ့သည်။ ယင်းကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်မှာကြားချက်သည် သမိုင်းဝင်မိန့်ခွန်းပင်ဖြစ်သည်။

### ပင်လုံစာချုပ်မှသည် ပြည်ထောင်စုနေ့သို့

ထို့နောက် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကချင်၊ ချင်း၊ ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ်ကြီးများသည် ခွင့်တူညီမျှ တစ်စည်းတစ်လုံးတည်း နေထိုင်ကြတော့မည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ပင်လုံစာချုပ်ကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းရင်းသားကိုယ်စားလှယ် ၂၂ ဦး စုစုပေါင်း ၂၃ ဦး ရေးထိုးခဲ့သည်။ ပင်လုံစာချုပ်ကြီးသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများက အမြော်အမြင် ကြီးမားစွာဖြင့် အခက်အခဲပေါင်းများစွာကို ကျော်ဖြတ်ရင်ဆိုင်ပြီးချုပ်ဆိုခဲ့သော စာချုပ်ကြီးပင်ဖြစ်သည်။ နယ်ချဲ့တို့က တောင်တန်း ဒေသများကို ချန်လှပ်ပြီးမှ လွတ်လပ်ရေးပေးရန်အကြံအစည်ကို တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်စွာ ပင်လုံညီလာခံကို ကျင်းပကာ ပင်လုံစာချုပ်ကြီးဖြင့် မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်ပေါင်း ၁၀၀ ကျော်တို့က အသီးတစ်ရာ အညှာတစ်ခုပမာ စုစည်းနေထိုင်လာသည့် ပြည်ထောင်စု နိုင်ငံဟူ၍ သက်သေပြခဲ့ခြင်းပင်ဖြစ်သည်။

> "အထူးသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိခဲ့ခြင်းကြောင့် လွတ်လပ်ရေး ရရှိခဲ့ကြောင်းကို နောင်လာ နောက်သားများ သိရှိစေရန် ပြည်ထောင်စုနေ့ကို နှစ်စဉ်ကျင်းပလျက်ရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အသက်တမျှ တန်ဖိုးထားရန် ရည်ရွယ်ခဲ့ခြင်းပင်ဖြစ်"

ထို့ကြောင့် ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာချုပ်ဆိုခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် ပြည်ထောင်စုနေ့ အဖြစ် ပေါ်ထွန်းလာခဲ့ရာ ယခုနှစ် ၂၀၁၈ခုနှစ်တွင် (၇၁) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လွန်ခဲ့သည့် (၇၁) နှစ်က ရှမ်းပြည်နယ် ပင်လုံမြို့၌ တိုင်းရင်းသားလူမျိုးများ၏ ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ်၊ ထက်သန်သောမျိုးချစ်စိတ်ဓာတ်နှင့် နယ်ချဲ့ဟူသမျှ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး စိတ်ဓာတ်တို့ကို ဤပင်လုံစာချုပ်ကြီးက အထင်အရှားသက်သေပြခဲ့သည်။ ဤပင်လုံစာချုပ်ကြီးကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိခဲ့ပြီး လက်လွတ်ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို တစ်နှစ်အတွင်းမှာပင် ပြန်လည်ရယူနိုင်ခဲ့သည်။ နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော်ခန့် လွတ်လပ်ရေးဆုံးရှုံးကာ အချုပ်အခြာအာဏာမဲ့ခဲ့ရာမှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးပြန်လည်ရရှိပြီး ကမ္ဘာ့အလယ်၌ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ခံ့ညားထည်ဝါစွာရပ်တည်လာခဲ့ခြင်းသည် အဓိကအားဖြင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ ပုဒ်မ ၃၄၈ တွင် "နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုး သမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ခွဲခြားမှု မရှိစေရ"ဟူ၍ ဥပဒေဖြင့် အကာအကွယ် ပေးထားသည်။ ထို့အပြင်ပုဒ်မ ၃၄၇ တွင် "နိုင်ငံတော်သည် မည်သူကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရရှိပိုင်ခွင့်ပေးရမည်" ဟူ၍ ဖော်ပြထားသည်။

အထူးသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိခဲ့ခြင်းကြောင့် လွတ်လပ်ရေးရရှိခဲ့ကြောင်းကို နောင်လာနောက်သားများသိရှိစေရန် ပြည်ထောင်စုနေ့ကို နှစ်စဉ်ကျင်းပလျက်ရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အသက်တမျှတန်ဖိုး ထားရန် ရည်ရွယ်ခဲ့ခြင်းပင်ဖြစ်သည်။

ဒုတိယအကြိမ်လွှတ်တော်(၂)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်ဝင်း ထမင်းစားခန်းမကြီး၌ ကျင်းပခဲ့ရာ ယင်းအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် ဂုဏ်ပြုအမှာစကားပြောကြားရာ၌ "အဲဒီတော့ နောက်ရွေးကောက်ပွဲဆိုတာဟာ နောက်မျိုးဆက်တွေအတွက်၊ ကိုယ့်ရဲ့ကြိုးပမ်းမှုတွေအတွက် အထောက်အကူတစ်ခုပဲဖြစ်ရမယ်။ အဲဒီဟာပန်းတိုင်မဟုတ်ဘူး ပန်းတိုင်ကနောက်မျိုးဆက်တွေ၊ နောက်မျိုးဆက်တွေဟာ တည်ငြိမ်ပြီးတော့၊ အေးချမ်းပြီးတော့ ဖွံ့ဖြိုးတဲ့နိုင်ငံတစ်နိုင်ငံမှာ နေသွားဖို့ ကျွန်မတို့ နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုဆိုတော့ တည်တံ့ခိုင်မြဲသာယာဝပြောတဲ့၊ ဒီမိုကရေစီပြည်ထောင်စုကြီး အများကနေလက်ခံနိုင်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးတစ်ခု ထူထောင်သွားနိုင်ဖို့အတွက် အင်မတန်မှအချက်အချာကျတဲ့ အဆောက်အအုံကြီးတစ်ခုဖြစ်ပါတယ်"ဟူ၍ မိန့်ကြားခဲ့သည်။

ထို့ကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို အသက်တမျှတန်ဖိုးထား၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးထူထောင်ကြပါစို့ဟု (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

## ရွှင်ပြုံးဝေစီ ချစ်တေးသီ

* နှင်းမှုန်ဖွဲဖွဲ၊ ဝဲဝဲဝေ့ဝေ့ကြွေ
ရာသီဆောင်းချမ်း ၊ ဝေ့ယမ်းမြောက်ပြန်လေ
သဇင်ဝေဝေ ၊ ခွာညိုတွေလန်း
မြန်မာ့မြေပြင် ၊ အလှဆင်
ပြည်ခွင်သာယာ ငြိမ်းချမ်းပါဘိလေး။

* ပွင့်ပန်းပေါက်လဲ ၊ ရဲရဲရင့်ရင့်ဝေ
မြန်မာ့နှလုံးသား ၊ ထင်ရှားပြသက်သေ
နောင်ရင်းညီဆွေ ၊ မသွေမခြား
ပင်လုံစိတ်သည် ၊ အခြေတည်
တို့ပြည်ထောင်စုအားမာန်တည့်လေး။

* ကချင် ကယား ကရင် ချင်း ၊ ချစ်ခြင်းခိုင်ခိုင်ချည်
ဗမာ မွန် ရခိုင် ရှမ်း ၊ ချစ်ပန်း ပွင့်ဝေစည်
တို့တိုင်း တို့ပြည် ၊ မြတ်နိုးသည် အကြွင်းမဲ့
မျိုးချစ်စိတ်အမှန် ၊ အောင်ပွဲခံ
နိုင်ငံလွတ်လပ်ခဲ့သည်တည့်လေး။

* တွဲတဲ့လက်များ ၊ ဆုပ်ထားမြဲခိုင်ခိုင်
မေတ္တာသစ္စာနှင်း ၊ ချစ်ခြင်းမပျက်နိုင်
ယုံကြည်မှုမလျှိုင် ၊ ခိုင်မြဲစွာသက်သေပြု
ပြည့်အင်အားသည် ၊ ပြည်တွင်းတည်
ညီနောင်ကိုယ်စီ ရှုရမည်တည့်လေး။

* ပြည်ထောင်စုစိတ်ဓာတ် ၊ မြင့်မြင့်မြတ်မြတ်ခိုင်
ဘယ်သူတွေခွဲခွဲ ၊ မကွဲမပြိုနိုင်
တို့မြေတို့ပိုင် ၊ တို့နိုင်ငံတို့မြတ်နိုး
ဘိုးဘွားတို့အမွေ၊ ခိုင်မြဲစေ
တို့တစ်တွေ ဆတိုးချစ်ရမည်တည့်လေး။

* မြန်မာမြေစိမ်းလန်းလို့ ၊ ငြိမ်းချမ်းဖို့မျှော်ရည်
ပြည်ထောင်စုသား ၊ အားလုံးပေါ်မူတည်
နိုင်ငံသစ်ထူထောင်မည် ၊ ညီပစေစိဋ္ဌာန်မြဲ
ယခင်တုန်းအမြင်တွေ ၊ သင်ပုန်းချေ
ရွှင်ပြုံးတဝေဝေ ချစ်တေးဖွဲ့ကြပါစို့လေး။

* လွန်ခဲ့တဲ့ အဖြစ်မမေ့ ညီနောင်ထုဝလေ့ ရင်ထဲတွင်။
ခုနှစ်ဆယ့်တစ်နှစ်ပြည့် ပြည်ထောင်စုနေ့ဆင်နွှဲချင်။

မြင်းမူမောင်နိုင်မိုး

# မကွေးတိုင်းအရှေ့ခြမ်းမြို့များမှ ကျောင်းသား ကျောင်းသူများ အဆောင်နေသင်တန်းသားများအဖြစ် ပညာသင်ကြားရန် အခွင့်အလမ်းများရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း တစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ဆောင်ရွက်ခွင့်ပြုပေးသွားနိုင်မည်**

အစည်းအဝေးတွင် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၏ **ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးခြင်းနှင့် အခွန်အကောက်များ အမြောက်အမြားရရှိနိုင်ရန်အတွက် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့ရှိသည့် ရေပေါ်ကျွန်းများပေါ်တွင် နိုင်ငံခြားသားများသာ ဝင်ရောက်ကစားခွင့်ရှိသည့် Casino လုပ်ငန်းများကို တရားဝင် ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က နိုင်ငံခြားသားများသာ ဝင်ရောက်ကစားခွင့်ရှိသည့် Casino လုပ်ငန်းများကို ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့ရှိသည့် ရေပေါ်ကျွန်းများပေါ်တွင် တရားဝင်ခွင့်ပြုပေးနိုင်ရေးကိစ္စရပ်မှာ ဥပဒေအရ ဆောင်ရွက်ခွင့်ပြုပေးနိုင်ခြေ မရှိသေးသော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုရေးကိစ္စကို မကန့်ကွက်သည့်အတွက် လုပ်သာကိုင်သာရှိမည့် အခြေအနေကို တွေ့ရှိရပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောတူခွင့်ပြုချက်များ၊ အထူးသဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ လက်ရှိလောင်းကစားဥပဒေကို လိုအပ်သလို ပြင်ဆင်ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပြီးပါက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ လိုအပ်သောခွင့်ပြုမိန့်များ တောင်းခံပြီး ဆောင်ရွက်ခွင့်ပြုပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် ငါးဦး၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်းပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

**ဘဏ္ဍာငွေလျာထားပြီးဖြစ်**

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **မောက်မယ်မြို့နယ် ဟိုလွိုင်ကျေးရွာအုပ်စု ကုန်းမတ်လန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း-ကုန်းမတ်လန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စာသင်ကျောင်းဆောင်သစ် တစ်ဆောင် ခွင့်ပြုချပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း)မောက်မယ်မြို့နယ် ကုန်းမတ်လန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပေ (၆၀× ၃၀) တစ်ထပ်ဆောင်အသစ် ဆောက်လုပ်ရန် ဘဏ္ဍာငွေလျာထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

**ဦးစားပေးဆောင်ရွက်**

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **အောင်လံ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်စသော မြို့များရှိ ကျောင်းသား ကျောင်းသူများ တက်ရောက်ရန်အတွက် စက်မှုနည်းပညာ အထက်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၏ အရှေ့ဘက်ခြမ်းမြို့များဖြစ်ကြသော အောင်လံ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက် စသော မြို့များမှ ကျောင်းသား ကျောင်းသူများအနေဖြင့် အဆောင်နေသင်တန်းသားများအဖြစ် ပညာသင်ကြားရန် အခွင့်အလမ်းများ ရရှိနေပြီဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျောင်းသားအိပ်ဆောင်လုပ်ငန်းများ ဦးစားပေးဆောင်ရွက်နေချိန်ဖြစ်သည့်အတွက် အစိုးရနည်းပညာကျောင်းတစ်ကျောင်း အသစ်ထပ်မံဖွင့်လှစ်ပေးရန် လတ်တလော ဦးစားပေးဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

**တိုးချဲ့မည့် လုပ်ငန်းများဖြစ်**

ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၏ **မြန်မာနိုင်ငံ၌ အလုပ်လက်မဲ့ပြဿနာလျော့နည်းပြီး လုပ်ငန်းခွင်အသုံးဝင်မည့် အသက်မွေးဝမ်းကျောင်းပညာကို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် ထည့်သွင်းရေးဆွဲခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နည်းပညာနှင့် သက်မွေးပညာဖွံ့ဖြိုးရေးသည် အမျိုးသားမဟာဗျူဟာစီမံကိန်းတွင် ထည့်သွင်းရေးဆွဲပြီးဖြစ်သည့်အပြင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ နောင်တွင်လည်း တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းများဖြစ်ပါကြောင်း ဖြေကြားသည်။

လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ **လွိုင်လင်မြို့နယ် အ.လ.က(ခွဲ) မြို့မ မိုင်းပွန်အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီ အစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လွိုင်လင်မြို့နယ် မြို့မ(မိုင်းပွန်) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)သည် မြို့မ(မိုင်းပွန်) အခြေခံပညာအထက်တန်းကျောင်းနှင့် မိုင်ဝက်ခရီးသာ ကွာဝေးပါကြောင်း၊ မြို့မ(မိုင်းပွန်)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တွင်လည်း အလယ်တန်းပညာသင်ယူခွင့်ရရှိရန် အခွင့်အလမ်းများ ရရှိပြီးဖြစ်ပါသဖြင့် အလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် မရှိသေးပါကြောင်း ဖြေကြားသည်။

**ဆရာများ ဖြည့်ဆည်းပေးမည်**

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ **ခေါင်လန်ဖူးမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားလာစေရန်နှင့် ဒေသခံကျောင်းသူ ကျောင်းသားများ ကျောင်းခေါ်ကြိမ်အပြည့် သင်ကြားနိုင်ရန်အတွက် အရည်အချင်းရှိ ဆရာ ဆရာမများ ဖွဲ့စည်းပုံပြည့် စာသင်နှစ်အမီစေလွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ခေါင်လန်ဖူးမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်း ရှိပါကြောင်း၊ အဆိုပါကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အထက်တန်းဆင့် ကျောင်းသား ကျောင်းသူများအား အချိန်ပိုသင်ကြားခြင်း၊ ညစာကျက်ဝိုင်းများ ပြုလုပ်ခြင်းတို့ကို ကျောင်းအုပ်ကြီးများနှင့် အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ဆရာ ဆရာမများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနတွင် ဆရာ ဆရာမ လိုအပ်ချက် သုံးသောင်းကျော်ရှိပါကြောင်း၊ တစ်နှစ်လျှင် ခွင့်ပြုချက် ဆရာအင်အား တစ်သောင်းကျော်ဖြင့် သုံးနှစ်ဆက်တိုက် ဖြည့်ဆည်းဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ ဖြည့်ဆည်းရရှိမည့် ဆရာအင်အားအတိုင်း ခေါင်လန်ဖူးမြို့နယ်အတွက် ပြည့်စုံလောက်သော ဆရာများ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**လွှတ်တော်၏ အဆုံးအဖြတ်ရယူ**

ထို့ပြင် ယနေ့အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက တင်သွင်းသော **"သစ်တောဥပဒေကြမ်း"** နှင့်စပ်လျဉ်းပြီး တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကိုလည်း ဆောင်ရွက်ကြသည်။

**ကျော်သူထက်၊ မွေးကြူဇင်**

> **"နိုင်ငံခြားသားများသာ ဝင်ရောက်ကစားခွင့်ရှိသည့် Casino လုပ်ငန်းများကို ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့ရှိသည့် ရေပေါ်ကျွန်းများပေါ်တွင် တရားဝင် ခွင့်ပြုပေးနိုင်ရေးကိစ္စရပ်မှာ ဥပဒေအရ ဆောင်ရွက် ခွင့်ပြုပေးနိုင်ခြေ မရှိသေးသော်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ခွင့်ပြုရေးကိစ္စကို မကန့်ကွက်သည့်အတွက် လုပ်သာကိုင်သာရှိမည့် အခြေအနေကို တွေ့ရှိရ"**



# ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကြမ်းနှင့် ပတ်သက်၍ အကြံပြုစာများ ဖိတ်ခေါ်ခြင်း

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ဖြစ်သော ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကြမ်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရန်ကုန်မြို့တော်ဝန်မှ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခဲ့သည်။ အဆိုပါဥပဒေကြမ်းတွင် အခန်း (၃၂) ခန်းနှင့် နောက်ဆက်တွဲဇယားပြစ်မှုနှင့်ပြစ်ဒဏ်များပါဝင်ပြီး အပိုဒ်အားဖြင့် (၃၉၈)ပိုဒ်၊ စာမျက်နှာအားဖြင့် (၁၄၈) မျက်နှာပါရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကြမ်း အပြည့်အစုံအား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော www.facebook.com/ygnhluttaw တွင် Download ဆွဲ၍ ရယူနိုင်ပြီး အကြံပြုဆွေးနွေးလိုသည်များရှိပါက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးသို့ လိပ်မူ၍ သော်လည်းကောင်း၊ yangonregionhluttaw@gmail.com သို့ လည်းကောင်း ပေးပို့အကြံပြုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး**

# လှိုင်းအနည်းငယ်မှ အတင့်အသင့်ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အတင့်အသင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကုသရေးဦးစီးဌာနအနေဖြင့် စက်ပစ္စည်းကိရိယာများ ဝယ်ယူရန်အတွက် ငွေကျပ် ၄၃ ဒသမ ၈ ဘီလီယံလျာထား

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသား လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု အစီရင်ခံစာဖတ်ကြားခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ဥပဒေကြမ်းအဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

**ပြည်နယ်များကို ဦးစားပေး**

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေး၏ **မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးအဖွဲ့ဌာနခွဲ တည်ဆောက်ပေးရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန်အတွက် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံတင်ပြထားပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အမျိုးသားကျန်းမာရေးစီမံကိန်းနှင့် ညှိနှိုင်း၍ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြမည်ဖြစ်ကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ သဘောထားမှတ်ချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြ၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ဆောက်လုပ်ပေးမည်ဟု ပြောသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဦးစားပေးလုပ်သည့်အခါတွင် ၂၀၁၈-၂၀၁၉ ၌ ဆောင်ရွက်မပေးနိုင်လျှင် ၂၀၁၉-၂၀၂၀ တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**၁၀ ရာခိုင်နှုန်းသာ အမြတ်ယူ**

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းက **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အရိုး၊ အကြောခွဲစိတ်ရာတွင် အသုံးပြုသော ခွဲခန်းပစ္စည်းကိရိယာ ပြည့်စုံအောင် ဖြည့်ဆည်းပေးရန်နှင့် အရိုးကျိုးလူနာများတွင် ထည့်သွင်းအသုံးပြုသော စတီးချောင်းများကို ဈေးနှုန်းမျှတစွာဖြင့် တစ်ပြည်လုံးရှိသူ လူနာများ ရရှိခံစားနိုင်အောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆေးဆိုင်များတွင် အရည်အသွေး ကောင်းမွန်သည့် ဆေးများသာ ရောင်းချစေပြီး ၁၀ ရာခိုင်နှုန်းသာ အမြတ်ယူပါကြောင်း၊ ကုသရေးဦးစီးဌာနအနေဖြင့် စက်ပစ္စည်းကိရိယာများ ဝယ်ယူရန်အတွက် ငွေကျပ် ၄၃ ဒသမ ၈ ဘီလီယံကို လျာထားပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် စတီးချောင်းပေါင်း ၂၀၀၀ ဝယ်ယူထားပါကြောင်း၊ စတီးချောင်း တစ်ချောင်းလျှင် ငွေကျပ် ၁၃၀၀၀၀ နှင့် ၁၆၀၀၀၀ ကြား ရောင်းပါကြောင်း၊ စတီးချောင်းများကို တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ဝယ်ယူပါကြောင်း၊ အမေရိကန်နိုင်ငံမှ စတီးချောင်းများသုံးလျှင် ငွေကျပ် ၅၀၀၀၀၀ ကျော် ကုန်ကျသောကြောင့် မသုံးပါကြောင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ စတီးချောင်းများသည်လည်း အရည်အသွေး ကောင်းမွန်ပါကြောင်း၊ အခြားနိုင်ငံများမှလည်း အကူအညီများ လာရောက်ပေးပါကြောင်း၊ ဥပမာ တစ်ခုအနေဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်က SIGN(Surgical Implant Generation Network)က AMFA နှင့် ပူးပေါင်း၍ ပြည်သူ့ဆေးရုံကိုးရုံနှင့် တပ်မတော်ဆေးရုံနှစ်ရုံတို့တွင် ခွဲစိတ်ပေးသည့်အပြင် စတီးချောင်းပေါင်း ၉၁၂ ချောင်းကို လှူဒါန်းပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ပြည့်ဖြိုး၏ **ရွှေလောင်းတိုက်နယ်ဆေးရုံတွင် ဆေးရုံအင်္ဂါရပ်နှင့် မညီသည့်အတွက် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်း**နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ချက်၊ သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီဝင် ဒေါ်နန်းနီနီအေးက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၊ World Wildlife Fund Myanmar မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် ဖတ်ကြားတင်ပြသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အပိုဒ်၊ အပိုဒ်ခွဲအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

**လွှတ်တော်က သဘောတူ**

ယင်းနောက် **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ခုနှစ်)**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်၊ သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီဝင် ဒေါ်ကြင်ဝိုက်မန်က ဖတ်ကြားရှင်းလင်းပြီး အပိုဒ်၊ အပိုဒ်ခွဲအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုတင်သွင်းသည်။

ထို့နောက် ယင်းအဆိုကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်က ထောက်ခံပြီး ပြင်ဆင်ချက်အတည်ဖြစ်ရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူကြောင်း ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၁၇ ရက် မြောက်နေ့ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# မြန်မာ - ထိုင်း နှစ်နိုင်ငံအလုပ်သမားရေးရာ ကျွမ်းကျင်သူများအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော်ရှိ Grand Amara Hotel တွင် ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၁ ရက်နေ့များ၌ မြန်မာ- ထိုင်းနှစ်နိုင်ငံ အလုပ်သမားရေးရာကျွမ်းကျင်သူများ အစည်းအဝေးကို နှစ်နိုင်ငံ ညွှန်ကြားရေးမှူးချုပ်များ ဦးဆောင်၍ ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးညှိနှိုင်းမှုများတွင် ထိုင်းနိုင်ငံဘက်မှ နိုင်ငံခြားသား အလုပ်သမားခေါ်ယူခန့်အပ်ခြင်းဆိုင်ရာ လက်ရှိဆောင်ရွက်မည့်မူဝါဒများ၊ နိုင်ငံသားစိစစ်ရေးနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ထုတ်ပေးခြင်း၊ ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားများတရားဝင်စေလွှတ်သည့် MoU လုပ်ငန်းစဉ်များ၊ ထိုင်းနိုင်ငံ ရေလုပ်ငန်းများတွင် လုပ်ကိုင်နေသော မြန်မာအလုပ်သမားရေးရာ ကိစ္စရပ်များ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သိရှိရသည်။


မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI) ထုတ်ပေးနေသည့် စစ်ဆေးဂိတ်တစ်ခု။ ဓာတ်ပုံ-မေဦးမိုး

"မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ဟာ နယ်နိမိတ်ချင်း ထိဆက်နေတဲ့အတွက် နယ်စပ်တစ်လျှောက် သွားရောက်ဖို့ လွယ်ကူတာကြောင့် မြန်မာရွှေ့ပြောင်းအလုပ်သမားအများစုက ထိုင်းနိုင်ငံကို သွားရောက် အလုပ်လုပ်ကိုင်နေကြပါတယ်၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေ အလုပ်ခန့်ထားခြင်းနဲ့ ကာကွယ်စောင့်ရှောက်ပေးရေးလုပ်ငန်းတွေအတွက် အခုလို ညှိနှိုင်းဆွေးနွေးရခြင်းဖြစ်ပါတယ်"ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ပြောကြားသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာကို ၂၀၀၃ ခုနှစ်တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ဗန်ကောက်မြို့၌ သက်တမ်းတိုးခဲ့ပြီး ဖြစ်သည်။ အဆိုပါ နားလည်မှုစာချွန်လွှာအရ ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားအသစ်များကို ၂၀၁၀ ဇွန်တွင် စတင်စေလွှတ်ခဲ့ပြီး လုံခြုံစိတ်ချရသော လုပ်ငန်းစဉ်ဖြစ်စေရန် ၂၀၁၂ ခုနှစ်မှစ၍ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရရှိပြီးသူများကို ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင် (ထိုင်း) သီးသန့်ထုတ်ပေးဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ဒီဇင်ဘာမှစ၍ ထိုင်းနိုင်ငံ အလုပ်အကိုင်ဌာနမှ အာမခံကြေးဘတ် ငါးသန်းပေးသွင်းသော အေဂျင်စီ ၁၂၂ ခုနှင့် မြန်မာနိုင်ငံရှိ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ (ထိုင်း)အေဂျင်စီ ၉၉ ခုတို့ဖြင့် ချိတ်ဆက်ဆောင်ရွက်ကာ မြန်မာအလုပ်သမားများအား တရားဝင်စေလွှတ်လျက်ရှိကြောင်း သိရသည်။

သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ရရှိရေးနှင့် ကာကွယ်စောင့်ရှောက်မှုများ၊ အလုပ်သမားရေးရာ ကိစ္စများ ကူညီဆောင်ရွက်ပေးရန် မြန်မာအလုပ်သမားအများဆုံး အလုပ်သွားရောက်လုပ်ကိုင်ရာ ထိုင်းနိုင်ငံတွင် အလုပ်သမားသံအရာရှိ တစ်ဦးကို ၂၀၁၁ ခုနှစ်မှစတင်၍ တာဝန်ပေးအပ်ခဲ့ပြီး ယခုအခါ အလုပ်သမားသံအရာရှိ ငါးဦးနှင့် စကားပြန်တစ်ဦးတို့ဖြင့် အချိန်နှင့်တစ်ပြေးညီ အလုပ်သမားရေးရာကိစ္စများကို ဆောင်ရွက်ညှိနှိုင်းပေးလျက်ရှိကြောင်း ဦးဝင်းရှိန်က ပြောကြားသည်။

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ၂၀၀၉ ခုနှစ် စက်တင်ဘာမှ စတင်၍ နယ်စပ်မြို့များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့တို့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းကာ အထောက်အထားများကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အထောက်အထားများထုတ်ပေးရာတွင် ချောမွေ့လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကာ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလတွင် ရနောင်းစခန်းအား ထပ်မံဖွင့်လှစ်ခဲ့ပြီး ၂၀၁၂ ခုနှစ် မတ်လမှ စတင်ကာ ထိုင်းနိုင်ငံအတွင်းရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ အများ ဆုံး အလုပ်လုပ်ကိုင်လျက်ရှိသော ဗန်ကောက်၊ စမုစခွန်(မဟာချိုင်)၊ စမုပရာကန်၊ စူရတ်ဌာနီ၊ ချင်းမိုင်နှင့် ရနောင်းမြို့များတွင်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်မှစ၍ ပထုန်ဌာနီ၊ ကန်ချနဘူရီ၊ ချင်းရိုင်၊ တပ်ခ်၊ လရောင်၊ ခွန်ခမ်းနှင့် ဆောင်ခလာမြို့များတွင်လည်းကောင်း အထောက်အထားများ ထုတ်ပေးနိုင်ရေးအတွက် စခန်းများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ၂၀၀၉ ဇူလိုင်လမှ ၂၀၁၃ ဩဂုတ်လအထိ မြန်မာအလုပ်သမား ၁၆၈၀၅၅၆ ဦးအား ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်တွင် မယ်ဆိုင်၊ မဲဆောက်နှင့် ရနောင်းမြို့များ၌ ဖွင့်လှစ်ထားသော One Stop Service Center များမှ ယာယီနိုင်ငံကူးလက်မှတ်ဖြင့် အလုပ်သမားသက်သေခံကတ်လာရောက်လျှောက်ထားသော အလုပ်သမားများအား ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးပေးလျက်ရှိရာ ၂၀၁၄ မတ်လမှ ၂၀၁၆ ဇွန်လအထိ အလုပ်သမား ၅၇၅၅၄၄ ဦးအား ဆောင်ရွက်ပေးခဲ့သည်။

ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအနက် နိုင်ငံသား အထောက်အထား တင်ပြနိုင်သည့် အလုပ်သမားများအတွက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံး၌ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ်ကို ၂၀၁၄ ခုနှစ် မတ်လတွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် နှစ်ကုန်အထိ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၆၆၁၅၉ ဦးကို ဆောင်ရွက်ပေးခဲ့ပြီဖြစ်ကြောင်း ဦးဝင်းရှိန်က ပြောသည်။

နိုင်ငံသားအထောက်အထား တင်ပြနိုင်ခြင်းမရှိသော မြန်မာအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ထုတ်ပေးခြင်းကိုစမုစခွန် (မဟာချိုင်)၁ နှင့် ၂၊ စမုပရာကန်၊ မယ်ဆိုင်၊ မဲဆောက်၊ ရနောင်း၊ ချင်းမိုင်၊ နခွန်စဝမ်နှင့် ဆောင်ခလာမြို့တို့တွင် စခန်းများ ဖွင့်လှစ်ပြီး ၃-၂၀၁၇ ခုနှစ် မတ်လမှ စတင်၍လည်းကောင်း၊ မြန်မာအလုပ်သမားအများအပြားရှိသော ပထုန်ဌာနီနှင့် နွမ်ထဘူရီမြို့တို့တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစတင်၍ Mobile Team ဖြင့် လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာအလုပ်သမား ၉၂၂၅၇၇ ဦး ဆောင်ရွက်ပေးခဲ့ပြီ ဖြစ်ကြောင်း ဝန်ကြီးဌာနမှ သိရှိရသည်။

နားလည်မှုစာချွန်လွှာအရမြန်မာ - ထိုင်းနှစ်နိုင်ငံအလုပ်သမားရေးရာ ကျွမ်းကျင်သူများအစည်းအဝေးနှင့် ပြည်ထောင်စုဝန်ကြီးအဆင့် အစည်းအဝေးများကို ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် အလှည့်ကျကျင်းပခဲ့ရာ ၂၀၁၇ ခုနှစ်တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့နှင့် လေးကြိမ်ကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဦးဆောင်သောအဖွဲ့နှင့် တစ်ကြိမ်ကျင်းပကာ အလုပ်သမားရေးရာကိစ္စများကို နှစ်နိုင်ငံတာဝန်ရှိသူများ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**ခင်ရတနာ**

# ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ပြဋ္ဌာန်း

**၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ**
**အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅ )**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင် စေရမည်။

၂။ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေ THE DOCK WORKERS (REGULATION OF EMPLOYMENT) ACT. [ BURMA ACT III, 1948. ] ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**




# နိုင်ငံတစ်ဝန်းမှ လူဦးရေ ၈၀၀၀၀ ကျော်ကို သွားနှင့်ခံတွင်းကျန်းမာရေး အခမဲ့စမ်းသပ်စစ်ဆေးပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာတစ်နိုင်ငံလုံးတွင် ပြုလုပ်မည့် (၆) ကြိမ်မြောက် သွားနှင့်ခံတွင်း တစ်လတာ အခမဲ့ စစ်ဆေးပေးခြင်း အစီအစဉ် စတင်မိတ်ဆက်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ Junction City တွင် ကျင်းပသည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန် အသင်းနှင့် Colgate - Palmolive တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ တစ်လတာအတွင်း ပြုလုပ်မည့် အဆိုပါအစီအစဉ်သည် မြန်မာနိုင်ငံနေရာ အနှံ့သို့ ရောက်ရှိပြီး မိသားစုများကို သွားနှင့် ခံတွင်းကျန်းမာရေးစစ်ဆေးပေးနိုင်မည်ဟု မျှော်မှန်းထားသည်။ အစီအစဉ်အရ မြန်မာပြည်သူများ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးအသိပညာ အကျိုးကျေးဇူး များ ရရှိစေရန်ရည်ရွယ်ပြီး လူဦးရေ ၈၀၀၀၀ ကျော်အား စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးသွားမည် ဖြစ်သည်။ Junction City ဈေးဝယ်စင်တာတွင် လာရောက် လည်ပတ်သူများအား သွားနှင့်ခံတွင်းကျန်းမာရေး အခမဲ့ စစ်ဆေးစမ်းသပ်ပေးပြီး သွားကျန်းမာရေးနှင့်ပတ်သက်သော အသိပညာများ ရှင်းလင်းပြောကြားခြင်းကိုလည်း သွားနှင့်ခံတွင်းဆရာဝန်များက ဆောင်ရွက်ပေးနေသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပြုလုပ်သည့် သွားနှင့်ခံတွင်း ကျန်းမာရေးလ အစီအစဉ်တွင် ကလေးငယ်များအပါအဝင် ပြည်သူများအား သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာများကို ယခုထက် ပိုမိုကျယ်ပြန့်စွာ သိရှိစေရန် မြန်မာနိုင်ငံတစ်ဝန်းရှိ သွားနှင့်ခံတွင်း ဆေးရုံဆေးခန်းပေါင်း ၅၂၁ ခုနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်သည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန် အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးသိန်းကြူက မြန်မာနိုင်ငံအတွင်း သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးခြင်း တစ်လတာ အစီအစဉ်ကို Colgate နှင့် အတူလက်တွဲ၍ ခြောက်နှစ်ကြာ ဆောင်ရွက်နိုင်သည်ကို ကျေနပ်ကြောင်း၊ သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေးမှု စောင့်ရှောက်မှုများကို Colgate နှင့်အတူ ဆက်လက်လက်တွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အောင်သူရ**

## သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သာစည်ကျေးရွာအုပ်စု သာစည်ကျေးရွာစာသင်ကျောင်း၌ ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲပိုင်းက ရွှေတွင်းကုန်းမြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး အောင်ကျော်ဦးနှင့် အဖွဲ့က နယ်မြေအတွင်း သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်စေရေး၊ မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ရာ သာစည်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခွန်းဆက်နေ**

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ **"တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်များ"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ နေရာဒေသများ၊ ရိုးရာပွဲတော်များ၊ စာပေဂီတ ရိုးရာအသုံးအဆောင်များနှင့် ဝတ်စားဆင်ယင်မှုများ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံဖြစ်ရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ×၁၄ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။ ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသောဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသောဓာတ်ပုံများ မဖြစ်ရပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား ၁၀ လက်မ×၁၄ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy(CD) ကို ပူးတွဲပေးပို့ရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်၍ တစ်ပါးတည်းပူးတွဲတင်ပြပြီး ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။ ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်း စာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်ဟူ၍ ဖြစ်သည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ် နှစ်သိန်းနှင့် အထူးဆုငွေကျပ် တစ်သိန်းစီ စုစုပေါင်း ဆုရှစ်ဆု ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၈ ခုနှစ် မတ် ၁၀ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၇ နာရီအချိန်တွင် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် ၆ နာရီ အချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တလမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း။

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း။

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိ လည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှ လာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်။

(ဃ) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၏ ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်နှင့် ဘဏ်လမ်းပေါ်တို့တွင် လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# တိုင်းရင်းသားပေါင်းစုံ စွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်

**လဲချား ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ် နောင်ပန်ကျေးရွာ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၇ ရက်က ILO နှင့် လဲချားမြို့နယ် လူငယ်ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေးအသင်း (CBY) တို့ ပူးပေါင်း၍ တိုင်းရင်းသားလူမျိုးပေါင်းစုံ စွမ်းရည်မြှင့်သင်တန်း (ဒုတိယပတ်)ကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းကျောင်းတွင် တိုင်းရင်းသားလူမျိုး၊ ဘာသာ၊ ပညာအရည်အချင်း မရွေး နှစ်စဉ် ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ စက်ချုပ်သင်တန်း၊ စက်ပြင်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အမျိုးသမီးအိမ်တွင်းမှု(စက်ချုပ်)သင်တန်းနှင့် စက်ပြင်သင်တန်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ ပထမပတ်သင်တန်းပြီး၍ ယခုနှစ် ဖေဖော်ဝါရီလမှ မတ်လအထိ တစ်လတာ ဒုတိယပတ်သင်တန်းဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်းကို အခြေခံမှစ၍ ဘာသာရပ်ပြီးဆုံးသည်အထိ တစ်နှစ်ပတ်လုံးနေ့စဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာ သင်တန်းများကို မြို့နယ်အတွင်းမှ လူငယ်များသာမက လားရှိုး၊ သီပေါ၊ မိုင်းနောင်၊ ကျေးသီး အစရှိသည့် မြို့နယ်အသီးသီးရှိ လူမျိုးပေါင်းစုံမှ သင်တန်းကျောင်းတွင် နေထိုင်လျက် မိမိတို့ဆိုင်ရာ ဘာသာရပ်များကို လာရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ လူမျိုးဘာသာမရွေး တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှုရရှိစေရန်၊ တိုင်းရင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ကင်းဝေးစေရန်၊ အမြို့မြို့အနယ်နယ်မှ လာရောက်သင်ကြားမှုကြောင့် မြို့ရွာဒေသတစ်ခုချင်းစီမှ လူမှုဆက်သွယ်ရေးကောင်းမွန်၍ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန်၊ တိုင်းတစ်ပါးနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းမရှိဘဲ သက်ဆိုင်ရာနေရာဒေသများတွင် ထိုပညာများဖြင့် မိမိတို့ဝမ်းစာအတွက် လုပ်ကိုင်စားသောက်နိုင်စေရန်၊ ယင်းအတတ်ပညာများဖြင့် ပြည်ထောင်စုနိုင်ငံအတွင်း မိမိလူမျိုး၊ မိမိဒေသအား ပြန်လည်ပံ့ပိုးပေးနိုင်စေရန်အတွက် ရည်ရွယ်လျက် ယင်းသင်တန်းကျောင်းအား တည်ဆောက်၍ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးရခြင်းဖြစ်ကြောင်း အဆိုပါသင်တန်းကျောင်းမှ ပရဟိတကျောင်းအုပ်ဆရာ စိုင်းထွန်းယီက ရှင်းလင်းပြောကြားသည်။ သင်တန်းကျောင်းတွင် သက်ဆိုင်ရာဘာသာရပ်များကို နေ့စဉ်သင်ကြားပို့ချပေးလျက်ရှိပြီး သင်တန်းသား ၃၆ ဦး သင်တန်းသူ ၃၂ ဦး စုစုပေါင်း ၆၈ ဦးမှ မိမိတို့၏ ဘာသာရပ်များကို စိတ်ပါဝင်စားစွာဖြင့် သင်ကြားလျက်ရှိကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# ရခိုင်-တနင်္သာရီကမ်းရိုးတန်း ဒီရေတောပြန်လည်ထူထောင်ရေးနှင့် ထိန်းသိမ်းရေးသဘောတူစာချုပ်လက်မှတ်ရေးထိုး



**နေပြည်တော် ဖေဖော်ဝါရီ ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးတို့သည် ၂၀၁၈ ခုနှစ် ၂၀၂၃ ခုနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပင်လယ်ကမ်းရိုးတန်းဒေသနေ ပြည်သူလူထုက ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေ ရပ်တည်နေထိုင်နိုင်ရန်အတွက် ဒီရေရောက်သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း အမည်ရှိ စီမံကိန်းဆိုင်ရာ သဘောတူညီချက်လက်မှတ်ရေးထိုးပွဲတစ်ရပ်ကို ယနေ့နံနက် ၉ နာရီခွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E. Peter Lysholt Hensen တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ စီမံကိန်းလုပ်ငန်းများကို ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများရှိ ဒီရေတောများ ပြန်လည်ထူထောင်ရန်၊ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများ တိုးတက်လာစေရန်နှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဒေသခံပြည်သူလူထုက ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုစီမံကိန်းသည် ဒိန်းမတ်-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (၂၀၁၆-၂၀၂၀) တွင် ပါဝင်သည့် စီမံကိန်းတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဒီရေတောပေါက်ရောက်မှုဖြင့် ကမ္ဘာ့ဒီရေတောရေကျင်ယာ အများဆုံး ပေါက်ရောက်သည့် နိုင်ငံများတွင် ၁ ဒသမ ၂ သန်း(ဧက) ခန့်ဖြင့်သတ္တမမြောက် ဒီရေတော ဧရိယာအများဆုံးတည်ရှိသည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ ဒီရေတောများသည် မြေအသုံးချမှုပြောင်းလဲခြင်း၊ မြို့ပြနှင့်လူနေအိမ်ခြေများ ချဲ့ထွင်ခြင်းနှင့် ထင်းမီးသွေးအတွက် အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းတို့ကြောင့် ပျက်စီးယိုယွင်းလာလျက်ရှိသည်။ ဒီရေတောများ ပျက်စီးဆုံးရှုံးမှုနှင့်အတူ ဒီရေတောများမှ ရရှိသည့်ဝန်ဆောင်မှုနှင့် ထုတ်ကုန်ပစ္စည်းများလည်း လျော့နည်းဆုံးရှုံးမှုကြောင့် ကမ်းရိုးတန်းဒေသများတွင် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကိုလည်း ရင်ဆိုင်လာရသည်။

သစ်တောဦးစီးဌာနသည် ဒီရေတောများ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်ထူထောင်ရေး ၁၀ နှစ်စီမံကိန်း (၂၀၁၇/၁၈ မှ ၂၀၂၆/၂၇) ကို ဆောင်ရွက်လျက်ရှိရာ ဒီရေတောများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများလည်း အပါအဝင်ဖြစ်သည်။

သို့ဖြစ်၍ ဒိန်းမတ်နိုင်ငံ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့်ဆောင်ရွက်မည့် ယခုစီမံကိန်းသည် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်းကို များစွာအထောက်အကူပေးနိုင်မည်ဖြစ်သည်။

စီမံကိန်းလုပ်ငန်းများတွင် ဒီရေတောများ ပြန်လည်စိုက်ပျိုးပြုစုခြင်း၊ ဒီရေတော ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများဖွဲ့စည်းခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ တည်ထောင်ခြင်း၊ ထင်းအသုံးနည်းစေမည့် စွမ်းအားမြင့်မီးဖိုများ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် ဒီရေတောဂေဟစနစ်ကို ထိခိုက်မှုမရှိသည့် လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများ တည်ထောင်ခြင်းစသည်တို့ကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ကျောက်တော်မြို့နယ်၌ ရေမီတာစနစ် အိမ်တိုင်ရာရောက် ရေပေးဝေရေးလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး



**ကျောက်တော် ဖေဖော်ဝါရီ ၉**

မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ရေပေးရေးလုပ်ငန်းတွင် ပြည်သူများထံမှ ထည့်ဝင်ငွေကျပ် ၂၉ ဒသမ ၅၅၉ သန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထည့်ဝင်ငွေကျပ်သန်း ၁၄၁ ဒသမ ၃၀ နှင့် ယူနီဆက်မှ ထည့်ဝင်ငွေ ၁၂၄ ဒသမ ၇၅၁ သန်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်သည့် ဇီးချောင်းရေလှောင်တမံမှ သရက်တပင်ကျေးရွာသို့ ရေပိုက်လိုင်းသွယ်တန်းပြီး ရေမီတာစနစ်ဖြင့် အိမ်တိုင်ရာရောက် ရေပေးရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေပိုက်လိုင်းသွယ်တန်းပြီး ရေမီတာစနစ်ဖြင့် အိမ်တိုင်ရာရောက် ရေပေးရေးစနစ်ဖြင့် ဆောင်ရွက်ရာ၌ Filtration Tank တည်ဆောက်ခြင်းလုပ်ငန်း၊ ရေဂါလန် ၅၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ Pump House တည်ဆောက်ခြင်းနှင့် Pump တပ်ဆင်ခြင်း၊ ရေဂါလန် ၇၂၀၀ ဆံ့ Mild Steel Over Head Tank တည်ဆောက်ခြင်း၊ 50 KVA ထရန်စဖော်မာတပ်ဆင်ခြင်း၊ Chain Link ခြံစည်းရိုးကာရံခြင်းနှင့် ရေဝေကန်တည်ဆောက်ခြင်းလုပ်ငန်းများသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၆ ရက်က လုပ်ငန်းဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျေးရွာကော်မတီဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းပြီးစီးပါက အိမ်ခြေ ၆၄၀၊ လူဦးရေ ၃၆၀၂ ဦး၊ ဘုန်းကြီးကျောင်းလေးကျောင်း၊ အထကကျောင်းတစ်ကျောင်း၊ မူလွန်ကျောင်းတစ်ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုနှင့် ပြည်သူများစွာ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ နိုင်ငံတွင်းငြိမ်းချမ်းရေး သံတမန်ညှိနှိုင်းရေးမှူးသင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ နိုင်ငံတွင်းငြိမ်းချမ်းရေး သံတမန်ညှိနှိုင်းရေးမှူးသင်တန်း "Myanmar MoP Local Coordinators Training"၏ လက်တွေ့ကွင်းဆင်းလုပ်ရှားမှု ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့တက္ကသိုလ်များ စိန်ရတုခန်းမတွင် ကျင်းပသည်။

ယင်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ကင်းထောက်ချုပ် (Chief Commissioner) ဒေါက်တာတင်ညို က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အာရှနှင့် ပစိဖိတ်ဒေသ ကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr. Paul Parkinson၊ ကော်မတီဝင် ထိုင်းနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ Dr. Somboon Bunyasiri တို့က အမှာစကားပြောကြားကာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ နိုင်ငံတွင်းငြိမ်းချမ်းရေးသံတမန်ညှိနှိုင်းရေးမှူး ကိုစကျော်ညီညီဇင်က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက္ကသိုလ်အသီးသီးမှ တက်ရောက်လာကြသည့် ကင်းထောက်မောင်မယ်များ၊ ကျောင်းသူ ကျောင်းသားများအား အဖွဲ့သုံးဖွဲ့ခွဲကာ အာရှနှင့် ပစိဖိတ်ကင်းထောက်အဖွဲ့မှ တာဝန်ရှိသူများနှင့် သင်တန်းသားများ ပူးပေါင်းကာ ငြိမ်းချမ်းရေးလုပ်ငန်း လှုပ်ရှားမှုအစီအစဉ်များကို လက်တွေ့လေ့ကျင့်သင်ကြားဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် ကော်မတီဝင်များ၊ ကင်းထောက်ကြီးများနှင့် အာရှနှင့် ပစိဖိတ်ဒေသ ကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr. Paul Parkinson၊ ကော်မတီဝင်များက ဂုဏ်ပြုအမှတ်တရပစ္စည်း အပြန်အလှန်ပေးအပ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# ကွမ်းခြံကုန်း-ဒေးဒရဲကားလမ်း ငွေကျပ် ၄ ဘီလီယံ အကုန်အကျခံ၍ အဆင့်မြှင့်တင်ဆောင်ရွက်နေ



**ကော့မှူး ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းကျေးရွာမှ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲသို့ သွားသည့် ကားလမ်းပိုင်းသည် ရှစ်မိုင်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ BOT ယူထားသော ZAY KABAR ကုမ္ပဏီလီမိတက်က ကားလမ်းအား ၁၈ ပေ အကျယ်ချဲ့ခြင်း၊ လမ်းပေါ်ရှိ တံတားများအား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ယခု ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ ငွေကျပ် ၄ ဘီလီယံသုံးစွဲ အကုန်အကျခံ၍ ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကွမ်းခြံကုန်း-ဒေးဒရဲ ကားလမ်းနှင့် တစ်ဆက်တည်းဖြစ်သော လှိုင်သာယာ-ဒလ-ကော့မှူး-ကွမ်းခြံကုန်း- ဒေးဒရဲ ကားလမ်းသည် မိုင်အားဖြင့် ၅၄ မိုင် ၇ ဖာလုံရှိပြီး ZAY KABAR ကုမ္ပဏီလီမိတက်က ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ယခုလမ်းဦးစီးဌာန) မှ BOT စနစ်ဖြင့် ဆောင်ရွက်လိုကြောင်း တင်ပြလျှောက်ထားသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၂၀၁၁ ခုနှစ် စက်တင်ဘာ ၈ ရက်မှစ၍ ယာယီကြိုတင်ဆောင်ရွက်ခွင့်ပြုခဲ့ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် BOT စနစ်ဖြင့် လုပ်ဆောင်ခွင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းအား BOT ကုမ္ပဏီသည် စာချုပ်ပါ စည်းကမ်းအရ ၁၈ ပေ လမ်းအဖြစ် ဆောင်ရွက်ရမည်ဖြစ်သော်လည်း ၂၀၁၂ ခုနှစ် ပြည်ပကားတင်သွင်းမှု မူဝါဒအရ လှိုင်သာယာမှ ကွမ်းခြံကုန်းအထိ ၂၇ မိုင် ၆ ဖာလုံအား ၂၄ ပေ ချဲ့ခြင်း၊ ကတ္တရာခင်းခြင်း၊ တွံတေး-ဒလလမ်းပိုင်း ၁၃ မိုင် ၆ ဖာလုံအား ၁၂ ပေအကျယ်မှ ၂၄ ပေချဲ့ခြင်း၊ ကတ္တရာခင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှုအရ တွံတေး-ကော့မှူးအပိုင်း ၁၈ မိုင် ၅ ဖာလုံအား နိုင်လွန်ကတ္တရာ AC ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ခဲ့သော ဘဏ္ဍာရေးနှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ငွေကျပ် ၇၉၈ ဒသမ ၄၇ သန်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၀၂၁ ဒသမ ၉၇ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၂၇၁ ဒသမ ၄၃ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၅၃၀ ဒသမ ၁၉ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၄၃၈ ဒသမ ၂၂ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၆၃၂ ဒသမ ၃၄ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၆၂၇ ဒသမ ၉၀ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၀၈ ဒသမ ၀၀ သန်း စုစုပေါင်း ငွေကျပ် ၁၅၅၂၈ ဒသမ ၅၂သန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်ထားကြောင်း သိရသည်။ **ခရမ်းစိုးမြင့်**

# ပေါင်းလောင်းဆည်ရေသောက် သမားရိုးကျ လယ်ကွက်ငယ်များ အဆင့်မြှင့်တင်ဖော်ထုတ်



**နေပြည်တော် ဖေဖော်ဝါရီ ၉**

လယ်ယာမြေများ အဆင့်မြှင့်တင် ဖော်ထုတ်ပေးခြင်း၊ မျိုးကောင်း မျိုးသန့်နှင့် စိုက်ပျိုးစရိတ်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို ဆက်စပ်ဌာနများ၊ တောင်သူများ၊ ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများဖြင့် ပူးပေါင်းကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီက ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် တာဝန်ရှိသူများသည် နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စုနှင့် အလယ်ကျွန်းကျေးရွာအုပ်စုများရှိ သမားရိုးကျ လယ်ကွက်ငယ်များအား အဆင့်မြှင့်စက်မှုလယ်ယာစနစ် ကေကွက်များအဖြစ်သို့ အဆင့်မြှင့်တင်ဖော်ထုတ်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးသည်။ (ဓါတ်ပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းရှင်းလင်းဆောင်၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ တောင်သူများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လိုအပ်ချက်တင်ပြမှုများအပေါ် ကူညီပံ့ပိုးပေးနိုင်ရန် အစီအစဉ်ဆောင်ရွက်နေမှုများနှင့် နည်းပညာပြန့်ပွားရေးဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားသည်။

ယခုဆောင်ရွက်သည့် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း စီမံကိန်းလုပ်ငန်းကို အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ (IFAD) ၏ ချေးငွေဖြင့် ပေါင်းလောင်းဆည်ရေသောက်ဧရိယာအတွင်းရှိ လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စုမှ လယ်မြေ ၃၅၃ ဒသမ ၂၁ ဧကနှင့် အလယ်ကျွန်းကျေးရွာအုပ်စု(ပုံချီ)မှ လယ်မြေ ၄၆၈ ဒသမ ဝ၉ ဧကတို့ကို စိုက်ပျိုးမြေမျက်နှာပြင် ညီညာပြီး ရေသွင်း၊ ရေနုတ်မြောင်း၊ ကုန်ထုတ်လမ်းများ ပါဝင်၍ လယ်ယာသုံး စက်ကိရိယာများ လွယ်ကူစွာ ဝင်ထွက်လုပ်ကိုင်ဆောင်ရွက်နိုင်မည့် စနစ်ကျလယ်ယာမြေများအဖြစ် ဖော်ထုတ်ပြုပြင် ဆောင်ရွက်ပေးခြင်းဖြင့် ဒေသနေတောင်သူလယ်သမားများ ခံစားကြရမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဩစတြေးလျအစိုးရမှ တိုက်ရိုက်ချီးမြှင့်သော ပညာသင်ဆု 2019 Intake နှင့် စပ်လျဉ်းသည့် ဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဩစတြေးလျအစိုးရမှ တိုက်ရိုက်ချီးမြှင့်သော ပညာသင်ဆု (Australia Awards Scholarships) 2019 Intake နှင့် စပ်လျဉ်းသည့် ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ Lake Garden ဟိုတယ်၌ ကျင်းပသည်။

**ဝင်ရောက်လေ့လာကြည့်ရှုနိုင်**

ဟောပြောပွဲတွင် ရန်ကုန်မြို့ရှိ ဩစတြေးလျသံရုံးမှ Scholarship Consultant Anna Greble နှင့် Senior Program Officer မဇာနည်ဝင်းတို့က Australia Awards Scholarships 2019 Intake နှင့် ပတ်သက်ပြီး စိတ်ဝင်စားသူတိုင်း Master Level ဘာသာရပ်များကို လျှောက်ထားနိုင်မှု၊ မိမိရွေးချယ်လိုသည့် ဘာသာရပ်နှင့်စပ်လျဉ်းပြီး သင်ကြားမည့် ကျောင်းများအား စုံစမ်းကာ ကိုယ်တိုင်ရှာဖွေ လျှောက်ထားနိုင်မှု၊ Scholarships လျှောက်ထားသည့်အခါတွင် IELTS, TOEFL ရမှတ် သတ်မှတ်ထားခြင်းမရှိမှု၊ အင်တာဗျူး



အောင်မြင်ပြီးပါက ဩစတြေးလျ ပညာသင်ဆုရရှိနိုင်မှု၊ ကျောင်းတက်ရောက်ခွင့်ရသူများအနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာနှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် ဩစတြေးလျနိုင်ငံတွင် စတင်သင်ကြားနိုင်မည့် အခြေအနေ၊ Scholarships program တက်ရောက်နိုင်ရန် Online မှ လျှောက်ထားရမည့်နည်းလမ်းများနှင့် လျှောက်လွှာတွင် ရေးဖြည့်ရမည့် နည်းလမ်းများကို စိတ်ဝင်စားသူများအနေဖြင့် ရန်ကုန်မြို့ရှိ ဩစတြေးလျသံရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပြီး အဆိုပါ သံရုံး Webside ဖြစ်သည့် http://myanmar.embassy.gov.au ၌ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ခြင်းတို့ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းကြသည်။

Australia Awards Scholarships ပညာသင်ဆုနှင့် စပ်လျဉ်းသည့် လျှောက်လွှာများကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်လက်ခံလျက်ရှိပြီး ဧပြီ ၃၀ ရက်အထိ လက်ခံသွားမည်ဖြစ်ကာ ယခုကဲ့သို့ ဟောပြောပွဲ ( Information Session) များကို မန္တလေးရှိ Hotel Mandalay ၌ ဖေဖော်ဝါရီ ၁၁ ရက်တွင် လည်းကောင်း၊ တောင်ကြီးမြို့ရှိ Royal Taunggyi ၌ ဖေဖော်ဝါရီ ၁၂ ရက်တွင် လည်းကောင်း ရှင်းလင်းဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၏ (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပူးပေါင်းဖျော်ဖြေတင်ဆက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)၏ (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ရောက်ရှိမည်ဖြစ်သည်။

**ဖျော်ဖြေတင်ဆက်**

အမျိုးသားအထိမ်းအမှတ် ဥယျာဉ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း စုစည်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရိုးရာဓလေ့ထုံးစံနှင့်အညီ သက်ဆိုင်ရာဒေသအသီးသီး၌ နေထိုင်ကြပုံကို တစ်နေရာတည်း၌ လေ့လာသိရှိနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။ အထိမ်းအမှတ် ဥယျာဉ်၏ နှစ်ပတ်လည်နေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများနှင့်အတူ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာကြသော ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့ဝင် တိုင်းရင်းသားများ၏ ဖျော်ဖြေတင်ဆက်မှုများကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

**လာရောက်ကြည့်ရှုနိုင်**

အထိမ်းအမှတ်ဥယျာဉ် နှစ်ပတ်လည်နေ့ အခမ်းအနား ဖျော်ဖြေတင်ဆက်ပွဲသို့ မည်သူမဆို (အခမဲ့) လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုနေ့ဂုဏ်ပြု စာပေဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲ ဖျာပုံ၌ ကျင်းပ


**ဖျာပုံ ဖေဖော်ဝါရီ ၉**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် "အေးချမ်းသာယာ ပြည်မြန်မာ"ဓာတ်ပုံပြပွဲနှင့် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှနွယ်က ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုပြသထားသည့် အေးချမ်းသာယာ ပြည်မြန်မာ ဓာတ်ပုံပြပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာလွင်က ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံနှင့် ထားရှိအပ်သည့် ပြည်ထောင်စုစိတ်ဓာတ် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ပြသထားသည့် အေးချမ်းသာယာ ပြည်မြန်မာ ဓာတ်ပုံများကို စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ ဓာတ်ပုံများကို ခရိုင်ပြန်ကြားရေးရုံး၌ ဖေဖော်ဝါရီ ၁၁ ရက်အထိ အများပြည်သူလေ့လာနိုင်ရန် ပြသထားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့၌ ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမတွင် ကျင်းပမည့် ပြည်ထောင်စုနေ့ဂုဏ်ပြု ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲ အခမ်းအနား၌ ပြည်သူများ ဆက်လက်လေ့လာ ကြည့်ရှုနိုင်ရန် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ် (ဖျာပုံ)**



# ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ညောင်ချောင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက် ညနေ ၄ နာရီခွဲက ဘူးသီးတောင်မြို့နယ် ဦးကျော်(ရခိုင်)ကျေးရွာအနီး စိမ်းညှင်းပြားချောင်းဝ၌ သန်းထွန်း၊ တင်ညွန့်၊ မင်းလွင်နှင့် ဦးခင်တို့အား စက်လှေတစ်စင်းနှင့်အတူ တွေ့ရှိရှာဖွေရာ စက်လှေပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၂၅၀ ကို လည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု- ၄၆ မောင်တောမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် ကညင်တန်းကျေးရွာ မောင်တော-အလယ်သံကျော်ကားလမ်း၊ မီးသတ်ရုံးအနီး၌ မာမက်အီလီယက် မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု-၁၈ မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ၅၁ လမ်းနှင့် အေးသုခလမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်၌ မြောင်မြို့နယ် မြစ်ဆုံကျေးရွာနေ မင်းဆွေ(ခ)အရှည်ကြီးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် ၁၆ မိုင်ကျောက်ချော စစ်ဆေးရေးစခန်း၌ ကျော်မင်းနိုင်(ခ)ကျော်သူ မောင်းနှင်ပြီး အောင်မြင့်ဇော် (ခ)ကုလား လိုက်ပါလာသည့် ခြောက်ဘီးကုန်တင်မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၈၉၂ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၈ နာရီက မူးယစ်တပ်ဖွဲ့စု-၂၆ ပင်လောင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖယ်ခုံမြို့ မြို့ကုန်းရပ်ကွက်နေ စိုင်းတင်ငွေ၏ နေအိမ်ကို



ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၅၀ ကို လည်းကောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲက အောင်ပန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်ပန်းမြို့ အမှတ်-၃ရပ်ကွက်၊ အမှတ်-၃နယ်မြေ ကျောက်တစ်လုံးသွားလမ်းနေ ရဲထွန်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၄၉ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ အောင်ပန်းမြို့ လှည်းရိုးရပ်ကွက် အမှတ်-၃ နယ်မြေနေ ဒေါ်ထွန်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၂၃၀၈ ပြားကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့် ပတ်သက်၍ သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူများအား စွဲချက်တင်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့် ပတ်သက်၍ သေနတ်သမား ကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားရုံးသို့ ရုံးထုတ်ခဲ့ပြီး ၎င်းတို့လေးဦးအပါအဝင် တရားခံပြေး အောင်ဝင်းခိုင်ကိုပါ စွဲချက်တင်အမိန့်ချမှတ်ခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင် တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံး တရားလိုရဲအုပ် မိုးနိုင်က ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ တရားခံ ကြည်လင်း(ခေါ်)ဖိုးထူး ပါ-၄ ရာဇသတ်ကြီး လူသတ်မှုဥပဒေပုဒ်မ ၃၀၂/၃၄/ ၂၁၂ အရစွဲဆိုမှုအပေါ် တရားခံကြည်လင်း(ခ)ဖိုးထူးအား ရာဇသတ်ကြီး ပုဒ်မ၃၀၂(၁-ခ)/၃၄ နှင့် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂) အရ စွဲချက်တင်အမိန့်၊ အောင်ဝင်းဇော်နဲ့ ဇေယျာဖြိုးတို့ နှစ်ဦးကိုတော့ ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁-ခ)/၃၄ အရစွဲချက်တင်အမိန့် ချမှတ်ခဲ့ပါတယ်၊ အောင်ဝင်းထွန်းကိုတော့ ရာဇသတ်ကြီးပုဒ်မ ၂၁၂ အရသာ စွဲချက်တင်အမိန့်ချမှတ်လိုက်ပါတယ်၊ ရာဇဝတ်ကြီး အမှုအမှတ် ၄၆/၂၀၁၇ တရားလို ဒုတိယရဲမှူး မြတ်ထွန်းကျော်၊ တရားခံ ကြည်လင်း(ခေါ်)ဖိုးထူး ပါ-၂ ရာဇသတ်ကြီး လက်နက်များဥပဒေပုဒ်မ ၁၉(ဃ)၁၉(စ) အရ စွဲဆိုမှုမှာတော့ တရားခံ ကြည်လင်း(ခ)ဖိုးထူးနဲ့ အောင်ဝင်းဇော်တို့နှစ်ဦးကို လက်နက်များဥပဒေပုဒ်မ ၁၉(ဃ)၁၉(စ) အရပဲ စွဲချက်တင်အမိန့် အသီးသီးချမှတ်ခဲ့ပါတယ်။

"တရားလို ရဲအုပ် မိုးနိုင်က ရာဇဝတ်အထွေထွေအမှုအမှတ် ၂၀/၂၀၁၇ တရားခံပြေး အောင်ဝင်းခိုင်ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁-ခ)/၃၄ အရ ပြစ်မှုထင်ရှားရှိတဲ့အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ(၈၇)ကြော်ငြာစာအရ တိုက်ဆင့်ပြီး ဖမ်းဆီးခြင်း ရှိ၊ မရှိ ကြော်ငြာစာ ပြန်သွင်းဖို့အတွက် တစ်လ အချိန်ပေးသတ်မှတ်ခဲ့ပါတယ်၊ တရားခံပြေး အောင်ဝင်းခိုင်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ(၈၈) အရ ဝရမ်းထုတ်စွဲချက်တင် အမိန့်ချမှတ်ခဲ့ပါတယ်၊ အောင်ဝင်းဇော် ပိုင်ပစ္စည်းတွေကို ဝရမ်းကပ်မယ်၊ တွေ့ရှိတဲ့ နေရာစုံ ဖမ်းဝရမ်းပါ၊ တရားခံများ အခွင့်အရေးအရ တရားရုံးကအပြစ် ရှိ၊ မရှိ မေးတဲ့အခါ အပြစ်မရှိကြောင်း ငြင်းတဲ့အတွက် စစ်ဆေးပြီး လိုပြသက်သေ ၃၇ ဦး ပြန်ခေါ်ရပါမယ်၊ ပြန်ခေါ်သက်သေငါးဦး စစ်ဆေးဖို့အတွက် ဖေဖော်ဝါရီ ၁၆ ရက် သောကြာနေ့ကိုပဲ ချိန်းဆိုထားပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၉၇ စီး၊ သွင်းကုန် အစီး ၁၁၅၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈ စီး၊ သွင်းကုန် ၁၇၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉ ဒသမ ၂၆၈ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၇၃ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၂ မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၉၃ ဒသမ ၉၉၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၈ ရက်က မူဆယ်နှင့် မန္တလေးမြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်၏နောက်ဘက်နှင့် ကြမ်းခင်းတို့တွင် အံ့ဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၄၈ တုံး၊ ၁ ဒသမ ၁၇၁၀ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၃ ဒသမ ၅၁၃ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗိုလ်မြတ်ထွန်းတံတားတွင် အထောက်အထားမဲ့ ခိုးဝင်လာသူများ ဖမ်းဆီးရမိ

**ညောင်တုန်း ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားတိုးဂိတ်၌ ဖေဖော်ဝါရီ ၈ ရက် ညနေ ၆ နာရီခွဲက အထောက်အထားမဲ့ ခိုးဝင်လာသူ ခုနစ်ဦး ဖမ်းဆီးရမိကြောင်း ညောင်တုန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။



သတင်းအရ ညောင်တုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းသိန်း ဦးစီးသော ပူးပေါင်းအဖွဲ့သည် ဗိုလ်မြတ်ထွန်းတံတားရှိ တိုးဂိတ်တွင် ပုသိမ်ဘက်မှ ရန်ကုန်သို့ ယာဉ်မောင်း အောင်နိုင်ဦး (၄၉ နှစ်)(၁၃)ရပ်ကွက် ပုသိမ်မြို့နေသူ မောင်းနှင်လာသော 8H/---- စူပါကာစတန်ယာဉ်အား ရှာဖွေစစ်ဆေးရာ အထောက်အထားမဲ့ ခိုးဝင်လာသူခုနစ်ဦး ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းတို့အား ဝါးကုန်းကျေးရွာ မင်းတုန်းမြို့နယ်နေသူ မောင်ဟင်း (၃၀ နှစ်) က ခေါ်ဆောင်လာပြီး မကွေးတိုင်းပဒါန်းလမ်းခွဲမှ ပုသိမ်သို့ လည်းကောင်း၊ ထို့နောက် ပုသိမ်မှ ရန်ကုန်သို့ ကားငှား၍ လည်းကောင်း ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း ရဲမှူး စိုးမင်းသိန်းက ပြောပြသည်။ ယခုကဲ့သို့ ညောင်တုန်းမြို့နယ်တွင် အထောက်အထားမဲ့ ခိုးဝင်လာသူများ ဖမ်းဆီးရမိမှုမှာ တစ်လအတွင်း ဒုတိယအကြိမ်ဖြစ်၍ ဖေဖော်ဝါရီ ၃ ရက်ကလည်း ကုန်ကားပေါ်မှ အထောက်အထားမဲ့ ခိုးဝင်လာသူ ၂၁ ဦး ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း အောင်နိုင်ဦး၊ မောင်ဟင်းနှင့် ဖမ်းဆီးရမိသူများအား ညောင်တုန်းမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဲခူး၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ပဲခူး ဖေဖော်ဝါရီ ၉**

ပဲခူးမြို့ အမှတ်-၂ နယ်မြေရဲစခန်းအပိုင် ဇိုင်း/မြောက်ရပ်ကွက်၌ ဖေဖော်ဝါရီ ၉ ရက် မွန်းတည့် ၁၂ နာရီခန့်က မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။

မူးယစ်တပ်ဖွဲ့စု-၃၆နှင့် အမှတ်-၂နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဖမ်းဆီးခဲ့ရာ ရာဇာအေး(ခ)ရာဇ(၃၀နှစ်) ဇိုင်း/မြောက်-၅ လမ်းနေသူအား နေအိမ်အတွင်း တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား၉၅ ပြား၊ အိုက်စ်ပုံဆောင်ခဲ အလေးချိန်ဂရမ် ၃၀၀ နှင့် နေအိမ်ရှေ့ရှိ YGN 2H/---- CROWN လိုင်စင်မဲ့ ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ပဲခူးအမှတ်-၂ နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

# တရားမဝင် အင်ကြင်းကျောက်တူးဖော်သူအား အရေးယူ

**မလှိုင် ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် နှောကန်တိုက်နယ်ရှိ ယာခင်းများအတွင်း စက်ယန္တရားဖြင့် တရားမဝင် အင်ကြင်းကျောက်တူးဖော်သူများအား အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူတစ်ဦးအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မလှိုင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် မလှိုင်မြို့နယ် ကြပ်ဖြူကျေးရွာမြောက်ဘက်တွင် တရားမဝင် အင်ကြင်းကျောက်များတူးဖော်နေသော ဘောက်ခွေးတောကျေးရွာနေသူများ ဖြစ်သည့် ဒေါ်ပြုံး၊ ဒေါ်ခင်ထွေး၊ ဒေါ်ပေါ်မြ၊ ကြပ်ဖြူကျေးရွာနေသူ ဦးဘိုစိန်နှင့် နှောကန်ကျေးရွာနေသူ ဦးအောင်ဇော်ဦးတို့၏ ယာခင်းများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါယာခင်းများအတွင်း စက်ယန္တရားဖြင့် တူးဖော်ထားသည်ကို တွေ့ရှိရသဖြင့် တရားမဝင် အင်ကြင်းကျောက်တူးဖော်သူ ဦးကျော်နိုင်နှင့် မြေကျင်းတူးဖော်စက်မောင်းနှင်သူ (စုံစမ်းဆဲ) တို့အား ဥပဒေနှင့်အညီ အရေးယူရန် တိုင်တန်းခဲ့ကြောင်း သိရသည်။

အဆိုပါအမှုအား နှောကန်နယ်မြေရဲစခန်းက အမှုဖွင့်ကာ အင်ကြင်းကျောက်တူးဖော်သူ ဦးကျော်နိုင်အား ဖေဖော်ဝါရီ ၇ ရက် ည ၈နာရီခန့်တွင် ဖမ်းဆီးနိုင်ခဲ့ပြီး မြေကျင်းတူးဖော်စက်မောင်းသူ(စုံစမ်းဆဲ)အား ဖမ်းဆီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားတစ်ဦးအား လက်နက်ခဲယမ်းများနှင့် အတူ ဖမ်းဆီးရမိ

**ဘုတ်ပြင်း ဖေဖော်ဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ချောင်းတာစူးကျေးရွာတွင် ဖေဖော်ဝါရီ ၇ ရက် ညပိုင်းက တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားတစ်ဦးအား မော်တော်ယာဉ်တစ်စီး၊ ပစ္စတိုသေနတ်တစ်လက်၊ ကျည်ဆန်များနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းအရ ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်ရှာဖွေရာ ထိုင်းနိုင်ငံ ချွန်ဖွန်းမြို့တွင် နေထိုင်သည့် အသက်(၄၇ နှစ်)အရွယ် အန်ဖိုင်ဆိုသူအား တွေ့ရှိရသဖြင့် စစ်ဆေးရာ ၎င်းနှင့်အတူ GLOCK အမျိုးအစား ၉ မမ ပစ္စတိုတစ်လက် (ကျည်အိမ်တပ်လျက်) ကျည်ဆန်ငါးတောင့်၊ ကျည်ဆန် ၁၀ တောင့်ပါ ကျည်အိမ်အပိုတစ်ခု၊ ထိုင်းနိုင်ငံ လိုင်စင်တပ် တရားမဝင် တိုယိုတာဟိုင်းလပ် ဒါဘယ်ကပ်ယာဉ်တစ်စီး၊ ထိုင်းမှတ်ပုံတင်ကတ်ပြားတို့နှင့်အတူ စစ်ဆေးဖမ်းဆီးရမိခြင်းဖြစ်သည်။

အဆိုပါ ထိုင်းနိုင်ငံသားသည် လွန်ခဲ့သည့် ၁၀ ရက်ခန့်က မော်တော်ယာဉ်မောင်းကာ ထိုင်း-မြန်မာနယ်စပ် ရွာဟော့လူစခန်း၏ အနီးမှ တရားမဝင်ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး လက်နက်နှင့်အတူ ဖမ်းဆီးရမိသူ အန်ဖိုင်(၄၇ နှစ်)အား ဘုတ်ပြင်းမြို့နယ်ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# သယ်ယူပို့ဆောင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပြန်လည်တည်ဆောက်ရေးဆောင်ရွက်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံရရှိရန် အီရတ်ကြိုးပမ်း

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၉**

အီရတ်နိုင်ငံသည် သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံခန့်ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများအား တိုက်ခိုက်ခဲ့သည့် သုံးနှစ်ကြာစစ်ပွဲပြီးဆုံးပြီးနောက်တွင် နိုင်ငံ၏အစိတ်အပိုင်းများကို ပြန်လည်တည်ဆောက်ရန်နှင့် နိုင်ငံ့စီးပွားရေးကို ပြန်လည်ထူထောင်ရန် အစီအစဉ်တစ်စိတ်တစ်ပိုင်းအနေဖြင့် ထိုသို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အစိုးရ၏ အမျိုးသားရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် လာမည့်ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ ကူဝိတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အီရတ်နိုင်ငံ၏ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ နိုင်ငံတကာကွန်ဖရင့်အစည်းအဝေး၌ ရင်းနှီးမြှုပ်နှံမှုရှာဖွေသွားမည့် လုပ်ငန်းစီမံကိန်းပေါင်း ၁၅၇ ခုစာရင်းကို ပုံနှိပ်ဖော်ပြခဲ့သည်။

ယင်းလုပ်ငန်းစီမံကိန်းအချို့မှာ မိုဆူးလ်လေဆိပ်ကဲ့သို့ ဖျက်ဆီးခံခဲ့ရသည့် အရာများကို ပြန်လည်တည်ဆောက်ရန်နှင့် အခြားစီမံကိန်းများမှာ ရေနံအပြင် စီးပွားရေးလုပ်ငန်းများကို အားဖြည့်ရန်နှင့် သုံးလေးမျိုးခွဲ၍ ဆောင်ရွက်သွားရန်အတွက် ရင်းနှီးမြှုပ်နှံမှုအသစ်များပါဝင်ကြောင်း ဝန်ကြီးချုပ် ဟီဒါအယ်လ် အဘာဒီ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

လုပ်ငန်းစီမံကိန်းအားလုံးကို အတူတကွပေါင်းစည်းလိုက်လျှင် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံရှိကြောင်း အကြံပေးပုဂ္ဂိုလ် မတ်ဒဟာဆာလက်က ရိုက်တာသို့ ပြောကြားခဲ့သည်။ လုပ်ငန်းစီမံကိန်း ၁၆ ခုတို့မှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ တန်ဖိုးခန့် သို့မဟုတ် သန်း ၅၀၀ ထက်ပိုမိုကုန်ကျမည်ဖြစ်ကြောင်း စာရင်းဇယားဖော်ပြချက်များအရ သိရသည်။

နေအိမ်များ၊ ဆေးရုံများ၊ ကျောင်းများ၊ လမ်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ဆက်သွယ်ရေးလုပ်ငန်းများကို ပြန်လည်ထူထောင်ရေးသည် လူငယ်များအတွက် အလုပ်အကိုင်များ ဖြည့်စွက်ပေးနိုင်ပြီး ထောင်ပေါင်းများစွာသောပြည်သူများ အိုးအိမ်ကင်းမဲ့မှုကို အဆုံးသတ်စေရန်နှင့် ဆယ်စုနှစ်များစွာကြာအောင် ဖြစ်ပွားခဲ့သည့် နိုင်ငံရေးနှင့် ဂိုဏ်းဂဏဆိုင်ရာ ပဋိပက္ခများကို အဆုံးသတ်စေလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**ရိုက်တာ**



# အီရတ်နိုင်ငံအရှေ့ပိုင်း လူစည်ကားသည့် ကော်ဖီဆိုင်ကို သေနတ်သမားများ တိုက်ခိုက်

**ဘာကွာဘာ ဖေဖော်ဝါရီ ၉**

အီရတ်နိုင်ငံအရှေ့ပိုင်း ဒီယာလာပြည်နယ်ရှိ လူများစည်ကားနေသည့် ကော်ဖီဆိုင်၌ သေနတ်သမားတစ်စုက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူခုနစ်ဦးသေဆုံးခဲ့ကြောင်း၊ သက်ဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၉ ရက်က ဖော်ပြခဲ့သည်။

အီရန်နိုင်ငံနယ်စပ်အနီး ခါနာကွင်မြို့အနီးရှိ နာမည်ကြီးကော်ဖီဆိုင်တစ်ဆိုင်ကို သေနတ်သမားများက ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ယင်းမြို့အနီးရှိ ဆာဒီယမြို့တော်ဝန် အာမက်အယ်လ်ဇာကိုဇီက ပြောခဲ့သည်။

ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ ကော်ဖီဆိုင်ကို ရဲတပ်ဖွဲ့က ဝန်းရံပိတ်ဆို့ထားပြီး တိုက်ခိုက်သူများအား ရှာဖွေလျက်ရှိကြောင်း ဇာကိုဇီက ပြောခဲ့သည်။

အဆိုပါတိုက်ခိုက်မှုကို မည်သည့်အဖွဲ့က လုပ်ဆောင်သွားကြောင်း ယခုအချိန်အထိ မသိရသေးချေ။ သို့သော်လည်း အိုင်အက်စ်အဖွဲ့က အီရတ်နိုင်ငံအတွင်းရှိ ဈေးများ၊ ဆိုင်များ၊ ဘာသာရေးအဆောက်အအုံများ၊ လူထူထပ်သည့်နေရာများတွင် အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်လျက်ရှိသည်။

ဒီယာလာပြည်နယ်အပါအဝင် အီရတ်နိုင်ငံအတွင်းရှိ အခြားပြည်နယ်များတွင် ၂၀၀၃ ခုနှစ်မှစကာ အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်များ ဝင်ရောက်တိုက်ခိုက်ခံရပြီးနောက် ဆွန်နီနှင့် ရှီယိုက်လူမှုအသိုင်းအဝိုင်းများကြား ဂိုဏ်းဂဏကွဲပြားမှုများဖြစ်ပေါ်ခဲ့ပြီး လက်တုံ့ပြန်လူသတ်မှုများ မကြာခဏဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဂိုဏ်းဂဏစွဲတင်းမာမှုများနှင့် လက်တုံ့ပြန်လူသတ်မှုများကြောင့် အီရတ်နိုင်ငံသား အမြောက်အမြား သေဆုံးခဲ့ကြပြီး ဒဏ်ရာအနာတရများလည်း ရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်း မြောက်ကိုရီးယားနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံမည်

**ဆိုးလ် ဖေဖော်ဝါရီ ၉**

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းသည် ဖေဖော်ဝါရီ ၁၀ ရက်တွင် မြောက်ကိုရီးယားနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သမ္မတအိမ်ပြာတော်က မကြာသေးမီတွင် သတင်းထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယား အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တောင်ကိုရီးယားနိုင်ငံအရှေ့ပိုင်း ပြုံချမ်းစီရင်စုတွင် ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့သော (၂၃) ကြိမ်မြောက် ဆောင်းရာသီအိုလံပစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင် ကင်ဂျုံအန်း၏ညီမ အာဏာရကိုရီးယားအလုပ်သမားပါတီ အမြဲတမ်းကော်မတီမှ ကင်ယိုဂျွန်လည်း လိုက်ပါလာခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့သည် တောင်ကိုရီးယားနိုင်ငံသို့ ကိုယ်ပိုင်ဂျက်လေယာဉ်ဖြင့် လာရောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ဂျက်လေယာဉ်ကို နောက်ပိုင်းတွင် အနောက်ပင်လယ်၌ တိုက်ရိုက်လေကြောင်းပြေးဆွဲမှု ပြုလုပ်မည်ဖြစ်ကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ**




# ဆီးရီးယားရှိ အာဆတ်အင်အားစုများကို အမေရိကန်ဦးဆောင်သည့် မဟာမိတ်များ တိုက်ခိုက်

**အလက်ပို ဖေဖော်ဝါရီ ၉**

ဆီးရီးယားရှိ အမေရိကန်ဦးဆောင်သည့် မဟာမိတ်များသည် ၎င်း၏ ဒေသခံမဟာမိတ်များကို တိုက်ခိုက်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် အစိုးရအဖွဲ့အင်အားစုများကို လေကြောင်းတိုက်ခိုက်မှုများ တရစပ်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော တစ်ရက်အကြာက ကာ့ဒ်မျိုးနွယ်စုဦးဆောင်သည့် တိုက်ခိုက်ရေးအဖွဲ့များကို တိုက်ခိုက်မှုလုပ်ဆောင်ခဲ့သည့် အစိုးရတပ်ဖွဲ့များကို ပစ်မှတ်ထားလျက် လေကြောင်းစီးနင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း မဟာမိတ်အဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။ ယင်းမဟာမိတ်အဖွဲ့သည် အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွများကို ဆီးရီးယားမှ တိုက်ထုတ်ရာတွင် ကာ့ဒ်မျိုးနွယ်စုများအား အကူအညီပေးခဲ့သည်။

ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဒါနာဝိုက်က မဟာမိတ်များ၏ တိုက်ခိုက်မှုသည် ခုခံကာကွယ်ရန်အတွက် သက်သက်သာဖြစ်ကြောင်းနှင့် ဝါရှင်တန်သည် ဆီးရီးယားအစိုးရအင်အားစုများကို တိုက်ခိုက်ရန် ကြိုးပမ်းခြင်းမဟုတ်ကြောင်း ပြောကြားခဲ့သည်။

မဟာမိတ်များ၏ လေကြောင်းတိုက်ခိုက်မှုများသည် သေကျေပျက်စီးမှုများစွာဖြစ်စေခဲ့ကြောင်း သမ္မတဘတ်ရှာအယ်လ်အာဆတ်အစိုးရအဖွဲ့က နိုင်ငံပိုင် သတင်းအေဂျင်စီမှတစ်ဆင့် ပြောကြားခဲ့ပြီး ယင်းတိုက်ခိုက်မှုကို ကျူးကျော်ရန်စမှုအဖြစ် ခေါင်းစဉ်တပ်ခဲ့သည်။

**အင်န်အီတ်ချ်ကေ**

# နယ်စပ်တံတိုင်းအတွက် အမေရိကန်ဒေါ်လာ သုံးဘီလီယံထည့်ဝင်ရန် ထရန့်တောင်းဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

တနင်္လာနေ့တွင် ထုတ်ဖော်မည့် သမ္မတဒေါ်နယ်ထရန့်၏ ဘတ်ဂျက်အကြံပြုချက်တွင် အမေရိကန်နှင့် မက္ကဆီကို နယ်စပ်တစ်လျှောက် တံတိုင်းတည်ဆောက်ရာတွင် ကနဦးငွေပေးချေမှုအနေဖြင့် အမေရိကန်ဒေါ်လာ သုံးဘီလီယံကို တောင်းဆိုသွားရန်ပါဝင်ကြောင်း အကြီးတန်းအုပ်ချုပ်ရေးအာဏာပိုင်တစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

အမည်မဖော်လိုသူအာဏာပိုင်တစ်ဦးက ငွေကြေးများကို တက္ကဆက်တောင်ပိုင်းရှိ ရီယိုဂရန်ဒီတောင်ကြားတွင် ပုဂ္ဂလိကမြေယာများ ဝယ်ယူရန်နှင့် သံမဏိများကို ပိုမိုဝယ်ယူသွားရန်အတွက် သုံးစွဲသွားမည်ဖြစ်ကြောင်း သတင်းထောက်များသို့ အတိုချုံးပြောကြားခဲ့သည်။

အစိုးရအဖွဲ့သည် ၂၀၁၈ ခုနှစ် ငွေကြေးထည့်ဝင်မှုဖြင့် နယ်စပ်တစ်လျှောက် မိုင် ၆၀ ( ၉၆ ကီလိုမီတာ ) ကို သံမဏိတိုင်အသစ်များဖြင့် တည်ဆောက်သွားရန် မျှော်လင့်ထားပြီး ၂၀၁၉ ခုနှစ် ရန်ပုံငွေဖြင့် နောက်ထပ် ၆၄ မိုင် ( ၁၀၃ ကီလိုမီတာ ) ခန့်ကို တည်ဆောက်သွားမည်ဟု သိရသည်။

နယ်စပ်တံတိုင်းကာရံမှုသည် ၂၀၁၆ ခုနှစ်က ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုပြုလုပ်ရာတွင် ထရန့်အတွက် အဓိကကျသည့် အကြောင်းအရာတစ်ခုဖြစ်သည်။ မက္ကဆီကိုက တံတိုင်းတည်ဆောက်မှုအတွက် ကျသင့်ငွေပေးရမည်ဖြစ်ကြောင်း အလေးအနက် ပြောကြားခဲ့သော်လည်း မက္ကဆီကိုအစိုးရက မပေးနိုင်ကြောင်း ငြင်းဆန်ခဲ့သည်။

**ရိုက်တာ**



## နိုင်ငံတကာ သတင်းတိုထွာ

### လျှော့ပင်ဒဏ်ထိခိုက်ခံစားရသည့် ထိုင်ဝမ်သို့ ဂျပန်ကယ်ဆယ်ရေးအဖွဲ့ စေလွှတ်မည်

**တိုကျို ဖေဖော်ဝါရီ ၉**
ပြင်းအား ၆ဒသမ ၅ အဆင့်ရှိသည့် ငလျင်တစ်ခု ထိုင်ဝမ်၌လှုပ်ခတ်သွားခဲ့ပြီးနောက် ဂျပန်အစိုးရသည် ထိုင်ဝမ်ငလျင်အတွင်းအသက်ရှင်လွတ်မြောက်သူများကို ကူညီရှာဖွေရန်အတွက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးကျွမ်းကျင်သူခုနစ်ဦးပါရှိသည့် အဖွဲ့တစ်ဖွဲ့ကို စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် ယိုရှိဟီဒီစူဂါက အဆိုပါအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမျိုးသားရဲတပ်ဖွဲ့ အေဂျင်စီမှ အဖွဲ့ဝင်များ ပါဝင်လိမ့်မည်ဖြစ်ကြောင်း ကြာသပတေးနေ့တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်ပြီး ပထမ ၇၂ နာရီအတွင်း ကယ်ဆယ်ရေးကြိုးပမ်းဆောင်ရွက်မှုမှာ အလွန်အရေးကြီးကြောင်း စူဂါက ပြောကြားခဲ့သည်။

ဂျပန်မှစေလွှတ်မည့်အဖွဲ့၏ လုပ်ရှားဆောင်ရွက်မှုသည် အသက်ကယ်ဆယ်ရေးကို ပိုမိုဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

---

### ဖိလစ်ပိုင်တောင်ပိုင်းတွင် အကြမ်းဖက်သမားဟု သံသယရှိသူ သုံးဦးကိုလုံခြုံရေးတပ်ဖွဲ့များက သုတ်သင်

**မနီလာ ဖေဖော်ဝါရီ ၉**
ဖိလစ်ပိုင် လုံခြုံရေးအင်အားစုများသည် ပြီးခဲ့သည့်နှစ်မေလအတွင်းက ဖိလစ်ပိုင်တောင်ပိုင်း မာရဝီမြို့၌ ဖြစ်ပွားသည့် တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည်ဟု သံသယရှိသူသုံးဦးကို ကြာသပတေးနေ့တွင် သတ်ဖြတ်လိုက်ကြောင်း သိရသည်။

ဖိလစ်ပိုင်တပ်မတော်မှ ဗိုလ်မှူးချုပ် ဝီလီယမ်အလန်ဒေးက သံသယရှိသူသုံးဦးကို လာနာအိုအယ်နော့တီပြည်နယ်တွင် ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့ပြုလုပ်ခဲ့သည့် ပူးတွဲစစ်ဆင်ရေးအတွင်း သတ်ဖြတ်သုတ်သင်လိုက်ခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သံသယရှိသူသုံးဦးအနက် တစ်ဦးမှာ အိုမာဒိုင်ဆာဖြ စ်ကြောင်း အလန်ဒေးကအချက်အလက်ဖော်ပြခဲ့ပြီး ကျန်နှစ်ဦးမှာ မည်သူဖြစ်ကြောင်း ၎င်းကဖော်ပြခဲ့ခြင်း မရှိပေ။

၎င်းတို့သုံးဦးကို ဖမ်းဆီးရာတွင် ခုခံတိုက်ခိုက်ခဲ့မှုကြောင့် သေနတ်ဖြင့် အသေပစ်ခတ်လိုက်ရခြင်း ဖြစ်ကြောင်း အလန်ဒေးကပြောကြားခဲ့သည်။

စစ်ဆင်ရေးအဖွဲ့သည် M16 ရိုင်ဖယ်များနှင့် အခြားလက်နက်များကိုလည်း သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

---

# အားလုံးကဆန့်ကျင်တဲ့ အမေရိကန်ရဲ့ နျူကလီးယားမူဝါဒ

**ကလျာမိုးမြင့်**




၂၀၁၈ ခုနှစ်အတွက် အမေရိကန် နျူကလီးယားဆိုင်ရာသဘောထား သုံးသပ်ချက်ဟာ အမေရိကန် ပြည်ထောင်စုက နျူကလီးယားဆိုင်ရာ ချဲ့ထွင်မှုလမ်းကြောင်းပေါ်ဆီကို ပြန်လည်ဦးတည်စေတဲ့ အနေအထားမျိုးဖြစ်နေတာကြောင့် ကမ္ဘာတစ်ဝန်းလုံးနီးပါးက ဝေဖန်ရှုတ်ချခဲ့ကြပါတယ်။

ယခင်ထုတ်ပြန်ခဲ့တဲ့ အမျိုးသားလုံခြုံရေးမဟာဗျူဟာနဲ့ အမျိုးသားကာကွယ်ရေး မဟာဗျူဟာတွေနဲ့ ကိုက်ညီနေတဲ့ နျူကလီးယားဆိုင်ရာ သဘောထား သုံးသပ်ချက်စာတမ်းဟာဆိုရင် အမေရိကန်လုံခြုံရေးအတွက် မေ့မှိန်တဲ့ ပုံရိပ်တစ်ခုကိုရေးဆွဲလိုက်သလိုဖြစ်ပြီး အမေရိကန်ရဲ့ လက်နက်တိုက်မှာ နျူကလီးယားလက်နက်တွေ ပိုပြီးလွှမ်းမိုးလာအောင် တောင်းဆိုလိုက်သလိုပါပဲ။

ဒါပေမယ့် စာတမ်းထဲမှာပါရှိတဲ့ အကြောင်းပြချက်တွေဟာ နျူကလီးယားဆိုင်ရာမူဝါဒကျွမ်းကျင်သူတွေအတွက်တော့ ယုံကြည်ဖွယ်ရာမရှိပါဘူး။ မူဝါဒကျွမ်းကျင်သူတွေဟာ ယခင်ရေးဆွဲခဲ့သော အပြုသဘောဆောင်တဲ့ နျူကလီးယားမူဝါဒတွေကနေ လမ်းခွဲထွက်ခွာမှုဟာ စစ်လက်နက်ယှဉ်ပြိုင် ရင်ဆိုင်မှုတွေကို အသစ်တစ်ဖန် ဖြစ်ပွားလာစေနိုင်ပြီး ပင်တဂွန်ဟာ လုံခြုံရေးဆိုင်ရာ အန္တရာယ်တွေကို ချဲ့ထွင်ဖော်ပြခြင်းအားဖြင့်တကယ်မရှိသေးတဲ့ ပြဿနာကိုဖြေရှင်းဖို့ အဆိုပြုနေတယ်လို့ ဝေဖန်မှတ်ချက်ချခဲ့ကြပါတယ်။

### အိုဘားမားလက်ထက် နျူကလီးယားသဘောထား သုံးသပ်ချက်

အကြီးမားဆုံး ကွာဟချက်ဟာ အမေရိကန်စစ်ရေးဆိုင်ရာ မဟာဗျူဟာအတွင်းမှာ နျူကလီးယားလက်နက်တွေရဲ့ ပါဝင်မှုအခန်းကဏ္ဍနဲ့ ဆက်နွှယ်နေတယ်လို့ လက်နက်ထိန်းချုပ်ရေးအဖွဲ့အစည်းက ကျွမ်းကျင်သူ မစ်ချယ်ကလဲရ်က ဆိုပါတယ်။

သမ္မတ အိုဘားမားလက်ထက်က နျူကလီးယားဆိုင်ရာ သဘောထား သုံးသပ်ချက်ထဲမှာ နျူကလီးယားလက်နက်တွေကို ဘယ်လိုမှ မတတ်နိုင်တော့တဲ့ အခြေအနေတစ်ခုရဲ့အဆုံးမှာ နောက်ဆုံးထုတ်သုံးရတဲ့ လက်နက်တစ်ခုအဖြစ် ဖော်ပြထားပြီး အဆိုးရွားဆုံး၊ အပြင်းထန်ဆုံးအခြေအနေတွေ အတွက်သာ အသုံးပြုဖို့ ဖြစ်တယ်လို့ ဆိုထားတယ်။

စစ်ရေးဆိုင်ရာ မဟာဗျူဟာအတွင်းမှာ နျူကလီးယားလက်နက်တွေရဲ့ကဏ္ဍကို လျှော့ချဖို့အတတ်နိုင်ဆုံး အင်အား စိုက်ထုတ်ဆောင်ရွက်သွားရမှာဖြစ်ပြီး နျူကလီးယားလက်နက်တွေရဲ့ အရေအတွက်ကိုလည်း နိုင်ငံတကာလက်နက်ထိန်းချုပ်ရေးစီမံဆောင်ရွက်မှုတွေကနေတစ်ဆင့် အတတ်နိုင်ဆုံး မြန်မြန်ဆန်ဆန် လျှော့ချသွားသင့်တယ်လို့ ကလဲရ်က ပြောပါတယ်။

### ဒေါ်နယ်ထရန့်လက်ထက် နျူကလီးယားသဘောထားသုံးသပ်ချက်

သမ္မတထရန့် လက်ထက်မှာတော့ နျူကလီးယားနဲ့ပတ်သက်ပြီးသဘောထားသုံးသပ်ချက်က ဘယ်လိုဖြစ်လာသလဲဆိုတော့ နျူကလီးယားလက်နက်တွေဟာ အမေရိကန်စစ်ရေးမဟာဗျူဟာအတွင်းမှာ သိသိသာသာနဲ့ ပါဝင်မှုအခန်းကဏ္ဍကြီးမားလာတယ်လို့ ရှုမြင်ခံရပြီး ဒါကြောင့်လည်း ဒီကဏ္ဍကိုဖြစ်မြောက်အောင်ဆောင်ရွက်ဖို့ နျူကလီးယားလက်နက်အရေအတွက်နဲ့ အမျိုးအစားကို တိုးချဲ့သင့်တယ်လို့ ရှုမြင်သုံးသပ်လိုက်တာဖြစ်တယ်လို့ ကျွမ်းကျင်သူက ရှင်းပြပါတယ်။

ဒီတော့ နျူကလီးယား သဘောထားသုံးသပ်ချက်နဲ့ပတ်သက်ပြီး ယခင်သမ္မတနဲ့ယခုသမ္မတကြားမှာ အထင်အရှားကွဲလွဲနေတဲ့အချက်ကို ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအစဉ်ရဲ့တွဲဖက်ဒါရိုက်တာဖြစ်သူ အကြီးတန်းသိပ္ပံပညာရှင် လစ်ဘက်ဂရွန်လန်က "အနှောင့်အယှက်ကြီးတစ်ခု" လို့ ဖော်ပြခဲ့ပါတယ်။

နျူကလီးယားဆိုင်ရာ သဘောထား သုံးသပ်ချက်ဟာ နျူကလီးယား မဟုတ်သော ကျူးကျော်ရန်စမှုကို နျူကလီးယားဆိုင်ရာနည်းအရ တုံ့ပြန်လိုက်တဲ့ ပြစ်မှုကျူးလွန်ခြင်းအားဖြင့် နျူကလီးယားစစ်ပွဲဖြစ်ပွားမှုရဲ့ အနိမ့်ဆုံး တုံ့ပြန်စေတဲ့ ကန့်သတ်ချက်အဆင့်ကို လျှော့ချလိုက်ခြင်းဖြစ်တယ်လို့ မှတ်ချက်ချပါတယ်။

### အနှောင့်အယှက်များ

နျူကလီးယားသဘောထား သုံးသပ်ချက် (NPR)အတွင်းမှာ အမေရိကန်ရဲ့ မူဝါဒဆိုင်ရာအကြမ်းဖျင်းဖော်ပြချက်ကို အနှောင့်အယှက်အပေးဆုံးနဲ့ အသိသာထင်ရှားဆုံးပြောင်းလဲမှုတွေကတော့ အမေရိကန်နျူကလီးယားနဲ့ တိုက်ခိုက်ရေးအင်အားစုတွေရဲ့ ခိုင်မာတဲ့စုစည်းပေါင်းစပ်မှုအပါအဝင် ဒီအင်အားစုတွေနဲ့ အတူ သင်ကြားမှုနဲ့ လေ့ကျင့်မှုတွေဖြစ်တယ်။ ဒါကြောင့် အမေရိကန်အင်အားစုတွေဟာ နျူကလီးယားခြိမ်းခြောက်မှုတွေနဲ့ အသုံးချမှုတွေကို ရင်ဆိုင်ရာမှာ နျူကလီးယားသဘောထားသုံးသပ်ချက်အတိုင်း စီမံလုပ်ရှားဆောင်ရွက်နိုင်တယ်လို့ ၎င်းက ပြောကြားခဲ့ပါတယ်။

### အနိမ့်သုံးလက်နက်များ

ဒါဟာ ပြဋ္ဌာန်းစာအုပ်ထဲမှာ ဖွင့်ဆိုထားတဲ့ နျူကလီးယားစစ်ပွဲဖြစ်ပွားမှုပါ။ ဒီမူဝါဒသစ်ဟာနျူကလီးယားနဲ့ တိုက်ခိုက်ရေးအင်အားစုတွေကြားမှာ ခြားထားတဲ့ စည်းမျဉ်းကို စွန်းထင်းလာစေပြီး ခိုင်မာတဲ့မီးတားနံရံတစ်ခုကို ဖယ်ရှားပစ်လိုက်မှာဖြစ်တယ်လို့ လစ်စဘက်က သတိပေးထားပါတယ်။ အမေရိကန်နဲ့ ၎င်းရဲ့မဟာမိတ်တွေအပေါ်မှာ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေ ပေါ်ထွက်လာနေတာတွေကို တုံ့ပြန်ဖို့ဆိုရင် NPR ဟာ အထူးသဖြင့်အနိမ့်သုံးလက်နက် မော်ဒယ်သစ်တွေကို ဖွံ့ဖြိုးတိုးတက်ဖို့ အဆိုပြုပြီး ပိုမိုအဟန့်အတား ဖြစ်စေနိုင်တဲ့ ပြင်လွယ်ပြောင်းလွယ်ရှိသော နျူကလီးယားလက်နက်တိုက်တစ်ခု ဖြစ်အောင်လုပ်ဖို့ အရေးတကြီးလိုအပ်မှာ ဖြစ်တယ်။

အနိမ့်သုံးလက်နက်တွေ ဆိုတာဟာ ၂၀ကီလိုတန်းအောက် လျှော့နည်းပြီး ထုတ်ပေးတဲ့ လက်နက်တွေကိုဆိုလိုတာဖြစ်ပြီး ဒါတွေကို အများအားဖြင့်နည်းဗျူဟာဆိုင်ရာအတွက် အသုံးပြုဖို့ ထုတ်လုပ်ထားတာဖြစ်သလို လက်ရှိမှာဆိုရင် မဟာဗျူဟာကျတဲ့ ဗုံးကြဲလေယာဉ်တွေနဲ့ gravity ဗုံးတွေကို အဓိက ဆောင်ရွက်နေပါတယ်။

ဒါပေမယ့် အမေရိကန် ပြည်ထောင်စုဟာ မဟာဗျူဟာအတွက်သုံးတဲ့ နျူကလီးယား လက်နက်တွေကို ပုံအောထုတ်လုပ်သင့်ပြီး ရေငုပ်သင်္ဘောတွေကို တိုက်ခိုက်သင့်တယ်လို့ NPR ထဲမှာ ဖော်ပြထားပါတယ်။

နျူကလီးယား ခြိမ်းခြောက်မှုဆိုင်ရာ ပညာမကြိုးပမ်းမှုမှာ စီမံခန့်ခွဲမှုအရာရှိချုပ်နဲ့ဥက္ကဋ္ဌဖြစ်သူ ဂျုံးရိုလ်ဖင်းက စကြီးတစ်ခုတည်းပေါ်မှာ ရှိနေကြတဲ့ နည်းဗျူဟာနဲ့ မဟာဗျူဟာဆိုင်ရာ နျူကလီးယားလက်နက်တွေဖြစ်တဲ့ မဟာ ဗျူဟာသုံးရေငုပ်သင်္ဘောလိုလက်နက်မျိုးတွေဟာ မှားယွင်းတွက်ချက်ဆုံးဖြတ်မှုတွေကို အလွယ်တကူ ဦးတည်လာစေနိုင်တယ်လို့ ဆိုပါတယ်။

ဘယ်ယှဉ်ပြိုင်ဘက် ရန်သူဆီကမဆို မဟာဗျူဟာကျတဲ့ ရေငုပ်သင်္ဘောကနေ ပစ်လွှတ်လိုက်တဲ့ နျူကလီးယားလက်နက် ဝင်ရောက်လာမှုတစ်ခုဟာ မသေချာပေမယ့် မဟာဗျူဟာကျတဲ့ လက်နက်တွေနဲ့ တုံ့ပြန်သွားဖို့ကတော့ သေချာသလောက်ရှိနေတယ်လို့ ဂျုံးက သုံးသပ်ခဲ့ပါတယ်။

ပဋိပက္ခတွေ ဖြစ်ပွားစေမယ့် သဘောမျိုးသက်ရောက်တဲ့ ဝေဖန်ရှုတ်ချမှုတွေအပြင် နျူကလီးယားဆိုင်ရာကျွမ်းကျင်သူ အဝန်းအဝိုင်းက NPR ကို ဘယ်အဆိုအားဖြင့် ရေးဆွဲတယ်ဆိုတာကို မေးခွန်းထုတ်လာကြပါတယ်။ တရုတ်နိုင်ငံနဲ့ အမေရိကန်တို့ရဲ့ ကွာဟချက်ဟာ အငြင်းပွားဖို့ တော်တော်လေး အလှမ်းကျယ်နေပြီး အမေရိကန်ဟာ အဓိပ္ပာယ်ရှိတဲ့ နည်းလမ်းတစ်ခုခုရဲ့နောက်မှာ နှောင့်နှေးကြန့်ကြာနေတယ်။

တရုတ်နိုင်ငံရဲ့ နျူကလီးယားဆိုင်ရာ မဟာဗျူဟာမှာ နျူကလီးယားလက်နက်တွေဟာ ပိုပြီးထင်ရှားလွှမ်းမိုးလာတယ်ဆိုတဲ့ သက်သေအထောက်အထားမရှိဘူးလို့ ကျွမ်းကျင်သူတစ်ဦးဖြစ်တဲ့ ကူလက်ကီက သုံးသပ်ပြောကြားခဲ့ပါတယ်။

**ကိုးကား-ဆင်ဟွာ**

> **"သမ္မတအိုဘားမား လက်ထက်က နျူကလီးယားဆိုင်ရာ သဘောထားသုံးသပ်ချက်ထဲမှာ နျူကလီးယားလက်နက်တွေကို ဘယ်လိုမှမတတ်နိုင်တော့တဲ့ အခြေအနေတစ်ခုရဲ့အဆုံးမှာ နောက်ဆုံးထုတ်သုံးရတဲ့ လက်နက်တစ်ခုအဖြစ် ဖော်ပြထား"**

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်စရာအဖြာဖြာ

ဒေါက်တာဖြူဖြူအိ၊ ပါမောက္ခ/ဌာနမှူး၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်သောအထောက်အကူပြုသင်ခန်းစာများကို အပိုင်းနှစ်ပိုင်းခွဲ၍ ရှင်းလင်းတင်ပြပါမည်။ ပထမပိုင်းတွင်စာမေးပွဲမေးခွန်းပုံစံကိုတင်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ယင်းမေးခွန်းကို အမှတ်ပြည့်ရရှိအောင် ဖြေဆိုနိုင်မည့် ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းတင်ပြပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို အပိုင်း (က) နှင့်အပိုင်း (ခ) ဟူ၍ နှစ်ပိုင်းခွဲခြားမေးလေ့ရှိသည်။ အပိုင်း (က) တွင် မေးခွန်းနံပါတ် ၁ နှင့် ၂ မဖြေမနေရဖြေဆိုရမည့် မေးခွန်းနှစ်ပုဒ် ပါရှိပါသည်။ မေးခွန်းနှစ်ပုဒ်စလုံးကို ဖြေဆိုကြရမည်ဖြစ်သည်။

**မေးခွန်းနံပါတ် ၁ တွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ နံပါတ်ငယ် ၃ ခုနှင့် ၃ ပိုင်းထပ်ခွဲထားပါသည်။**

**၁။(က)**တွင် ဖော်ပြချက် ၁၀ ခုကို မှား၊ မှန်ဖြေဆိုရန်ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများ၊ သီအိုရီများကို ကျေညက်ပြီး နားလည်သဘောပေါက်မှုကို ဆန်းစစ်သော မေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကို ကျွမ်းကျင်တတ်မြောက်မှုရှိမှသာ ဖြေဆိုနိုင်မည်ဖြစ်သည်။

**မေးခွန်းနံပါတ် ၁။(ခ)**တွင် ဖော်ပြချက် ၅ ခုကို စာကြောင်းအပြည့်အစုံမဖော်ပြဘဲ လိုအပ်သောအဖြေကို ကွက်လပ်ဖြည့်ရမည်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေကိုသာ နံပါတ်တပ်၍ တိကျစွာဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် ဘာသာရပ်ဆိုင်ရာ နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သည့်အနေဖြင့် မေးလေ့ရှိသဖြင့် ဘာသာရပ်ကို နားလည်ကျေညက်မှသာ ဖြေဆိုနိုင်မှာဖြစ်ပါသည်။

**၁။(ဂ)**တွင် ဖော်ပြချက် ၅ ခုကို စာကြောင်းတစ်ခုတွင်(က)၊ (ခ)နှင့် (ဂ) အဖြေ ၃ မျိုးပေးထားပြီး ယင်းထဲမှ အဖြေမှန်ကို ရွေးချယ်ရန်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေမှန်ကိုပေးထားသည့် (က)၊ (ခ)နှင့် (ဂ) ထဲကမှ ရွေးချယ်ထားသည့် နံပါတ်ကိုသာ ရေးပေးရန်ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားပါသည်။ သင်ခန်းစာ အခန်း ၁ ခန်းစီမှ ၃ ခုစီနှင့် အခန်း ၆ ခန်းအတွက် ၁၈ ခုမေးထားပြီး ယင်းတို့ထဲမှ နှစ်သက်ရာ ၁၀ ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖြေဆိုရမည်ဖြစ်သည်။

**မေးခွန်းလွှာ၏အပိုင်း(ခ)**တွင် စုစုပေါင်းမေးခွန်းလေးပုဒ်မေးထားပြီး ထိုလေးပုဒ်ထဲမှ နှစ်သက်ရာ သုံးပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းလေးပုဒ်အနက် မေးခွန်းနံပါတ် ၃၊ ၄ နှင့် ၅ တို့မှာ မေးခွန်းပုံစံဆင်တူပါသည်။ မေးခွန်းခွဲ(က)တွင် အမှတ် ၂၀ ပေးသည့်မေးခွန်းရှည် ၁ ပုဒ်ကို မေးထားပြီး (ခ)တွင် ၁၀ မှတ်ပေးသည့် မှတ်စုတိုလေးပုဒ်ပေးထားပါသည်။ (က)နှင့် (ခ)ထဲမှ နှစ်သက်ရာကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ တစ်ဖန်မေးခွန်းခွဲ (ခ)ကို ရွေးချယ်ပါက ပေးထားသည့် မှတ်စုတိုလေးပုဒ်အနက် နှစ်သက်ရာနှစ်ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ဆိုလိုသည်မှာ မေးခွန်းခွဲ(က)နှင့် မေးခွန်းခွဲ(ခ) ၂ ခုထဲမှ နှစ်သက်ရာကို ရွေးချယ်ဖြေဆိုရမည်ဖြစ်ပြီး မေးခွန်းခွဲ(က)ကို ဖြေဆိုပါက မေးခွန်းခွဲ(ခ)ကို ဖြေဆိုရန် မလိုသကဲ့သို့ မေးခွန်းခွဲ (ခ) ကို ဖြေဆိုပါက မေးခွန်းခွဲ (က) ကို ဖြေဆိုရန်မလိုပါ။ မေးခွန်း ၁ ပုဒ်လုံးအတွက် ရရှိနိုင်သည့်ရမှတ်မှာ ၂၀ မှတ် ဖြစ်သည်။

**မေးခွန်းနံပါတ် (၆)** မှာ တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းဖြစ်သည်။ ပေးထားသောစာရင်းအင်း ကိန်းဂဏန်းများကို အသုံးပြုပြီး တွက်ချက်ခြင်း၊ မျဉ်းကွေးများနှင့် ပုံများရေးဆွဲခြင်း စသည်ဖြင့် သီအိုရီသဘောတရားများ နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သောဉာဏ်စမ်းမေးခွန်းများကို ဖြေဆိုရန် ဖြစ်သည်။ မေးခွန်းခွဲ(က)၊(ခ)နှင့် (ဂ)မှ နှစ်သက်ရာနှစ်ပုဒ်ကိုသာ ဖြေဆိုရန်ဖြစ်သည်။ ယင်းမေးခွန်းအတွက် ရမှတ်မှာလည်း ၂၀ မှတ်ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို ခြုံငုံကြည့်ပါက မေးခွန်း အမျိုးအစား ၅ မျိုးပါဝင်သည့် မေးခွန်းခြောက်ပုဒ်ပေးထားသောမေးခွန်းလွှာဖြစ်သည်။ အမျိုးအစား ၅ မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန် မေးခွန်း၊ (၂)အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄)မေးခွန်းရှည် မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းတို့ဖြစ်သည်။ ယင်းတို့အနက် အပိုင်း(က)မှ မေးခွန်းနံပါတ် ၁ နှင့် ၂ မဖြေမနေရဖြေဆိုရမည့် မေးခွန်း နှစ်ပုဒ်အပြင် အပိုင်း(ခ)မှ နှစ်သက်ရာမေးခွန်းသုံးပုဒ် စုစုပေါင်းမေးခွန်းငါးပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။

**ဖြေဆိုပုံဖြေဆိုနည်း**

မေးထားသောမေးခွန်းခြောက်ပုဒ်ကို ဖြေဆိုရာတွင် တိကျမှန်ကန်စေရေးနှင့် အမှတ်ကောင်းရရန် ဖြေဆိုပုံဖြေဆိုနည်းကို မေးခွန်း ၁ ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

**မေးခွန်း (၁-က)** ဤမေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူကပေးထားသောဖော်ပြချက်ကို မှားသလား (သို့)မှန်သလား ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ စာကြောင်းပြန်ရေးရန်မလိုဘဲ စာဖြေသူက ရွေးချယ်ထားသော အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ-'ထုတ်လုပ်မှု အင်အားစုတစ်ခုဖြစ်သော မြေယာဆိုသည်မှာ မြေကြီးသက်သက်ကိုသာဆိုလိုသည်။' ဟူသော ဖော်ပြချက်တွင် အဖြေက **'မှား'** ဖြစ်သည့်အတွက် **'မှား'** ဟုသာ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းစာသားပြန်ရေးရန်မလိုပါ။ ဖြေဆိုရာတွင်လည်း မှား (သို့မဟုတ်) မှန် တိကျပြတ်သားရန်လိုပါသည်။ စာစစ်သူဖတ်၍မရသော မှား၊ မှန်မကွဲပြားသောအဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် စာဖြေသူက အဖြေကို တိတိကျကျပြတ်ပြတ်သားသား၊ ပီပီသသ၊ မှန်မှန်ကန်ကန်ဖော်ပြဖြေဆို ရပါမည်။ ဖော်ပြချက် ၁၀ ခုအတွက် ၁ ခုလျှင် ၁ မှတ်ဖြင့် စုစုပေါင်းရမှတ် ၁၀ မှတ်ဖြစ်သည်။

**မေးခွန်း (၁-ခ)** ဤမေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူကပေးထားသောစာကြောင်းတွင် လိုအပ်သည့်ကွက်လပ်ကိုအဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ စာကြောင်း ပြန်ရေးသားရန် မလိုဘဲ ဖြည့်စွက်ရမည့် အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသောအဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန်လိုပါသည်။ ဥပမာ-'ကုးသန်းရောင်းဝယ်ရေးဘဏ်များ၏ အဓိကလုပ်ဆောင်ချက်များမှာ အပ်ငွေလက်ခံခြင်းနှင့် ______ တို့ဖြစ်သည်။' ဟူသော မေးခွန်းအတွက်အဖြေမှာ **'ချေးငွေထုတ်ချေးခြင်း'** ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း ၁ ခုလျှင် ၁ မှတ်ဖြင့် ၅ ခုအတွက် စုစုပေါင်းရမှတ် ၅ မှတ်ဖြစ်သည်။

**မေးခွန်း (၁-ဂ)** ဤမေးခွန်းတွင် မေးထားသောစာကြောင်းတွင် အဖြေကို (က)(ခ)(ဂ) (၃) မျိုး ပေးထားပြီး ယင်းထဲမှအဖြေမှန် ၁ ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ယင်းမေးခွန်းတွင်လည်း မေးခွန်းစာကြောင်းကို ပြန်လည်ရေးရန်မလိုပါ။ ဥပမာ-'ဈေးကွက်ဝယ်လိုအားကို ပြဋ္ဌာန်းသောအချက်မှာ (က) ၄ချက် (ခ) ၅ချက် (ဂ) ၆ချက် ရှိသည်။' ဟူသော မေးခွန်း၏အဖြေမှန်မှာ **(ဂ)၆**ချက်ဖြစ်သည်။ မေးခွန်း(၁-ဂ) မေးခွန်းနံပါတ်သေး(၁) (ဂ)ဟု ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း ၅ ခုအတွက် ၁ ခုလျှင် ၁ မှတ်ဖြင့် စုစုပေါင်းရမှတ် ၅ မှတ်ဖြစ်သည်။

**မေးခွန်းအပိုင်း(က)** နံပါတ်(၁)မေးခွန်းအတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ပြဋ္ဌာန်းထုတ်ဝေထားသည့် ဒသမတန်းဘောဂဗေဒဖတ်စာအုပ်မှ သင်ခန်းစာ အခန်းတိုင်း၏ အဆုံး၌ ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန် ထည့်သွင်းပေးထားသဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကြိုတင်လေ့လာနိုင်ပါသည်။

**မေးခွန်းနံပါတ်(၂)**တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိကျမှန်ကန်ပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ အဖြေသည်တိကျမှန်ကန်မှု ရှိရန်လိုအပ်ပါသည်။ မှားယွင်းသောအဓိပ္ပာယ်ဖွင့်ဆိုချက်များကို အမှတ်ပေးခြင်း မရှိကြောင်းကို ဖြေဆိုသူများ အထူးသတိပြုရန်လိုပါသည်။ ဥပမာ- **'ထပ်ဆင့်တိုးတန်ဖိုးခွန်'**၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးထားခြင်းကို 'ထပ်ဆင့်တိုးတန်ဖိုးခွန်ဆိုသည်မှာ ကုန်စည်တစ်မျိုး၏ ထုတ်လုပ်မှုဖြစ်စဉ် အဆင့်ဆင့်တွင် ထပ်ဆင့်တိုးလာသော တန်ဖိုးများအပေါ်တွင် ကောက်ယူသည့် အခွန်ဖြစ်သည်။'ဟူသော အဖြေမှန်ကို ဖြေဆိုရမည့်အစား **'ထပ်ဆင့်တိုးတန်ဖိုး**ဆိုသည်မှာ ကုန်ကြမ်းတန်ဖိုးတွင် ထပ်ဆင့်တိုးလာသည့် ထုတ်လုပ်မှု၏တန်ဖိုးဖြစ်သည်။' ဟု ထပ်ဆင့်တိုးတန်ဖိုး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မှားယွင်းဖြေဆိုပါက လွဲမှားနေသဖြင့် အမှတ်လုံးဝ မရနိုင်ပါ။

ထို့ကြောင့် မှားယွင်းလွယ်သော၊ ဆင်တူယိုးမှားဖြစ်ပြီး အဓိပ္ပာယ်လုံးဝကွဲလွဲသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အလွတ်ကျက်ခြင်းထက် သဘောတရားနားလည်စေရန် ပိုမိုလေ့လာထားပြီး မမှားအောင် ဖြေဆိုရန်လိုအပ်ပါသည်။

ပေးထားသောအဓိပ္ပာယ်ဖွင့်ဆိုချက် ၁၈ ခုထဲမှ နှစ်သက်ရာ ၁၀ ခုကို ဖြေဆိုရပြီး တိကျမှန်ကန် ပြည့်စုံပါက ၁ ခုအတွက် ၂ မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက ၁ မှတ်နှင့် အထက်တွင် ဖော်ပြခဲ့သကဲ့သို့ မှားယွင်းပါက (၀)မှတ်ဟု စည်းမျဉ်းချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ တစ်ခုလျှင် ၂ မှတ်နှင့် ၁၀ ခုဖြေဆိုရသည့်အတွက် စုစုပေါင်း ၂၀ မှတ်ဖြစ်သည်။ အပိုင်း(က)တွင် မေးထားသော မေးခွန်းများအတွက် စုစုပေါင်း ရရှိနိုင်သည့် အမှတ်မှာ ၄၀ မှတ်ဖြစ်ပါသည်။ မေးခွန်းနံပါတ် ၁ နှင့် ၂ ကို တိကျမှန်ကန်စွာဖြေဆိုနိုင်ခြင်းဖြင့် အမှတ် ၄၀ အပြည့်ရရှိနိုင်ပါသည်။

**မေးခွန်းလွှာ၏အပိုင်း(ခ)**တွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မေးခွန်းနံပါတ်၃၊ ၄နှင့် ၅ တို့ကို မေးခွန်းပုံစံဆင်တူစွာမေးထားပါသည်။ (က)တွင် အမှတ် ၂၀ မေးခွန်းရှည်ကို မေးထားပြီး သို့မဟုတ်ခံက (ခ)တွင် မှတ်စုတို ၄ ခုမေးထား၍ နှစ်သက်ရာနှစ်ပုဒ်ကို ဖြေဆိုရမည်ဖြစ်ပါသည်။ ယင်းမေးခွန်းများတွင် အခန်းသီးသန့်စီခွဲကာ မေးထားခြင်းမျိုးမဟုတ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါအခန်း ၆ ခန်းစလုံးကို ပေါင်းစပ်ရောနှောပြီးမေးနိုင်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ရိုးအားလုံးကိုနှံ့စပ်စွာ ကျေညက်အောင် ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။

မှတ်စုတိုကိုဖြစ်စေ၊ မေးခွန်းရှည်ကိုဖြစ်စေ ဖြေဆိုရာတွင်လည်း မေးထားသည့်အကြောင်းအရာ၏ အဓိပ္ပာယ်ကို ဦးစွာဖွင့်ဆိုသင့်ပါသည်။ ပြီးမှသာ ရှင်းလင်းချက်များကို ဖြေဆိုရပါမည်။ ထို့အပြင် အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက စစ်ဆေးသူရှင်းလင်းပြတ်သားစွာ စစ်ဆေးနိုင်ရန် မေးထားသည့်အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို အသေးစိတ်ထပ်မံဖြေဆို သင့်ပါသည်။ ၂၀ မှတ်တန်မေးခွန်းရှည်ကို ရွေးချယ်ဖြေဆိုမည်ဆိုပါကလည်း အထက်ပါဖြေဆိုချက်အတိုင်း ဖြေဆိုသင့်ပါသည်။

မေးခွန်းနံပါတ်(၆)သည် တွက်ချက်မှုနှင့် ဉာဏ်စမ်းပုစ္ဆာကို (က)(ခ)(ဂ)ခွဲ၍ ၁၀ မှတ်စီမေးထားပြီး နှစ်သက်ရာ (၂)ခုကို ဖြေဆိုရပါမည်။ တိကျမှန်ကန်စွာဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် ယူဆချက်မှားယွင်းပါက အမှတ်လျော့လွယ်သောမေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် ယင်းမေးခွန်းနှင့် ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းလိုပါသည်။

(၁) မေးခွန်းတွင် ကိန်းဂဏန်းအချက်အလက်ကို အခြေခံပြီး မျဉ်းကွေးများ၊ ပုံများရေးဆွဲခြင်းဖြစ်ပါက ပေးထားသည့် ကိန်းဂဏန်းပေါ်မူတည်၍ စကေးချပြီး မျဉ်းကွေးကို တိကျစွာရေးဆွဲရမည်ဖြစ်ပါသည်။ ဥပမာ - **'အားမျှခြေဇယား'** ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသောမေးခွန်းတွင် ဦးစွာ 'အားမျှခြေ' ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက်မေးခွန်းပါကိန်းဂဏန်းကို လေ့လာ၍ သင့်လျော်သော စကေးကိုဦးစွာချပြီး ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် ဝယ်လိုအားနှင့် ရောင်းလိုအား မျဉ်းကွေးများအတွက်အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို ဆက်လိုက်ခြင်းအားဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းကွေးများကိုရရှိပါမည်။ ဤသို့ ရေးဆွဲရာတွင် အမှတ် ၂ ခုစီကို ပေတံဖြင့် မျဉ်းဖြောင့်အတိုင်းမဆက်ရဘဲ အမှတ်အားလုံးကို အစဉ်လိုက် လက်ဖြင့်ပြေပြစ်သော မျဉ်းကွေးအဖြစ် ဆက်ရန်လိုပါသည်။

(၂) ထို့အတူ 'ထုတ်လုပ်နိုင်မှုအခြေပြဇယား' ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသောမေးခွန်းတွင်လည်း ဦးစွာထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုပြီး မေးခွန်းပါကိန်းဂဏန်းများကို အခြေခံ၍ သင့်လျော်သော စကေးကိုချကာ ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက်အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို ဆက်လိုက်ခြင်းအားဖြင့် ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရရှိပါမည်။ ဤတွင်လည်းအစက်များကို အစဉ်လိုက်ပြေပြစ်သော မျဉ်းကွေးအဖြစ် ရေးဆွဲရမည်ဖြစ်သည်။ အခွင့်အလမ်းစရိတ်တွက်ချက်မှုတွင် အခွင့်အလမ်းစရိတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ တွက်ချက်ရမည့်ပုံသေနည်းကို ဖြေဆိုပြီး မေးခွန်းတွင်မေးထားသည့်အမှတ် ၂ ခုအတွက် အခွင့်အလမ်းစရိတ်ကို တွက်ချက်ပေးရပါမည်။

(၂) အားမျှခြေတွင် ဇယားပေးပြီး အားမျှခြေ၊ ပိုလျှံဝယ်လိုအား၊ ပိုလျှံရောင်းလိုအားတို့ကို ရှာစေသည့် မေးခွန်းအပြင် ဈေးကွက်အားမျှခြေအပေါ်တွင် ဝယ်လိုအားနှင့် ရောင်းလိုအား ပြောင်းလဲခြင်းများ၏ အကျိုးသက်ရောက်ပုံကိုလည်း မေးလေ့ရှိပါသည်။ မေးခွန်းတွင် မူလရှိ ဈေးကွက်အခြေအနေတစ်ခုတွင် ဝယ်လိုအား (သို့) ရောင်းလိုအားကို ပြဋ္ဌာန်းသောအချက်များထဲမှ အချက်တစ်ခုခုကို ပြောင်းလဲစေခြင်းသည် လေ့လာရမည့်ဈေးကွက်အခြေအနေကို မည်သို့အကျိုးသက်ရောက်စေသည် စသည်ကို ပုံနှင့်တကွ ဖြေဆိုရမှာ ဖြစ်သည်။

(၃) ကိန်းဂဏန်းအချက်အလက်ကို အခြေခံပြီးတွက်ချက်စေသော မေးခွန်းတွင် မေးထားသည့်အကြောင်းအရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစားဖြေဆိုရပါမည်။ ထို့နောက်မှ တွက်ချက်မှုကို ပြုလုပ်သင့်ပါမည်။

(၄) တိုင်းပြည်ဝင်ငွေ တွက်ချက်နည်းဆိုင်ရာမေးခွန်းများအတွက် တိုင်းပြည်ဝင်ငွေနှင့် တစ်ဦးကျဝင်ငွေတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး တွက်ချက်မှုကို ဆက်လက်ဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် GDP, GNP, NNP နှင့် တစ်ဦးကျ ဝင်ငွေအထိ မေးလေ့ရှိသည်။ သတိပြုရန်အချက်မှာ ပေးထားသော ကိန်းဂဏန်းများ၏ ယူနစ်ကိုပြန်သုံးရန်ဖြစ်သည်။ ဆိုလိုသည်မှာ ပေးထားသည့်တန်ဖိုးမှာ ကျပ်သိန်းပေါင်း ဆိုပါက ဖြေဆိုရာတွင် ကျပ်သိန်းပေါင်း၊ ကျပ်သန်းပေါင်းဆိုပါက ကျပ်သန်းပေါင်းဖြင့် တွက်ချက်ဖော်ပြရမည်ဖြစ်သည်။ ဤတွင် ပေးထားသောကိန်းဂဏန်းများကို ချရေးပြရုံဖြင့် အမှတ်မရနိုင်သဖြင့် အဆင့်လိုက် တွက်ချက်သွားရန်နှင့် တွက်ချက်မှုတွင် အသုံးပြုသော လက္ခဏာများကို ဖော်ပြရန်လိုပါသည်။

(၅) ငွေကြေးအရေအတွက် သီအိုရီမေးခွန်းတွင် ငွေကြေးပမာဏ၊ ဈေးနှုန်းနှင့် ကုန်စည်အရေအတွက်တို့ကို ပေးထားပြီး ငွေကြေးလည့်ပတ်မှုအရှိန်ကိုရှာရန်မေးလေ့ရှိပါသည်။ ပထမဦးစွာ ငွေကြေးအရေအတွက် သီအိုရီ၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက်ပေးထားချက်များကို အခြေခံ၍ တွက်ချက်ရန်ဖြစ်ပါသည်။

(၆) အခွန်စည်းကြပ်မှုနှုန်းနှင့်ပတ်သက်၍ ဝင်ငွေအဆင့်အလိုက် စည်းကြပ်သည့်အခွန်နှုန်းကို တွက်ပြီး ယင်းအခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဍာန်ဖြစ်သည်ကို သုံးသပ်ပြခိုင်းလေ့ရှိသည်။ အိမ်ထောင်စု ၃ ခု၏ ဝင်ငွေနှင့် ဝင်ငွေခွန်ပေးဆောင်ရမည့်ပမာဏကို ဇယားတွင် ဖော်ပြထားပြီး အိမ်ထောင်စုတစ်ခုစီအတွက် အခွန်နှုန်းကိုရှာကာ ယင်းဝင်ငွေခွန်သည် မည်သည့်အခွန် စည်းကြပ်မှုပုံသဏ္ဍာန်ဖြစ်သည်ကို သုံးသပ်ပါဟုမေးလေ့ရှိပါသည်။ ဦးစွာ အခွန်စည်းကြပ်မှုပုံသဏ္ဍာန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုပြီး အိမ်ထောင်စု ၁ ခုချင်းစီ၏ အခွန်ပမာဏကို တွက်ချက်သုံးသပ်ရမည်ဖြစ်သည်။

(၇) ကုန်ဖလှယ်မှုအချိုးနှင့်ပတ်သက်၍ အခြေခံနှစ်နှင့်အခြားနှစ် ၂ ခုတို့၏ ပို့ကုန်ဈေးဆနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆနှုန်းကိန်းတို့ကို ပေးထားပြီး ယင်းနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကို တွက်ချက်ကာ အချိုးပြောင်းလဲခြင်းများကို သုံးသပ်ပြစေလေ့ရှိပါသည်။ ဦးစွာကုန်ဖလှယ်မှုအချိုး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် ၃ နှစ်စလုံး၏ကုန်ဖလှယ်မှုအချိုးကို ၁ နှစ်စီတွက်ချက်ရပါမည်။ ထိုအခါ အခြေခံနှစ်၏ ကုန်ဖလှယ်မှုအချိုးသည် ၁၀၀ ဖြစ်ပြီး ကျန်၂ နှစ်တွင် ထွက်ရှိသောအဖြေသည် ၁၀၀ ထက်နည်းပါက အခွင့်မသာသော(သို့) ကျဆင်းသော ကုန်ဖလှယ်မှုဟု သုံးသပ်ပြီး ၁၀၀ ထက်များပါက အခွင့်သာသော (သို့) တိုးတက်သော ကုန်ဖလှယ်မှုဟု သုံးသပ်ဖြေဆိုရပါမည်။

တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို ဖြေဆိုရန်အတွက် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နားလည်သဘောပေါက်အောင်လေ့လာပြီး ကျေညက်အောင်မှတ်သားထားပါက အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်မှာဖြစ်ပါသည်။ ဖြေဆိုသူကျောင်းသားကျောင်းသူများအားလုံး အောင်မြင်ပါစေဟု ဆုတောင်းရင်း ပို့ချချက်ကို ရပ်နားလိုက်ပါသည်။

# တောင်သူများ လက်ရှိဖြစ်ပေါ်လျက်ရှိသော အခက်အခဲများကို လွယ်ကူစေရန် စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

စပါးစိုက်ပျိုး တောင်သူများအနေဖြင့် လက်ရှိကြုံတွေ့လျက်ရှိသော လုပ်သားရှားပါးမှုပြဿနာ၊ အချိန်ကုန် ငွေကုန် သက်သာစေရန်ရည်ရွယ်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးပေးခြင်း နည်းပညာဖြန့်ဝေပေးလျက်ရှိသကဲ့သို့ တောင်သူများလက်ဝယ် စက်ကရိယာများ ပိုင်ဆိုင်လာနိုင်စေရေး စက်မှုလယ်ယာ ဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် စပါးစိုက်ပျိုးရာတွင် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းခြင်း၊ အလုပ်သမားရှာဖွေရသည့် အခက်အခဲလျော့ချခြင်း၊ လုပ်ငန်းတွင် ကျယ်၍ပြီးစီးမှုပိုခြင်း၊ သက်သောင့်သက်သာ စိုက်ပျိုးနိုင်ခြင်း၊ ပျိုးထောင်ဧရိယာ အနည်းငယ်သာ လိုအပ်ခြင်း၊ ပျိုးပင်များ ပြုစုထိန်းသိမ်းမှု လွယ်ကူစိတ်ချခြင်းစသည့် အကျိုးကျေးဇူးများ ရရှိပြီး ကောက်စိုက်သမဖြင့် စပါးစိုက်ပျိုးပါက စိုက်ပျိုးစရိတ်တစ်ဧကလျှင် ကုန်ကျငွေကျပ်ခြောက်သောင်းကျော် ကုန်ကျရာမှ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးလျှင် ငွေကျပ် ၂၅၀၀၀ ခန့်သာ ကုန်ကျမည်ဖြစ်၍ စရိတ်စကနှင့် ကြာချိန်သက်သာလာမည် ဖြစ်သည်။



ဆက်လက်၍ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းအား ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီက ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ စက်မှုလယ်ယာစနစ်ကျ စံပြစိုက်ကွင်း၌ နွေစပါးဧက ၈၀ တွင် တစ်ပေါင်းတစ်စပ်တည်း စိုက်ပျိုးပြသခဲ့သည်။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ကူဘိုတာ အမျိုးအစား (၆) တန်းသွား Rice Transplanter (6-Rows) (Kubota) လက်ငင်းဈေးနှုန်း ငွေကျပ်သိန်း ၁၉၀ ဖြင့် ဝယ်ယူနိုင်ပြီး အရစ်ကျဝယ်ယူလိုပါက ဝယ်ယူသည့်နေ့တွင် ငွေကျပ် ၆၈ သိန်း ပေးသွင်းရပြီး တစ်နှစ်ပြည့်သည့်အခါတွင် ငွေကျပ် ၆၈ သိန်းပေးသွင်းရမည်ဖြစ်ကာ၊ တတိယအရစ်ငွေကျပ် ၆၈ သိန်းအား တစ်နှစ်ပြည့်လျှင် ပေးသွင်းရမည်ဖြစ်သည့်အတွက် စပါးစိုက်ပျိုးတောင်သူအနေဖြင့် နှစ်နှစ်ပြည့်သည့်အခါတွင် ကောက်စိုက်စက်ပိုင်ဆိုင်စေရန် စက်မှုလယ်ယာဦးစီးဌာနမှ စီစဉ်ပေးထားသည့်အတွက် ယခုအခါတွင် တောင်သူများ၏ လက်ဝယ်တွင် ကောက်စိုက်စက်များ ပိုင်ဆိုင်နေကြပြီဖြစ်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတွင်ကျယ်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါအခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာန နေပြည်တော်တိုင်း ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်ဝေ၊ ဒက္ခိဏခရိုင်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးဝင်းသန့်၊ အမှတ် ၈၄ စက်မှုလယ်ယာစခန်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ဇင်လတ်နှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

---

# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**ဗန်းမောက် ဖေဖော်ဝါရီ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေဖြင့် ခိုပျဉ်ကျေးရွာ၌ ကျောက်ရိုးစီ ချောက်ကူးတံတား ဆောင်ရွက်နေမှုနှင့် ပင်ပုံကျေးရွာ၌ မူလတန်းကျောင်းဆောင် ပြုပြင်ခြင်းဆောင်ရွက်နေမှုများကို Network Activities Group (NAG) မှ International CDD Specialist ဖြစ်သူ Ms.Marlene Cacho Fuentes နှင့် အဖွဲ့ ဖေဖော်ဝါရီ ၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

NAG မှ တာဝန်ရှိသူနှင့်အတူ ဗန်းမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်စီမံကိန်းတာဝန်ခံ ဒေါ်မြင့်မြင့်ခိုင်၊ မြို့နယ်နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးတင်မောင်ထွန်း၊ လက်ထောက်နည်းပညာမှူး ဒေါ်မြတ်သီတာစိုးနှင့် NAG မှ ဦးစိမ်းနေဦးမောင်(Program Assistance)တို့က ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ပြီး ကျေးရွာမှ စီမံကိန်းဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာလူထု ပူးပေါင်းပါဝင်မှုအခြေအနေ၊ လုပ်ငန်းအခက်အခဲများစသည်တို့ကို ဆွေးနွေးခဲ့ပြီး လုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရေး မှာကြားခဲ့သည်။

**ကျော်စွာ(ဗန်းမောက်)**

---

# မြစိမ်းရောင်နှင့် VDP စီမံကိန်း ရန်ပုံငွေများပေးအပ်ပြီး NAG ၏ လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်း



**ဖလမ်း ဖေဖော်ဝါရီ ၉**

ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း ကျေးရွာများ၌ ဆောင်ရွက်မည့် မြစိမ်းရောင်နှင့် VDP စီမံကိန်းအတွက် ကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲနှင့် Network Activites Group(NAG)၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို ဖလမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၇ ရက်က ကျင်းပသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခုတ်မွှန်းလျန်က စီမံကိန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်း ထပ်မံတိုးချဲ့ဆောင်ရွက်မည့် ကျေးရွာများနှင့် VDP စီမံကိန်း ဆောင်ရွက်မည့် ကျေးရွာတစ်ရွာအတွက် ရန်ပုံငွေများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရာလ်နှင်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကျေးရွာများမှ တာဝန်ခံများထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် Network Activites Group(NAG)အဖွဲ့၏ ၂၀၁၇ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ လုပ်ငန်းဆောင်ရွက်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူက ရှင်းလင်းပြောကြားခဲ့သည်။ NAG အဖွဲ့သည် ဖလမ်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၃၀ မှ ကျေးရွာ ၅၅ ရွာတွင် ၂၀၁၅ ခုနှစ်က ကိုမန်မုန်တိုင်းကြောင့် ပျက်စီးသွားသော အခြေအနေများကို စစ်တမ်းကောက်ယူခြင်းများလုပ်ဆောင်ကာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သင်တန်းများပို့ချမည့် အဖွဲ့အစည်းဖြစ်သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဖလမ်းမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းကို ကျေးရွာသုံးရွာတွင် ထပ်မံတိုးချဲ့ဆောင်ရွက်မည်ဖြစ်ရာ တစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ စီနှင့် Village Development Plan (VDP) စီမံကိန်း ဆောင်ရွက်မည့်ကျေးရွာတစ်ရွာအတွက် ငွေကျပ်သိန်း ၁၀၀ ကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

---

# ဌာနဆိုင်ရာနှင့် ပြည်သူများအား တိုင်းဝန်ကြီးချုပ် တွေ့ဆုံ

**ဖြူး ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တောင်ငူခရိုင် ဖြူးမြို့သို့ ဖေဖော်ဝါရီ ၆ ရက်က လာရောက်ပြီး မြို့နယ်အတွင်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအား တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်သည် ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ တောင်ငူခရိုင်အတွင်းရှိ တောင်ငူ-အုတ်တွင်း-ထန်းတပင်နှင့် ဖြူးမြို့နယ်တို့မှ အုပ်ချုပ်ရေးမှူးများ၊ လယ်ယာမြေသိမ်းဆည်းခံခဲ့ရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ကော်မတီဝင်များနှင့် ဒေသခံတောင်သူလယ်သမားများအား တွေ့ဆုံပြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရသည့် တောင်သူလယ်သမားများအနေဖြင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြရန် အမှာစကားပြောကြားကာ မြို့နယ်အလိုက် တာဝန်ရှိသူများက တောင်သူလယ်သမားများအား လယ်ယာမြေသိမ်းဆည်းခံခဲ့ရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အကြီးစား အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည့် ဖြူးမြို့နယ် ပြည်သူ့အားကစားကွင်းကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားခဲ့သည်။

**ဖြူးမြင့်ဦး**

---

# တိုက်ကြီးမြို့တွင်ထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုကို ပြည်သူများ သောင်းသောင်းဖြဖြကြိုဆို




**တိုက်ကြီး ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ဘုရားလေးလမ်းနှင့် မြို့လယ်လမ်းဆုံ လမ်းလယ်ကျွန်းနေရာတွင် ထားရှိရန်အတွက် ရန်ကုန်မြို့မှ သယ်ဆောင်လာခဲ့သော ဗိုလ်ချုပ်မြင်းစီးကြေးသွန်းရုပ်တု မော်တော်ယာဉ်အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက် ညနေပိုင်းက တိုက်ကြီးမြို့သို့ရောက်ရှိခဲ့ရာ မြို့နေပြည်သူများနှင့် အသင်းများ၊ အဖွဲ့အစည်းများက တီးဝိုင်း၊ ရိုးရာအကနှင့် အိုးစည်ဝိုင်းများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုကြကြောင်း သိရသည်။

တိုက်ကြီးမြို့တွင်ထားရှိမည့် အဆိုပါ ဗိုလ်ချုပ်မြင်းစီးကြေးရုပ် ဖြစ်မြောက်ရေးအတွက် မြို့မိမြို့ဖများကော်မတီဥက္ကဋ္ဌ ဦးဆန်းညွန့် ဦးဆောင်သည့် ကော်မတီဝင်များက အလှူငွေများကောက်ခံ၍ ရန်ကုန်တိုင်းဒေသကြီးတောင်ဒဂုံမြို့နယ်တွင် မှာယူသွန်းထုခဲ့ခြင်းဖြစ်သည်။ "ကျွန်တော်တို့ တိုက်ကြီးမြို့နယ်မှာ ထားရှိမယ့် ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တု စိုက်ထူထားရှိနိုင်ဖို့အတွက် အုပ်ချုပ်ရေးအဖွဲ့များ မြို့မိမြို့ဖများနဲ့ တိုင်ပင်ပြီး ဗိုလ်ချုပ်ရုပ်တု ဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းကာ အလှူငွေတွေ ကောက်ခံခဲ့ပါတယ်၊ စေတနာရှင်ပြည်သူတွေထံမှ ကောက်ခံရရှိတဲ့ငွေနဲ့ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တုကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တုထားရှိရန် အုတ်ခုံအမြင့်က ၁၁ ပေ၊ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တုက ၁၁ ပေ ဖြစ်လို့ မြေပြင်မှအမြင့် ၂၂ ပေ ရှိပါတယ်၊ ကြေးပိဿာချိန် ၈၀၀ ခန့်ကုန်ပြီး ကုန်ကျငွေကတော့ သိန်း ၃၀၀ ကျော် ဖြစ်ပါတယ်"ဟု ရုပ်တုဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ပြောသည်။

ဗိုလ်ချုပ်ကြေးရုပ်တု စိုက်ထူထားရှိသည့် ရည်ရွယ်ချက်မှာ မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကျေးဇူးတရားကို ထာဝစဉ် အောက်မေ့သတိရစေရန်နှင့် နောင်မျိုးဆက်သစ်လူငယ်များအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ကျေးဇူးကို သိရှိကာ အဆင့်ဆင့် လေးစားတန်ဖိုးထား အမှတ်ရစေရန်ဖြစ်ကြောင်း၊ ရုပ်တုကို ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၃ ရက်တွင် ခမ်းနားစွာ ဖွင့်ပွဲကျင်းပ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

**ထွန်းလှိုင်(မြိုင်)**

---

# စိုက်ပျိုးရေးနှင့် မွေးမြူရေး နည်းပညာသင်တန်း ကော့ကရိတ်မြို့နယ်တွင် ဖွင့်လှစ်လျက်ရှိ

**ကော့ကရိတ် ဖေဖော်ဝါရီ ၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်း အမှတ်စဉ် ၁/၂၀၁၈ ကို ဖေဖော်ဝါရီ ၅ ရက်မှစ၍ ထီဖိုးစံကျေးရွာအုပ်စု ထီဖိုးစံကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ထီဖိုးစံကျေးရွာအုပ်စုအတွင်းရှိ ထီဖိုးစံကျေးရွာ၊ ကော့ဖန်ရကျေးရွာ၊ မြပတိုင်ကျေးရွာနှင့် ကွီးမောင်တိုင်ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၃၆ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၉ ရက်အထိဖြစ်ကြောင်း၊ သင်တန်းတွင် GAP စိုက်ပျိုးရေးစနစ်အကြောင်း၊ မြေဩဇာအသုံးပြုနည်း၊ ပိုးသတ်ဆေးနှင့် ရောဂါသတ်ဆေးများ သုံးစွဲနည်း၊ သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲနည်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ရွေးချယ်သုံးစွဲနည်းနှင့် ထုတ်လုပ်နည်း၊ စနစ်တကျ မြေဩဇာကျွေးနည်း၊ ကောက်ရိုးမှိုစိုက်ပျိုးထုတ်လုပ်နည်း၊ ကျွဲမွေးမြူရေး၊ နွားမွေးမြူရေး၊ ဘဲမွေးမြူရေး၊ ဝက်မွေးမြူရေး၊ ဆိတ်မွေးမြူရေး၊ နွားစာချဉ်ဖတ်ပြုလုပ်နည်း၊ ကာကွယ်ဆေးထိုးနည်းနှင့် ရောဂါကုသနည်းများ စသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ဘာသာရပ်များကို စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ နည်းပြများက စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဝင်း(ခာတု)/ထွန်းထွန်းထွေး (ဘားအံ)**

# ၂၀၁၈ ခုနှစ် မြန်မာရုပ်ရှင်ထူးချွန်ဆုပေးပွဲ အတွက် အနုပညာရှင်များ၏ ရင်ခုန်သံစကားများ

— ကိုလင်း —




ယခုနှစ် မတ်လကုန်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲ အခမ်းအနားကို ကျင်းပ ပြုလုပ်သွားမည် ဖြစ်သည်။ ယခုနှစ်အတွက် ထူးခြားမှုက ရုပ်ရှင်ထူးချွန်ဆု ၁၂ ဆုကို ချီးမြှင့်သွားမည်ဖြစ်ပြီး ရုပ်ရှင် ဇာတ်ကားပေါင်း ၃၀ ကျော်ကို စိစစ်ပြီး မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှာ ရွေးချယ်ထားသော အကယ်ဒမီ ရွေးချယ်ရေးအဖွဲ့မှ စတင်ရွေးချယ်နေကြောင်း သိရသည်။

လတ်တလော ပရိသတ်တွေ ခန့်မှန်းပေးထားကြသည့် အနုပညာရှင်များဖြစ်ကြသည့် မြင့်မြတ်၊ အိန္ဒြာကျော်ဇင်၊ စိုးပြည့်သဇင်တို့၏ အကယ်ဒမီအပေါ် ရင်ခုန်သက်ဝင် လှုပ်ရှားစကားသံများကို လည်း ယခုလို ကြားသိခဲ့ရပြန်သည်။

**မြင့်မြတ်**

အကယ်ဒမီကတော့ ရင်မခုန်ပါဘူး။ ဘာလို့လဲဆိုတော့ ဇာတ်ကားတွေကများပေမယ့် ဒရာမာ ဇာတ်သိပ်မပါဘူး။ မနှစ်ကမှ ဒရာမာနည်းနည်းပါသေးတယ်။ ဒီနှစ်အတွက် မမှန်းဘူး။ မသေချာဘူး။ ပရိသတ်တွေက အကယ်ဒမီ မှန်းပေမယ့် မသေချာပါဘူး။ ကိုယ့်အတွက် ဇာတ်ကားကောင်းကောင်းပါတဲ့ နှစ်ကတော့ အကယ်ဒမီရမယ်ထင်တယ်။ ကျွန်တော့်ကိုတော့ ပရိသတ်က ကျူးဇာတ်ကားတွေက အမည်ပေါက်နဲ့ ကျူး၊ တောကြီးကန်း၊ ကျွန်တော့်ကားတွေ အကုန်လုံးကလည်း အက်ရှင်ကားတွေများနေတယ်၊ ဒရမ်မာကားက အလွန်နည်းတယ်။

**အကယ်ဒမီ အိန္ဒြာကျော်ဇင် (ရင်ဘတ်ထဲကခား)**

အကယ်ဒမီနီးလာရင်တော့ သရုပ်ဆောင်တိုင်း ရင်ခုန်ကြတာပါပဲ ၊ ကိုယ့်မောင်နှမတွေထဲက ဒီနှစ် ဘယ်သူများရမလဲဆိုပြီးပေါ့၊ အူဝဲခဏခဏ ပြောတော့ ပြောဖူးပါတယ် ရရင်တော့ အတိုင်းမသိဝမ်းသာရတာပေါ့၊ ကိုယ့်ထက်တော်တဲ့ အတတ်ပညာရှင်တွေ အသိပညာရှင်တွေက စနစ်တကျရွေးချယ်တာဆိုတော့ ဘာပြောပြော ထိုက်တန်တဲ့ ဆုတစ်ဆုဖြစ်တာမို့ ရချင်ပါတယ်၊ စိတ်ထဲတော့ နှစ်မထားပါဘူး၊ ဒီနှစ်အတွက် အူဝဲကို ပရိသတ်ကပေးကြတဲ့ ဆုတော့ ကြိုထားလို့ အားလုံးကျေးဇူးတင်ပါတယ်၊ ကိုယ့်ဘက်ကတော့ တတ်နိုင်သမျှအကောင်းဆုံး ကြိုးစားခဲ့တာပါပဲ "ရင်ဘက်ထဲကခား" ကတော့ အူဝဲတကယ့်ကို ကျေနပ်ရလောက်တဲ့ သရုပ်ဆောင် လုပ်ကွက်တွေရခဲ့တယ်၊ ဒါပေမယ့် လိုအပ်ချက်လေးတွေ အနည်းငယ်တော့ ရှိနေပါသေးတယ်၊ ကြိုးစားရဦးမှာပါ၊ ပရိသတ်ကလည်း ရစေချင်တယ်၊ ကိုယ်တိုင်လည်း အများကြီးကြိုးစားထားတယ်ဆိုတော့ ပရိသတ်အတွက်ရော၊ ကိုယ့်ကြိုးစားမှုလေးအတွက်ပါ အရာထင်စေချင်တယ်၊ အကယ်ဒမီဆုပေးတဲ့ စည်းမျဉ်းစည်းကမ်းအရကတော့ ဘယ်လိုလာမလဲ အူဝဲမပြောတတ်ဘူးဆိုတော့ ကံကိုပဲပြောရတော့မှာပေါ့နော်။

**အကယ်ဒမီ စိုးပြည့်သဇင် (ခေါက်ထီးလေး မလုံတစ်လုံ)**

စိုးပြည့်အနေနဲ့ကတော့ "ခေါက်ထီးလေးမလုံတစ်လုံ" မှာ အကောင်းဆုံးတော့ သရုပ်ဆောင်ထားတာပဲ၊ ကိုယ်ထက်တော်တဲ့သူတွေလည်းပါတော့ ဘာပြောပြော စိုးပြည့်မရလည်း ဇာတ်ကားထဲမှာပါတဲ့ မောင်နှမတွေရရင် ပျော်ပါတယ်၊ ပရိသတ်တွေကလည်း စိုးပြည့်ကို မျှော်မှန်းပေးကြလို့ ဝမ်းသာမိပါတယ်၊ စိုးပြည့်လည်း အမြဲကြိုးစားနေပါတယ်၊ စိုးပြည့်တို့ရဲ့ ဇာတ်ကားလေးအကယ်ဒမီ ဆန်ခါတင်ထဲမှာ ခုပါဝင်ပြီး ရင်ခုန်ခွင့်ရတာကိုလည်း ကျေးဇူးတင်တယ်၊ တအားတော့ စိုးပြည့် မျှော်လင့်မထားဘူး၊ အကယ်ဒမီက နတ်ကြီးတယ်၊ နောက်အကယ်ဒမီဆိုတာကတော်တဲ့တတ်တဲ့ သူတွေကို ပညာရှင်တွေက ပေးမယ့်ဆုတစ်ခုပါ၊ ပညာရှင်တွေက ရွေးချယ်ပြီး အမှတ်ပေးမယ်ဆိုတဲ့ အခါကျတော့ ကိုယ်တွေ actor တွေအနေနဲ့ကတော့ ကိုယ်လုပ်ရမယ့်ဇာတ်ရုပ်၊ ကိုယ်လုပ်ရမယ့်ကားမှာ အတတ်နိုင်ဆုံးပြင်ဆင်ဖို့ စိုးပြည့်က အဲ့ဒီလိုမျိုးပဲ စိတ်ထဲထားတယ်။ ကျန်တာကတော့ ပညာရှင်တွေရဲ့ သဘောပါ။ ရင်တော့ခုန်မိတယ်၊ ပရိသတ်တွေကလည်း အားပေးကြတယ်၊ စိုးပြည့်ပရိသတ်ကို ဒီနှစ်မှာ ပုံစံမတူတာတွေ အများကြီးချပြဖို့ရှိတယ်။

**ဝတ်မှုန်ရွှေရည် (ကျွန်)**

ကစ်ကတော့ ကိုယ့်မောင်နှမတွေထဲက ဘယ်သူရရ ဝမ်းသာပါတယ်၊ ကစ်ကားတွေပါလို့လည်းဝမ်းသာပါတယ်၊ အကယ်ဒမီက နတ်ကြီးတာဆိုတော့ ကံနဲ့လည်း ဆိုင်ပါတယ်၊ အကယ်ဒမီကတော့ အနုပညာသမားတိုင်း လိုချင်တဲ့ ဆုလေ၊ ကစ်လည်းလိုချင်ပါတယ်၊ ဒါပေမယ့် ကိုယ့်ထက်တော်တဲ့ သူတွေအများကြီးရှိတယ်ဆိုတော့ ဘယ်သူရမယ်၊ ဘယ်သူပေးမယ်ဆိုတာ လူကြီးတွေ ပညာရှင်တွေရဲ့အဆုံးအဖြတ်မို့ကစ်ကတော့ အားလုံးတော်ပြီး တကယ့်ကို တတ်တဲ့ပညာရှင်တွေ အကုန်ရစေချင်ပါတယ်။ ။

**ရုပ်ရှင်ထူးချွန်ဆု ၁၂ ဆု ကို ချီးမြှင့်သွားမည်ဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားပေါင်း ၃၀ ကျော်ကို စိစစ်ပြီး မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှာ ရွေးချယ်ထားသော အကယ်ဒမီရွေးချယ်ရေးအဖွဲ့မှ စတင်ရွေးချယ်နေ**

## အနုပညာရှင်သားသမီးများကိုသာ ၂၀၁၈ အကယ်ဒမီရွှေကြိုအဖြစ် ရွေးချယ်မည်

၂၀၁၈ ခုနှစ် မတ်လကုန်တွင် ကျင်းပပြုလုပ်မည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီးတွင် ရွှေကြိုအဖြစ် နာမည်ကြီးအနုပညာရှင်ကြီးများ၏ သားသမီးများဖြစ်သော တက်သစ်စမင်းသား မင်းသမီး ခြောက်ဦး ခန့်ကိုသာ ရွှေကြိုများအဖြစ် ရွေးချယ်မည်ဟု သိရသည်။ ရွှေကြိုဟု သတ်မှတ်ခဲ့ခြင်းမှာ ၂၀၁၆ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့ပြီး အကယ်ဒမီဇန်းကိုင်အစား ရွှေကြိုဟု ခေါ်တွင်ခဲ့ပြီး နောင်ပိုင်းအနုပညာကို စိတ်ဝင်စားသူ လူငယ်များအားရွေးချယ်ခဲ့ကြောင်း သိရသည်။ ယင်းအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုဥက္ကဋ္ဌ ဦးအေးကြူလေး (ဇာတ်ညွှန်းအလွှာ) နှင့် တွေ့ဆုံမေးမြန်းဖြစ်သည်များကို ပြန်လည်ဖော်ပြပေးလိုက်ပါသည်။

**အစီအစဉ်**

ဒီနှစ် မြန်မာရုပ်ရှင် အကယ်ဒမီ ထူးချွန်ဆုပေးပွဲရဲ့ထူးခြားချက်ကတော့ ဆုပေးပွဲရဲ့ဝင်လမ်းကတ္တီပါ ကော်ဇောနီတစ်လျှောက်ရဲ့ဘေးမှာ ဂန္ထဝင် ရုပ်ရှင်ဇာတ်ကားတွေကို ဘေဘုတ်တွေထောင်ပြီးတော့ ပြသထားမယ်။ နောက်ဒီပွဲကို တက်ရောက်လာတဲ့ အနုပညာရှင်တွေကလည်း ရွှေစာအုပ်လေးက အကယ်ဒမီဆုတွေရထားသူတွေတိုင်း လက်မှတ်ထိုးရမယ်။ ဘေးက ငွေရောင်စာအုပ်လေး က အနုပညာရှင်တွေတိုင်း လက်မှတ်ထိုးရမယ်။ ဒီစာအုပ်လေးက အကယ်ဒမီ ရရှိထားတဲ့ သူတွေရဲ့သမိုင်းကိုလည်း စုစည်းပြီးသားဖြစ်မယ်။ အကယ်ဒမီကို ၁၉၅၂ ခုနှစ်ကတည်းက အကယ်ဒမီရခဲ့သူတွေပြီးတော့ ယခုရခဲ့တဲ့သူတွေအထိ လက်မှတ်ထိုးရမယ်။

**အကယ်ဒမီစာရင်းဝင် ဇာတ်ကားရွေးချယ်မှု**

အကယ်ဒမီ ထူးချွန်ဆုပေးပွဲအတွက် စာရင်းဝင် ရုပ်ရှင်ဇာတ်ကားပေါင်း ၅၃ ကားထိ ရှိနေတယ်။ အကယ်ဒမီစာရင်းဝင်ဇာတ်ကားတွေ အရင်နှစ်ကထက် ပိုမိုများပြားလာပြီး ဇာတ်ကားစိစစ်ဖို့ အချိန်ပို ပေးရတာကြောင့် မတ်လပိုင်းရက်ကို အတိအကျ ဖော်မပြနိုင်သေးတာပါ။ အခုလက်ရှိမှာလည်း တစ်ရက်ကို ဇာတ်ကား နှစ်ကားကြည့်နေတာကို ပထမအဆင့်ကြည့်ရှုစစ်ဆေးမှုသာရှိသေးတယ်။ အရင်နှစ်တွေကတော့ နှစ်ကြိမ်ပြန်ကြည့်တာပေါ့။ ဒီနှစ်က ဇာတ်ကားကောင်းတွေကလည်း အပြိုင်ဖြစ်နေတယ်။ ခဏခဏထပ်ကြည့်ရမယ်။ ပထမအကြိမ်နဲ့တင် ဖေဖော်ဝါရီလထဲ ရောက်သွားမယ်။ ဒီနှစ်ပွဲ မတိုင်မီပြီးစီးအောင် စနစ်တကျ စိစစ်ကြည့်ရှုနေတယ်။

အရင်ကဆိုရင် ဒီဇာတ်ကားကြိုက်ရင် ကြိုက်တယ်။ မကြိုက်ရင် မကြိုက်ဘူး လုပ်လို့ရတယ်။ ဒီနှစ် အကယ်ဒမီ ထူးချွန်ဆုအတွက် သုညနဲ့ တစ်ခွဲခြားထားတယ်။ ပထမအကြိမ်မှာ သုညတွေများရင် ဒီကား ပြန်မကြည့်တော့ဘူး။ တစ်တွေများရင်နောက်တစ်ကြိမ် ပြန်ကြည့်ခွင့်ရမယ်။ အကြိုက်ဆုံးကို ငါးမှတ်ပေးတယ်။ ဒုတိယအဆင့်ထိ ရွေးချယ်ခံရသော ရုပ်ရှင်ဇာတ်ကားတွေကို အရင်နှစ်များနဲ့ မတူဘဲ အမှတ်ပေးပုံစံပြောင်းလဲပေးနိုင်အောင်လည်း စီစဉ်ထားတယ်။ အခုဒီနှစ် အကယ်ဒမီအတွက် မဲပေးတာ မတူဘူး။ မဲပေးတာက အရင်ကဆိုရင် သရုပ်ဆောင်ဆိုရင် ရှိသမျှလူ အကုန်ပေးရတာ။ အခုက အဲဒီလို ပေးလို့မရဘူး။ သရုပ်ဆောင်အလွှာမှာရှိတဲ့ လူငါးယောက်ရယ်၊ အဖွဲ့ခေါင်းဆောင် ခုနစ်ယောက်ပဲ မဲပေးရတယ်။ ဥပမာဆိုပါတော့ ဇာတ်ညွှန်းအလွှာဆိုရင် ဇာတ်ညွှန်းအဖွဲ့ ခေါင်းဆောင်က ကိုကြည်စိုးထွန်း၊ ဓာတ်ပုံအဖွဲ့ခေါင်းဆောင်က ကိုမြင့်သိန်းဖေ၊ အသံအဖွဲ့ရဲ့ ခေါင်းဆောင် ကိုချစ်ဆွေပေါ့နော်။ အဲဒီလိုဖွဲ့ထားတာ အားလုံးပေါင်းခုနစ်ယောက်ရှိတယ်။ အဲဒီတော့ သရုပ်ဆောင်ကို ပေးမယ်ဆိုရင် သရုပ်ဆောင် အဖွဲ့ကပေး စာစာက ခုနစ်ယောက် အဖွဲ့ကပေး၊ ဇာတ်ညွှန်းကို ပေးမယ်ဆိုရင် ဇာတ်ညွှန်းအဖွဲ့ကပေး၊ အဲဒီ ခုနစ်ယောက်ကပေး အဲဒီအမှတ်ကိုပဲယူမှာ တခြားလူတွေပေးလို့မရဘူး၊ အဲဒါကြောင့် နည်းနည်းတွက်လို့ရတယ်။ ဇာတ်ကားဆုကြတော့ ရှိသမျှလူ အကုန်ပေးလို့ရတယ်။ လူ ၃၀ ရှိရင် ၃၀ လုံး ပေးလို့ရတယ်။




ဇာတ်ညွှန်းဆုကလည်း နှစ်တိုင်းထည့်တယ်။ မနှစ်က သူ့ဘာသူ ရွေးစရာမရှိလို့ မရတာ။

**၂၀၁၈ အကယ်ဒမီ၏ ထူးခြားချက်များ**

မြန်မာ့ရုပ်ရှင် အဆင့်မြှင့်တင်ရေးအတွက် နှစ်တစ်နှစ်အတွင်း အကောင်းဆုံးထူးချွန်ဆု ၁၁ ဆုအပြင် ထူးခြားသော အနုပညာရှင်၊ အတတ်ပညာရှင်များပေါ်ထွက်လာပါက အထူးဆု၊ ယခုနှစ်တွင် ရုပ်ရှင်တစ်သက်တာ ဆုကိုပါ ထည့်သွင်းပေးအပ်သွားပြီး စုစုပေါင်း ၁၃ ဆုပါ။ အထူးဆုကလည်း အရင်တုန်းက ကလေးဇာတ်ဆောင်ပဲပေးတယ်။ မနှစ်ကတည်းက ပြောင်းလဲခဲ့တာပါ။ မိတ်ကပ်ပညာမှာ ထူးချွန်ရင် မိတ်ကပ်ပညာရှင်ပေးမယ်။ ဒါကြောင့် ဆုရဖို့မျှော်လင့်ချက်တွေလည်း များလာပါပြီ။ တစ်သက်ဆုကိုလည်း ရွှေစင်ကြယ်ငါးကျပ်သားအပြင်တစ်သက်လုံးကို နှစ်စဉ်ကျပ်ငါးသိန်းထောက်ပံ့မှာပါ။

တစ်သက်တာဆုကတော့ အသက်ကြီးဆုံးဖြစ်မယ်။ အကြမ်းဖျင်း ရုပ်ရှင်အလုပ်ကိုမြတ်မြတ်နိုးနိုး လုပ်နေတဲ့သူ၊ အသက်လည်း ကန့်သတ်ချက်တွေရှိတယ်။ ဥပမာ - အသက် ၉၀ ပေါ့။ သက်ဆိုင်ရာအကယ်ဒမီဆုရသူ၊ မရခဲ့လည်း နိုင်ငံတော်ကပေးတဲ့ စာပေဆုအဲဒီလိုဆုရသူတွေလို့ သတ်မှတ်ချက်တွေရှိပါတယ်။

**ကိုလင်း**

## Valentine Music Festival 2018 မှာ တေးစီးရီးခွေခြောက်ခွေ တစ်ပြိုင်တည်းဖြန့်ချိမည့် Myanmar Music Net




နှစ်သစ်အတွက် MMN Music Net မှ ထွက်ရှိလာမည့် အဆိုတော်များစွာ ပါဝင်သော တေးစီးရီးများကို ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာပလာဇာတွင် အမှတ်တရ လက်မှတ်ရေးထိုးပွဲနှင့် ဂီတဖျော်ဖြေပွဲ ကျင်းပသွားမည်ဟု သိရသည်။

"ကျွန်တော်တို့ MMN Music Net ကနေ စတင်ဖြန့်ချိတဲ့ အခွေတွေပေါ့နော်၊ ဒီအခွေတွေကို ကျွန်တော်တို့ ဖန်တီးဖြစ်ခဲ့တာကတော့ ကျွန်တော်တို့ ဒီဘက်ခေတ် ဂီတဈေးကွက်ကလည်း အားလုံးသိကြတဲ့အတိုင်းလေ၊ တစ်ခွေချင်းထွက်နေရင်သိပ်တော့ မလွယ်ကူဘူးဆိုတော့ အခုလို တစ်ပြိုင်တည်းနဲ့ပေါင်းပြီး ထွက်လိုက်တာပိုကောင်းမယ်ဆိုတဲ့အသိနဲ့ အားလုံးတိုင်ပင်ပြီး အခွေလေးတွေ ထွက်မယ့်ရက်နဲ့ ကိုက်ညီသွားအောင် လုပ်လိုက်တာပါ၊ ပြီးတော့ မြန်မာပလာဇာဆိုတဲ့ နေရာကလည်း ပွဲတွေနဲ့ပြည့်နေတာဆိုတော့ ဖေဖော်ဝါရီ ၁၃ က လွတ်နေလို့ လုပ်ဖြစ်တာလည်း ပါပါတယ်၊ ပြီးတော့ အခုလိုအခွေ ခြောက်ခွေကို တစ်ပြိုင်ထဲ ထွက်လိုက်တာကလဲ ပရိသတ်တွေအတွက် အင်မတန်ကောင်းပါတယ်၊ ဘာလို့လဲဆို အခွေသစ်တွေလဲ တစ်ခါထဲနဲ့ နားဆင်လို့ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခုလို ထုတ်လုပ်လိုက်တာပါ" ဟု MMN Music Net မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ တေးစီးရီးခြောက်ခွေတွင် အဆိုတော် ဟဲလေး၊ အိမ့်ချစ်တို့၏ "ချောကလက်ရောင် ညိုပြာညှပ်"၊ တေးရေးနှလုံးသား၏ တေးသီချင်းများပါဝင်သော "နှလုံးသားဒိုင်ယာရီ" တေးစီးရီး၊ ယင်းစီးရီးတွင် ဘိုဖြူ၊ ထူးအယ်လင်း၊ အောင်ထက်၊ ဖြိုးပြည့်စုံ၊ ကလုန်း၊ LD ကျော်၊ ဖြူဖြူကျော်သိန်း၊ အိုင်ရင်းဇင်မာမြင့်၊ ပိုပို၊ စိုးပြည့်သဇင်တို့ ပါဝင်သီဆိုထားကြသည်။ အဆိုတော်ဇေရဲ၏ "Hero" စီးရီး၊ ဟစ်ဟော့ပ် အဆိုတော်များ ပါဝင်သီဆိုထားသော "Lin Bin Beatz 65 Vol -1 ကိုလည်းကောင်း၊ အဆိုတော်ဖြိုးပြည့်စုံနှင့်အတူ ချိုပြုံး၊ ဟေမာနေဝင်း၊ ကော်နီ၊ မီမီဝင်းဖေ၊ ချောစုခင်တို့ ပါဝင်သီဆိုထားသော "သကြၤန်လေညင်းလုလင်" စီးရီးကိုလည်းကောင်း၊ "Feeling -18" ဟု အမည်ပေးထားသော စီးရီးဟု သိရသည်။

**ကိုလင်း**

## အက်ရှင်ဇာတ်ကားများ နည်းပါးလာသည့် "မျက်နှာပြင်များ" ဇာတ်ကားမှ အထောက်အပံ့တစ်ခု ဖြစ်နိုင်ဟုဆို




မြန်မာရုပ်ရှင်လောကတွင် ရိုက်ကူးမှု နည်းပါးလွန်းသော အက်ရှင်ဇာတ်ကားများကို ရိုက်ကူးလျက်ရှိသည့် Bonanza Production နှင့် Shutter Production တို့ ပူးပေါင်းကာ အက်ရှင်ဇာတ်လမ်းပုံစံကို ဒါရိုက်တာ ဉာဏ်ထင် ပုံဖော်ထားသည့် 'Dimensions' - မျက်နှာပြင်များ ရုပ်ရှင်ဇာတ်ကားကြီးကို ယခု ၉ရက်မှ စတင်ကာ ရုံတင်ပြသလျက်ရှိကြောင်း သိရသည်။


"မင်းသားက သူ့ကိုယ်သူ လူသတ်သမားပါဆိုပြီး ရဲစခန်းကို လာရောက်အဖမ်းခံတဲ့သူတစ်ယောက်၊ ဒါပေမယ့် သူသတ်လိုက်တဲ့သူတွေကိုလည်း ပြန်မမှတ်မိဘူး၊ သူဟာ အတိတ်မေ့ဝေဒနာသည် တစ်ယောက်လား၊ ဘာကြောင့် လူတွေ သတ်သလဲပေါ့၊ စိတ်ဝင်စားစရာကောင်းအောင် လျှို့ဝှက်မှုတွေနဲ့ ဘာဖြစ်လာမှာလဲဆိုတာကို ခန့်မှန်းလို့ မရနိုင်လောက်အောင် ဆွဲဆောင်မှုရှိရှိနဲ့ ဆွဲခေါ်သွားတာကလည်း ဇာတ်ရဲ့ဖန်တီးမှုတစ်ခုပါပဲ" ဟု ဒါရိုက်တာ ဉာဏ်ထင်က ပြောသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးတွင် ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ဉာဏ်ထင် ရိုက်ကူးပြီး သရုပ်ဆောင်များအဖြစ် ခါရာ၊ အဲလစ်အုန်း၊ ဂျာဆိုင်းအိန်၊ မင်းမြတ်စိုးစံ၊ ဦးဝင်းမြိုင်၊ ကောင်းစစ်သွေး၊ ဆုရွှေရည်ထူး၊ သီဟ၊ ဟန်ထူးနိုင်၊ ရဲမွန်စသည့်တို့က ပါဝင်သရုပ်ဆောင်ထားကြသည်။ ၎င်းဇာတ်ကား ရိုက်ကူးနိုင်ရန်အတွက် Pre Production ပိုင်းအနေဖြင့် ခြောက်လကျော်၊ ရိုက်ကူးချိန်မှ သုံးလခန့် ကြာမြင့်ကာ Editing ၊ Color Grading ၊ Music Composing နှင့် Sound Design စသည့် Production ပိုင်းကိုလည်း အချိန်တစ်နှစ်အသေးစိတ်ပြင်ဆင်ခဲ့ကြောင်း သိရသည်။ "မြန်မာပြည်မှာက ရုပ်ရှင်ဈေးကွက်မှာ ဒရာမာတွေ၊ ဟာသရိုက်ကူးမှုတွေလည်းများတော့ အက်ရှင်က သိပ်မရှိဘူးထင်တယ်၊ သိပ်လည်းမတွေ့ရတော့ အက်ရှင်လေး ဖန်တီးဖြစ်ပါတယ်၊ မြန်မာပြည်က လူငယ်တွေလည်း အခုလို အက်ရှင်ဇာတ်ကို ဖန်တီးနိုင်တယ်ဆိုတာ သိစေချင်တယ်၊ ဒီဇာတ်ကားတစ်ကားလုံးက မြန်မာပြည်က လူငယ်တွေပဲ တစ်ကားလုံး ဖန်တီးထားတာလို့ အဓိကပြောချင်ပါတယ်" ဟု Bonanza Production မှ မနိုရာကိုက ပြောသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### အသားအလွန်မမည်းလို့ ဘီယွန်းဆေးလ် အောင်မြင်ခဲ့တာလား



ဘီယွန်းဆေးလ်ရဲ့ဖခင်ဖြစ်သူ မက်သယူးက ဂီတလောကမှာ အသားအရောင်ခွဲခြားမှုတွေကို အဆုံးသတ်သင့်ပြီလို့ပြောလိုက်ပါတယ်။ ဂီတလောကမှာဆိုရင် လူမည်းအဆိုတော်တွေဆိုရင် လျစ်လျူရှုခံရတယ်လို့ ဘီယွန်းဆေးလ်ရဲ့ ဖခင်ဖြစ်သူက ပြောလိုက်ပါတယ်။ အသံလွှင့်ရုံတွေ၊ အသံသွင်းစတူဒီယိုတွေမှာလည်း ခွဲခြားဆက်ဆံခံရမှုတွေရှိနေတယ်လို့ဆိုပါတယ်။ သူ့ရဲ့သမီးဖြစ်သူ ဘီယွန်းဆေးလ်ကတော့ ဂီတလောကမှာ အောင်မြင်နေတဲ့ ကြယ်တစ်ပွင့်ပါပဲ။ ဘီယွန်းဆေးလ်ကိုယ်တိုင်လည်း လူမည်းအဆိုတော်ဖြစ်ပေမယ့် သူကျတော့ဘာကြောင့်အောင်မြင်ရတာပါလဲ။ ဒါဟာ ဘာကြောင့်လဲဆိုရင် သူ့သမီး အသားအရောင် သူတို့လို မည်းမနေဘဲ သင့်တင့်ပြီးစွဲမက်ဖွယ်ကောင်းတဲ့ အသားအရေပိုင်ဆိုင်နေလို့ပါပဲ။ မက်သယူးရဲ့ နောက်ထပ်သမီးတစ်ဦးဖြစ်သူ ဆိုလန့်ချ်ဟာလည်း ဂီတလောကမှာ အောင်မြင်နေတဲ့ သူတစ်ယောက်ပါပဲ။ ထူးခြားတာကတော့ ဘီယွန်ဆေးလ်ရော ဆိုလန့်ချ်ပါ အသားအရောင်ညိုမည်းတဲ့အထဲမှာမပါဘဲ အသားအရောင် ခပ်လတ်လတ်နဲ့ကြည့်လို့ကောင်းကြပါတယ်။

မက်သယူးကတော့ လူမျိုးရေးခွဲခြားမှုနဲ့ပတ်သက်ပြီး မကြာသေးမီကမှ စာအုပ်ထုတ်ထားသူလည်းဖြစ်တယ်။ တေးထုတ်လုပ်ရေးတွေ၊ အသံသွင်းလုပ်ငန်းတွေမှာ အသားအရောင်ခွဲခြားမှုကို ရပ်တန့်ဖို့ဖိအားပေးလုပ်ဆောင်ရမယ့် အချိန်လည်းဖြစ်တယ်လို့ မက်သယူးက ပြောပါတယ်။ မက်သယူးဟာ ပေါ့ပ်ဂီတလောကမှာ အသားအရောင်ခွဲခြားမှုတွေကို ဝေဖန်ခဲ့ပေမယ့် သူ့သမီးနှစ်ယောက်စလုံးကတော့ ဂီတလောကမှာ အသီးသီးအောင်မြင်နေကြပါတယ်။ ဒါကလည်း သူပြောခဲ့သလို အသားအရေဟာ အလွန်ကြီးမည်းတဲ့ဘက်ကို မပါတာလည်း အကြောင်းအရင်းတစ်ခုဖြစ်နိုင်သလို သူတို့ရဲ့ ပါရမီနဲ့အရည်အချင်းဟာ သာမန်ထက်ထူးကဲလွန်းတာကြောင့်လည်းပါပါတယ်။ မက်သယူးကတော့ သူ့ရဲ့စာအုပ်ထဲမှာ အမေရိကန်တွင် အသားအရောင်ခွဲခြားမှုနဲ့ပတ်သက်ပြီး သေချာလေ့လာဖော်ပြထားပါတယ်။ မက်သယူးရဲ့ မိခင်ကိုယ်တိုင်တောင် သူ့သားကို အသားအလွန်မည်းတဲ့ မိန်းကလေးနဲ့ တွဲတာကို သဘောမကျခဲ့ဘူးလို့ ဆိုပါတယ်။ **ဘီဘီစီ**

ချိုး

### တော်ဝင်စုံတွဲရဲ့ မင်္ဂလာပွဲတက်ဖို့ ဖျော်ဖြေရေးပွဲတွေ ပယ်ဖျက်လိုက်တဲ့ အယ်လ်တန်ဂျွန်




ဆာအယ်လ်တန်ဂျွန်ဟာ လာဗေးဂတ်စ် မှာပြုလုပ်မယ့် ဂီတဖျော်ဖြေပွဲနှစ်ခုကို ပယ်ဖျက်လိုက်ပြီဖြစ်တဲ့အတွက် အခုဆိုရင် သူဟာ ဗြိတိန်တော်ဝင်မင်းသား ဟယ်ရီနဲ့ အမေရိကန်ရုပ်ရှင် မင်းသမီး မီဂန်မာကယ်တို့ရဲ့ မင်္ဂလာပွဲကို တက်ရောက်ဖို့ အချိန်ရသွားပြီပဲ ဖြစ်တယ်။ သူဟာ မတ် ၁၈ ရက်နဲ့ ၁၉ရက်တို့မှာ ဖျော်ဖြေဖို့ ရက်သတ်မှတ်ခဲ့ပေမယ့် တော်ဝင်မင်္ဂလာပွဲကျင်းပမယ့် အချိန်နဲ့နီးလွန်းတာကြောင့် အစီအစဉ်တွေ ကမောက်ကမ ဖြစ်ကုန်ရပါတယ်။ သူဟာမင်္ဂလာပွဲကို ဖျော်ဖြေဖို့ တက်ရောက်မှာလား ဒါမှမဟုတ် ဧည့်သည်တော်အနေနဲ့ပဲ တက်ရောက်မှာလားဆိုတာကတော့ မသိရသေးပါဘူး။

အသက် ၇၀ အရွယ် ဆာအယ်လ်တန်ဂျွန်ဟာ တော်ဝင်မင်းသား ဟယ်ရီကို အလွန်ချစ်တယ်တို့ ဆိုပါတယ်။ မင်္ဂလာပွဲကိုလည်း တက်ရောက်လိုပြီး မင်္ဂလာပွဲတက်ဖို့ ဖိတ်ကြားမှုကို စောင့်နေတာလို့လဲ လွန်ခဲ့တဲ့လက The Sun ကပြုလုပ်တဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။ အဲဒီတုန်းက အယ်လ်တန်ဂျွန်က အခုအချိန်ထိတော့မဖိတ်သေးဘူး။ လက်ဗီးဂတ်မှာလည်း ဖျော်ဖြေပွဲကရှိနေတယ်။ ဘယ်လိုဖြစ်မယ်ဆိုတာ အတိအကျမသိရသေးဖူးလို့ ဖြေကြားခဲ့ပါတယ်။

ဆာအယ်လ်တန်ဂျွန်ဟာ ဟယ်ရီရဲ့မိခင်ဖြစ်သူ မင်းသမီးဒိုင်ယာနာနဲ့လည်း ခင်မင်တဲ့သူငယ်ချင်းတွေဖြစ်ပြီး ဒိုင်ယာနာရဲ့ ဈာပနမှာ နာမည်ကျော် လေထဲကဖယောင်းတိုင်သီချင်းကို သီဆိုခဲ့သူလည်း ဖြစ်တယ်။ သူဟာဒိုင်ယာနာရဲ့ သားနှစ်ယောက်ဖြစ်သူ ဝီလျံနဲ့ဟယ်ရီနှစ်ဦးစလုံးနဲ့ပါ ခင်မင်သူဖြစ်ပြီး ဝီလျံမင်္ဂလာဆောင်တုန်းကလည်း တက်ရောက်ခဲ့ပါတယ်။ **ဟယ်လို**

ချိုး

# မြန်မာ့ရုပ်ရှင်အကယ်ဒမီ ဆန်ခါတင်စာရင်း ကြိုတင်ကြေညာပေးရန်လိုအပ်

**ခင်မောင်သော်(ကမာရွတ်)**

မြန်မာ့ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌသစ်က "ငုင်းအနေဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်လောကသားတို့ ပါဝင်သည့် တွေ့ဆုံပွဲကျင်းပရေး ကိစ္စကို ဦးစားပေး ဆောင်ရွက်မည်"ဟု ပြောဆိုသည့်အတိုင်း ရုပ်ရှင် ညီလာခံကြီးကို ဒီဇင်ဘာ ၁၂ ရက်က ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံကြီး၌ ခံ့ညားထည်ဝါစွာ ကျင်းပခဲ့သည်ကို တွေ့ရသည်။

**မြန်မာ့ရုပ်ရှင်အလုပ်အမှုဆောင် အဖွဲ့သစ်**

အဆိုပါ ရုပ်ရှင်ညီလာခံကြီးတွင် အကြံပြုချက်များမှ ၈၆ ချက်ကို မှတ်တမ်းတင်အတည်ပြုချက်ရယူခဲ့သော်လည်း အကြံပြုချက် လေးချက်ကိုသာ ဆုံးဖြတ်အတည်ပြုချက် ရယူနိုင်ခဲ့သည် ဖြစ်ရာ ကျန်အကြံပြုချက်များကို မြန်မာ့ရုပ်ရှင်အလုပ်အမှုဆောင် အဖွဲ့သစ်အနေဖြင့် ဆက်လက် အကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်း တွေ့ရသည်။

ဤတွင် ရုပ်ရှင်လောကသားတချို့ကလည်း "ညီလာခံကနေ ပြောင်းလဲမှုတွေ ပေါ်ပေါက်လာလိမ့်မည်ကို ယုံကြည်ကြောင်း" မြန်မာ့ရုပ်ရှင် အစည်းအရုံး၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအပေါ် မျှော်လင့်နေသည် ဆိုသော ဆွေးနွေးချက်ပေါ်ထွက်နေသည်ကို တွေ့ရသည်။ "၂၀၁၇ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် သတ်မှတ်ထားသော အကယ်ဒမီဆုအားလုံးပေးရန် အကယ်ဒမီဘုတ်အဖွဲ့ကို တိုက်တွန်းသွားမည်"ဟု ပြောဆိုခြင်းကို စာရေးသူအနေဖြင့် ကြိုဆိုထောက်ခံပါကြောင်းအပြင် အကြံပြုချက်များကိုလည်း ရေးသားတင်ပြလိုပါသည်။

မြန်မာ့ရုပ်ရှင် ပြည်သူနှင့်အတူ ရှိနေစေရန်အတွက် မြန်မာ့ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုပေးပွဲနှင့် ပတ်သက်ပြီး ပြုပြင်ပြောင်းလဲသင့်သည်များကို ပြည်သူများ၏ အသံများအရ တင်ပြလိုပါသည်။

၂၀၁၆ ခုနှစ်က အကယ်ဒမီစာရင်းဝင် စုစုပေါင်း ၃၃ ကား ရှိခဲ့ရာ ယခုနှစ်တွင် ပိုမိုများပြားလိမ့်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ မြန်မာ့ရုပ်ရှင်လောကသားများအတွက် ကြီးမားသော မျှော်လင့်ချက်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်အကယ်ဒမီဆုပေးပွဲ ပွဲဆူခြင်း မဖြစ်ရလေအောင် ယခုပိုမို ဂရုစိုက်ရမည်ဖြစ်သည်။

**ဆန်ခါတင်ဆုစာရင်း**

အကယ်ဒမီဆု ဆန်ခါတင်အမည်စာရင်းတင်မကဘဲ နောက်ဆုံးအဆင့် ဆန်ခါတင်ဇာတ်ကားများ၏ အမည်စာရင်းကို ရုပ်ရှင်ချစ်ပြည်သူများကို ထုတ်ပြန်ကြေညာခဲ့ခြင်း အလျင်းမရှိခဲ့ပါ။

> "အကယ်၍ နောက်ဆုံးအဆင့် ဆန်ခါတင်ဇာတ်ကားအမည်စာရင်း၊ ဆန်ခါတင် အကယ်ဒမီဆုရသူများ အမည်စာရင်းထုတ်ပြန်ကြေညာပေးခဲ့ပါက မြန်မာ့ရုပ်ရှင်အစည်းအရုံးနှင့် အကယ်ဒမီရွေးချယ်ရေးအဖွဲ့တို့အနေဖြင့် ပြည်သူများဆီက အသံများ၊ ဝေဖန်မှုများ၊ ချီးကျူးမှုများကို အပြုသဘောဖြင့် ကြားသိခွင့်ရကြပါမည်၊ ရွေးချယ်သတ်မှတ်ပေးထားမှုများအပေါ် ဆန်းစစ်နိုင်ရန်အခွင့်အလမ်းများ ရရှိမည်ဖြစ်"

မြန်မာ့ရုပ်ရှင်ကို ချစ်ခင်မြတ်နိုးစွာ အားပေးနေသော ပြည်သူတွေထံ အသိပေးထုတ်ပြန်ခြင်းမပြုသည်ကို သတိထားမိခဲ့သည်။ မြန်မာ့ရုပ်ရှင် အကယ်ဒမီထူးချွန်ဆုများသည် ပြည်သူတွေနှင့်မသက်ဆိုင်၊ ပြည်သူနှင့်အတူရှိမနေဘဲ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (သို့မဟုတ်) အကယ်ဒမီ ရွေးချယ်ရေးအဖွဲ့နှင့်သာ သက်ဆိုင်သည့် အနေအထားအဖြစ် တွေ့ရသည်။

အကယ်၍ နောက်ဆုံးအဆင့် ဆန်ခါတင်ဇာတ်ကားအမည်စာရင်း၊ ဆန်ခါတင် အကယ်ဒမီဆုရသူများ အမည်စာရင်း ထုတ်ပြန်ကြေညာပေးခဲ့ပါက မြန်မာ့ရုပ်ရှင်အစည်းအရုံးနှင့် အကယ်ဒမီ ရွေးချယ်ရေးအဖွဲ့တို့အနေဖြင့် ပြည်သူများထံမှ အသံများ၊ ဝေဖန်မှုများ၊ ချီးကျူးမှုများကို အပြုသဘောဖြင့် ကြားသိခွင့်ရကြပါမည်။ ရွေးချယ်သတ်မှတ်ပေးထားမှုများအပေါ် ဆန်းစစ်နိုင်ရန် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

မြန်မာ့ဆိုရိုးစကားဖြစ်သည့် "ဘေးက ကြည့်တော့ ပိုမြင်တယ်" ဆိုသောစကားအတိုင်း မိမိကိုယ်တိုင် မမြင်မတွေ့ မကြားမိသည့်ကိစ္စများကို မြင်တွေ့ကြား သိခွင့်များ ရရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် အကယ်ဒမီရွေးချယ်ရေးအဖွဲ့သည် ယင်းကိစ္စကို မြန်မာ့ရုပ်ရှင်ချစ်သော ပြည်သူနှင့်အတူ ပြည်သူတွေ ကြိုတင်ချိန်ဆ ပျော်ရွှင်မှုဖြစ်ရလေအောင် ပြုပြင်ပြောင်းလဲရေး အရွေ့ဆီသို့ တွန်းပို့ပေးနိုင်ပါက အကောင်းဆုံးဖြစ်ပါမည်။

ဤတွင် ကမ္ဘာ့အဆင့်ဖြစ်သည့် ဟောလိဝုဒ်၏ ကျင်းပပြီးစီးခဲ့သော (၈၉) ကြိမ်မြောက် အကယ်ဒမီဆု၊ အော်စကာဆုပေးပွဲကို စေ့ငုတင်ပြလိုပါသည်။ အဆိုပါ ဆုပေးပွဲမတိုင်မီ တစ်လခန့်အလိုတွင် ဆန်ခါတင်အားလုံးကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာသည့်အပြင် အဆိုပါ ဆုပေးပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မည့်သူကိုပါ တစ်ပါတည်း ကြိုတင်ကြေညာသည်ကို တွေ့ရသည်။ ထိုကဲ့သို့ ထုတ်ပြန်ကြေညာခြင်းသည် ပွင့်လင်းမြင်သာရှိမှုအဖြစ် ယူဆပြီး ထွက်ပေါ်လာမည့် ဓာဒကတက် ဝေဖန်မှုများကိုလည်း ရင်ဆိုင်နိုင်သော လက္ခဏာဖြစ်သည့်အပြင် ဝေဖန်ဓာဒကတက်မှု ပြဿနာတစ်စုံတစ်ရာ မရှိဟုလည်း တစ်ထစ်ချ ခံယူထားကြပုံရသည်။

လတ်တလော ရုပ်ရှင်နှင့်ပတ်သက်သော သတင်းဖြစ်ပေါ်မှုများတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၇ ရက်က ကျင်းပခဲ့သည့် (၇၅)ကြိမ်မြောက် ရွှေကမ္ဘာလုံး ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် လျာထားသော ဆန်ခါတင်ဆု စာရင်းများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၁ရက် ကတည်းကပင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဗီဗာလီဟေးလ်နာမည်ကျော် ဟောလိဝုဒ် သရုပ်ဆောင်များက ကြိုတင်ထုတ်ပြန်ကြေညာပေးခဲ့သည်ကို တွေ့ရသည်။

အဆိုပါ ဆန်ခါတင်ကြိုတင်ကြေညာသည့် ထူးချွန်ဆုများ အနေဖြင့် ထူးချွန်ဆုအများဆုံး ဇာတ်ကားများ၊ ဘက်စုံသုံးနိုင်ငံခြား ဘာသာစကားရုပ်ရှင်ဆု၊ တေးဂီတဆု၊ ရုပ်သံဖန်တီးမှု ရုပ်ရှင်ဆု၊ အကောင်းဆုံး အမျိုးသားနှင့်အမျိုးသမီး ဇာတ်ဆောင်ဆုများ ပါဝင်သည်ကို တွေ့ရသည်။

**ပြုပြင်ပြောင်းလဲမှုအရွေ့တစ်ခု**

မြန်မာ့ရုပ်ရှင်သည် မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သည်ဖြစ်ရာ မြန်မာတစ်မျိုးသားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ရလေအောင် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးနှင့် အကယ်ဒမီဆု ရွေးချယ်ရေးအဖွဲ့တို့အနေဖြင့် ဆန်ခါတင် ဇာတ်ကားစာရင်းအပြင် ဆန်ခါတင်သရုပ်ဆောင်ဆုနှင့် အခြားဆုများကို လျှို့ဝှက်မထားဘဲ ရဲရဲဝံ့ဝံ့ဖြင့် ပွင့်လင်းစွာ ကြိုတင်ထုတ်ပြန်သင့်သည်ဟု အကြံပြုလိုသည်။ သို့မှသာ မြန်မာ့ရုပ်ရှင်သည် ပြည်သူတို့နှင့်အတူရှိပြီး ပြုပြင်ပြောင်းလဲမှု အရွေ့တစ်ခု ပေါ်ထွက်လာသည်ဟု သတ်မှတ်ရမည်ဖြစ်သည်။

ထို့အပြင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီဆုသည် မြန်မာ့ရုပ်ရှင်လောကအတွက် အမြင့်မားဆုံး ဖြစ်ရာ အကယ်ဒမီထူးချွန်ဆုများကို ရွေးချယ်ရာမှာလည်း ရုပ်ရှင်လုပ်ငန်းကို တစိုက်မတ်မတ်ဆောင်ရွက်နေသည့် ရုပ်ရှင်လောကသားစစ်စစ်များဖြင့်သာ ရွေးချယ်သင့်သည်။ ရုပ်ရှင်လောကသားမဟုတ်ဘဲ အခြားပုဂ္ဂိုလ်များ ပါဝင်လာခြင်းမှာ "လူများပွဲမစည်" အခြေအနေကိုသာ ဆိုက်ရောက်စေသည်ဟု စေတနာကောင်းဖြင့် အကြံပြုရေးသားရပါကြောင်း။ ။

# ဂျပန်၊ နယ်သာလန်နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့ပူးပေါင်း၍ ပိုးမွှားကာကွယ်ခြင်းစာတမ်းဖတ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဂျပန်နိုင်ငံ(JISNAS)၊ နယ်သာလန်နိုင်ငံ (WUR)နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(YAU)တို့ ပူးပေါင်းကာ ဘက်စုံပိုးမွှားရောဂါ ကာကွယ်ခြင်းနှင့် ပတ်သက်သည့် နည်းလမ်းကောင်းများအတွက် စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပခဲ့သည်။



စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ ဒုတိယပါမောက္ခချုပ်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံတက္ကသိုလ်၊ နယ်သာလန်တက္ကသိုလ်နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့မှ ပါမောက္ခ ပညာရှင်များက စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ဘက်စုံပိုးမွှားကာကွယ်နည်း၊ မျိုးသစ်ထုတ်လုပ်မှု သုတေသနဆောင်ရွက်မှုများ၊ ရိတ်သိမ်းခြွေလှေ့နည်းဆိုင်ရာ ပညာရပ်များ၊ အဆင့်မြင့်စိုက်ပျိုးနည်းစနစ်ဆိုင်ရာ သုတေသနစာတမ်းများကို တင်သွင်းဖတ်ကြားခဲ့သည်။

စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းကြောင့် စိုက်ပျိုးရေးဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသားကျောင်းသူများအတွက် ဘက်စုံပိုးမွှားကာကွယ်ခြင်းနှင့် ပတ်သက်သည့် နည်းလမ်းကောင်းများကို တွေးခေါ်နိုင်ပြီး စာတမ်းဖတ်ပွဲမှ သုတေသနလုပ်ငန်း အတွေ့အကြုံဗဟုသုတများ ရရှိနိုင်သည့်အပြင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်များအကြား ရင်းနှီးချစ်ခင်မှု ပိုမိုခိုင်မြဲလာပြီး ဆက်လက်၍ စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများလည်း မြင့်မားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး၊ ဓာတ်ပုံ- အိမ်မှူးမေ**

# ဒစ်ဂျစ်တယ်အနာဂတ်ဆီသို့ သွားရောက်ရေး Mobile Symposium ဒုတိယအကြိမ်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**
မြန်မာနိုင်ငံ၏ လိုင်စင်ရ အော်ပရေတာများဖြစ်ကြသည့် MPT ၊ MyTel ၊ အူရီဒူးမြန်မာနှင့် တယ်လီနောမြန်မာတို့ ပူးပေါင်း၍ ပြီးခဲ့သည့်နှစ်က စတင်ကျင်းပခဲ့သည့် Myanmar Mobile Symposium ကို ယခုနှစ်တွင် ဒုတိယအကြိမ်မြောက်အဖြစ် နေပြည်တော်၌ ဖေဖော်ဝါရီ ၈ ရက်က ကျင်းပခဲ့သည်။

ယမန်နှစ်ကကျင်းပခဲ့သည့် Mobile Symposium ၏ အောင်မြင်မှု အပေါ်တွင်မူတည်၍ မြန်မာနိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်အနာဂတ်ကို ဖန်တီးနိုင်ရန် မည်ကဲ့သို့ အားစိုက်ဆောင်ရွက်နိုင်မည်ဆိုသည်ကို ရှင်းလင်းဆွေးနွေးနိုင်ရန်အတွက် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး နည်းပညာရှင်အယောက် ၂၀၀ ခန့် တက်ရောက်ခဲ့ကာ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများအကြားတွင် ဒစ်ဂျစ်တယ်စနစ် ထိပ်တန်းဦးဆောင်နိုင်ငံတစ်ခုဖြစ်လာစေရန်အတွက် ၎င်းတို့၏ရည်မှန်းချက်များနှင့် လိုအပ်သည့် အချက်အလက်များ၊ အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြသည်။

Myanmar Mobile Symposium ၌ ဆွေးနွေးပြောကြားသူများတွင် ကမ္ဘာတစ်လွှားရှိ မိုဘိုင်းအော်ပရေတာများကို ကိုယ်စားပြုနေသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် GSMA မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာလေးခုမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအစိုးရမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ Telecom Regulatory Authority ဌာနမှ တာဝန်ရှိသူများ၊ ပြည်တွင်း၌ နည်းပညာဖြင့် ဆန်းသစ်တီထွင်မှုများ ပြုလုပ်နေသော လုပ်ငန်းဖြစ်သည့် ဖန်တီးရာ (Phandeeyar)နှင့် ကမ္ဘာ့ဝန်ဆောင်မှုရန်ပုံငွေ အပိုင်း၌ ကျွမ်းကျင်သည့် အပြည်ပြည်ဆိုင်ရာ အကြံပေး Ms. Lynne Dorwood တို့ ပါဝင်ကြသည်။

GSMA မှ Ms. Emanuela Lecchi က ဦးဆောင်၍ ဆက်သွယ်ရေးကုမ္ပဏီ လေးခုမှ အမှုဆောင်အရာရှိချုပ်များက စမတ်ဖုန်းခေတ်ကို ကျော်လွှန်ကူးပြောင်းခြင်းအတွက် မြန်မာနိုင်ငံအနှံ့အပြားတွင် မိုဘိုင်းဝန်ဆောင်မှုများ စတင်ဆောင်ရွက်ခဲ့ပြီးနောက် မည်သည့်အရာများကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း ဆွေးနွေးခဲ့ကြရာ Ms. Emanuela Lecchi က “မြန်မာနိုင်ငံအနေနဲ့ ယခင် ဆက်သွယ်ရေးဖွံ့ဖြိုးမှုနည်းပါးရာ လူမှုဝန်းကျင်ကို four-generation မိုဘိုင်းဆက်သွယ်ရေးခေတ်သို့ တိုက်ရိုက် ပြောင်းလဲခဲ့ခြင်းဟာ အခြားနိုင်ငံများထက်ပိုပြီး မြန်မြန်ဆန်ဆန် တိုးတက်ပြောင်းလဲမှုကို ပြုလုပ်နိုင်ခဲ့ပါတယ်၊ ကျွန်မတို့အနေဖြင့် အနာဂတ်အတွက် နောက်ထပ်ခြေလှမ်းများစွာ ပိုပြီးလှမ်းနိုင်အောင် ကူညီပံ့ပိုးပေးလိုပါတယ်”ဟု ပြောကြားသည်။

အဆိုပါ Symposium တွင် မြန်မာအစိုးရကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဒေါက်တာဦးထွန်းသူရသက်က ဒစ်ဂျစ်တယ်မြန်မာလမ်းစဉ်ကို မျှဝေပေးခဲ့ပြီး Phandeeyar ၏ အမှုဆောင်အရာရှိချုပ်ကလည်း နိုင်ငံ၏ မိုဘိုင်းလုပ်ငန်းနှင့်ပတ်သက်၍ ဆန်းသစ်တီထွင်ဆောင်ရွက်မှုအတွက် လက်ရှိအခြေအနေများကို သုံးသပ်ပြောကြားခဲ့သည်။

MPT-KSGM Joint Operations ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Toshitake Amamiya က ဆက်သွယ်ရေးဆိုင်ရာ ဥပဒေများနှင့် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုမည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ပြီး Telecom International Myanmar(MyTel)၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Nguyen Thanh Nam ကလည်း မြန်မာနိုင်ငံမှ ကျေးလက်နေသူများအတွက် ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များ၊ ဆက်သွယ်ရေးနည်းပညာ အခြေခံအဆောက်အအုံများ၊ ဒေသခံများ၏ ဆန်းသစ်တီထွင်မှုများကို မြှင့်တင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr.Vikram Sinha ကလည်း မြန်မာနိုင်ငံကို ဒစ်ဂျစ်တယ် နိုင်ငံဖြစ်လာစေရေး ရည်မှန်းချက်အပေါ် ပံ့ပိုးပေးရန် ရည်ရွယ်ချက်များနှင့် ပံ့ပိုးမည့်နည်းပညာများ၊ မြို့ပြနှင့် ကျေးလက်ဒေသများတွင် နေသူအားလုံးအတွက် တိုးမြှင့်ပေးသွားမည့် ဝန်ဆောင်မှုများ စသည်တို့ကို ဆွေးနွေးခဲ့ပြီး တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr. Lars Erik Tellmann ကလည်း မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍ တိုးတက်လာစေရန် လိုအပ်ချက်များနှင့် အကြံပြုချက်များကို တယ်လီနောကပြုစု၍ မကြာမီက ထုတ်ပြန်ထားသည့် စစ်တမ်းအကြောင်း၊ ဒစ်ဂျစ်တယ်ဆိုင်ရာ အကျိုးကျေးဇူးများကို မြန်မာအစိုးရနှင့် ပြည်သူများ ရရှိစေရန် ဆက်လက်ပံ့ပိုးသွားမည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။




Symposium တွင် အခြားသော ပါဝင်ဆွေးနွေးသူများကလည်း ဆက်သွယ်ရေးကဏ္ဍနှင့် စီးပွားရေး ဆက်လက်တိုးတက်ရန်အတွက် မြန်မာအစိုးရနှင့် ဆက်သွယ်ရေးအော်ပရေတာများ ဆောင်ရွက်သင့်သည့် ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာ အကောင်းဆုံး လက်တွေ့ကျင့်သုံးလုပ်ဆောင်မှုများ၊ အဓိက စိန်ခေါ်မှုများ၊ ဥပဒေဆိုင်ရာများ၊ အလားအလာကောင်းသည့်ချဉ်းကပ်မှုပုံစံများ၊ မိုဘိုင်းငွေကြေးနှင့် ဝန်ဆောင်မှုဆိုင်ရာများ စသည်တို့ကို ထောက်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**သူရဖြိုး**

---

New Product

# ဆယ်လ်ဖီကင်မရာ ဖလက်ရှ်မီးပါတဲ့ Samsung Galaxy J2 Pro စမတ်ဖုန်းသစ်

Samsung Galaxy J2 Pro ဟာ ဆမ်ဆောင်းက ဖေဖော်ဝါရီ ၁ ရက်မှာ ပြည်တွင်းဈေးကွက်အတွင်း စတင်မိတ်ဆက်ခဲ့တဲ့ စမတ်ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်ပြီး ခေတ်မီတဲ့ ဒီဇိုင်းနဲ့အတူ အဆင့်မြှင့်တင်ထားတဲ့ စွမ်းဆောင်ရည်နဲ့ လုပ်ဆောင်ချက်တွေ ပါဝင်ပါတယ်။ ဆမ်ဆောင်းအမှတ်တံဆိပ် ဖုန်းတွေထဲက တန်ဖိုးနည်းဖုန်းအမျိုးအစားတစ်ခုလည်းဖြစ်ပါတယ်။

Galaxy J2 Pro ဟာ မျက်နှာပြင် ၅ လက်မအရွယ်အစားရှိပြီး Screen Resolution က 540x960 pixels ပဲရှိလို့ ရုပ်ထွက်ပိုင်းဟာ အလယ်အလတ်အဆင့်ပဲရှိပါတယ်။ CPU အနေနဲ့ 1.45GHz quad-core processor ကို သုံးထားပြီး RAM က 1.5GB RAM သို့မဟုတ် 2.5 GB RAM ရှိပါတယ်။ အင်တာနယ်မင်မိုရီက 16 GB ပဲပါဝင်လို့ ပမာဏနည်းပေမယ့် 256GB အထိ မင်မိုရီကတ်ထပ်စိုက်သုံးနိုင်အောင် ထောက်ပံ့ပေးထားတဲ့အတွက် မင်မိုရီကတ်ထပ်စိုက်သုံးရင် အဆင်ပြေမှာဖြစ်ပါတယ်။ မင်မိုရီကတ်ထည့်ဖို့ကို သီးသန့်အပေါက်ပါတဲ့အတွက် မင်မိုရီကတ်စိုက်သုံးရင်တောင် ဆင်းကတ်နှစ်ကတ်ကို သုံးနိုင်မှာဖြစ်ပြီး အင်တာနက်အတွက် LTE ကွန်ရက်ကို ထောက်ပံ့ပေးထားပါတယ်။ အန်းဒရွိုက်ဗားရှင်းအနေနဲ့ နောက်ဆုံးထွက်ဖြစ်တဲ့ Android Nougat ကို ထည့်ပေးထားတာကလည်း တန်ဖိုးမြင့်ဖုန်းမဟုတ်တဲ့ Galaxy J2 Pro ရဲ့ အားသာချက်တစ်ခုဖြစ်ပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာဟာ ၈ မဂ္ဂါပစ်ဇယ်ရှိပြီး ရှေ့ဘက် ဆယ်လ်ဖီကင်မရာက ၅ မဂ္ဂါပစ်ဇယ်ရှိပါတယ်။ ထူးခြားချက်အနေနဲ့ ရှေ့ကင်မရာနဲ့အတူ LED ဖလက်ရှ်မီးကိုပါ တပ်ဆင်ပေးထားတာကြောင့် ဆယ်လ်ဖီဝါသနာရှင်တွေအနေနဲ့ ပိုကောင်းတဲ့ ဆယ်လ်ဖီပုံတွေ ရိုက်နိုင်မှာဖြစ်ပါတယ်။ ဘက်ထရီပိုင်းမှာတော့ 2600 mAh ပမာဏရှိတဲ့ ဘက်ထရီ ပါဝင်လို့ အသင့်အတင့်အခြေအနေဖြစ်ပါတယ်။

Galaxy J2 Pro မှာ အခြား ထူးခြားချက်အနေနဲ့ သုံးစွဲသူတွေက messenger အကောင့်နှစ်ခုကို တစ်ပြိုင်တည်း အသုံးပြုနိုင်အောင် စွမ်းဆောင်ပေးမယ့် Dual Messaging Accounts လုပ်ဆောင်ချက်ကိုလည်း ထည့်သွင်းထားပါတယ်။

Galaxy J2 Pro စမတ်ဖုန်းသစ်ကို အနက်ရောင်၊ ရွှေရောင်၊ ပန်းရောင်နဲ့ ငွေရောင် လေးမျိုး ရွေးချယ်နိုင်မှာဖြစ်ပြီး ဈေးနှုန်းက ကျပ် ၁၈၂၀၀၀ ဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်မှာ စတင်မိတ်ဆက်ထားချိန်မှာ ဆမ်ဆောင်းမြန်မာက တယ်လီနောနဲ့ပူးပေါင်းပြီး ဖုန်းဝယ်ပြီးနောက် လစဉ် ကျပ် ၅၀၀၀ ဘေလ်ဖြည့်ရုံနဲ့ အင်တာနက်ဒေတာ 2GB လက်ဆောင်ကို ခြောက်လဆက်တိုက်ရရှိမယ့် အစီအစဉ်ကိုလည်း ပြုလုပ်ထားပါတယ်။




**အေးမြတ်**

# ပထမဆုံး Honor Flagship Store ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၉**
နိုင်ငံတကာ ဈေးကွက်တွင်ရော ပြည်တွင်းစမတ်ဖုန်းဈေးကွက်တွင်ပါ လူကြိုက်များသည့် အမှတ်တံဆိပ်တစ်ခုဖြစ်လာသော Honor ၏ မြန်မာနိုင်ငံတွင် ပထမဆုံးသော flagship store ကို လသာမြို့နယ် လသာလမ်း အလယ်ဘလောက်၌ ဇန်နဝါရီ ၂၈ ရက်မှစ၍ ဖွင့်လှစ်ထားပြီဖြစ်ကာ Honor ဖုန်းများ ရောင်းချခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုဆိုင်သည် ၂၀၁၈ ခုနှစ်အတွင်း Honor က နိုင်ငံရပ်ခြား၌ ပထမဆုံးဖွင့်သော ဆိုင်ဖြစ်သလို အရှေ့တောင်အာရှဒေသအတွင်း စတင်၍ ဈေးကွက်ချဲ့ထွင်မှုတစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

“မြန်မာနိုင်ငံက စားသုံးသူတွေကို ကျေးဇူးတုန့်ပြန်တဲ့အနေနဲ့ ဒီ flagship store ကို ဖွင့်လှစ်လိုက်တာပဲ ဖြစ်ပါတယ်၊ ဒီဒေသတွင်းမှာ Honor အနေနဲ့ အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်ရမယ့်အတွက် ဝမ်းသာမိပါတယ်၊ ဒီဆိုင်ဖွင့်ပွဲက Honor ရဲ့ အရှေ့တောင်အာရှ လုပ်ငန်းတိုးချဲ့ဆောင်ရွက်မှုအတွက် အဓိကမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းလည်းဖြစ်ပါတယ်”ဟု Honor ၏ ဥက္ကဋ္ဌ George Zhao က ပြောကြားသည်။

Flagship store ကို Honor ၏ ထိပ်တန်းစမတ်ဖုန်းထုတ်ကုန် လေးမျိုးဖြစ်သည့် Honor 7X ၊ Honor V9 Play ၊ Honor 6X ၊Honor Holly 6 စသည့် စမတ်ဖုန်းများဖြင့် စတင်ဖွင့်လှစ်ထားပြီး ထိုဖုန်းလေးမျိုးမှာ နည်းပညာ feature အသစ်များပါဝင်ခြင်း၊ ဒီဇိုင်းပိုင်းတွင် ဆန်းသစ်ထားခြင်းနှင့် မျိုးဆက်သစ် ဒစ်ဂျစ်တယ်ခေတ်လူငယ်များအတွက် အဆင်သင့်ဖြစ်အောင် ထုတ်လုပ်ထားခြင်းစသည့် အားသာချက်များကြောင့် ထိုဖုန်းလေးမျိုးဖြင့် စတင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

Honor သည် နိုင်ငံတကာ စမတ်ဖုန်းဈေးကွက်တွင် ဦးဆောင်သည့်နေရာ ရလာသည့် စမတ်ဖုန်းအမှတ်တံဆိပ်တစ်ခုဖြစ်ပြီး Huawei Group ၏ လက်အောက်တွင်ရှိကာ မြန်မာနိုင်ငံတွင် Honor ကို Huawei နှင့်တွဲ၍ Huawei Honor ဟု လူသိများသည်။ Honor အမှတ်တံဆိပ် စမတ်ဖုန်းများသည် ဈေးနှုန်းပိုင်းတွင် အလွန်အမင်းမြင့်မားခြင်းမရှိဘဲ အလယ်အလတ်တန်းသာရှိ၍ ပြည်တွင်းမှ ဖုန်းအသုံးပြုသူ အများစုအတွက် သင့်တော်သလို အရည်အသွေးပိုင်းတွင် ကောင်းမွန်ခြင်းနှင့် နည်းပညာအသစ်များကို ခေတ်နှင့်အညီ ထည့်သွင်းပေးနေခြင်းတို့ကြောင့် လူငယ်နှင့် လူလတ်ပိုင်း အများစုလည်း ကြိုက်နှစ်သက်ကြသည်ကို တွေ့ရသည်။

**အေးမြတ်**

---

# မြန်မာ့ဒစ်ဂျစ်တယ် အနာဂတ်အတွက် ရှေ့ဆက်ရမည့်လမ်းစဉ်ကို တယ်လီနောအကြံပြု



**ရန်ကုန် ဖေဖော်ဝါရီ ၉**
မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်စီးပွားရေးတစ်ရပ် အောင်မြင်စွာ ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းလျက်ရှိသည့် အစိုးရ၏ လုပ်ဆောင်ချက်များကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့ပထမဆုံး ဒစ်ဂျစ်တယ်မြန်မာအစီအရင်ခံစာကို တယ်လီနောက ဖေဖော်ဝါရီ ၆ ရက်က ထုတ်ပြန်ခဲ့ပြီး အဆိုပါ အစီရင်ခံစာတွင် မြန်မာ့ဒစ်ဂျစ်တယ် အလားအလာများကို အရှိန်မြှင့်တင်နိုင်မည့် အဓိကကဏ္ဍများကို ဖော်ပြထားသလို ဒစ်ဂျစ်တယ်မြန်မာဖြစ်ပေါ်လာရေး လက်ရှိရင်ဆိုင်နေရသော အခက်အခဲများ၊ အခွင့်အလမ်းများနှင့် အောင်မြင်ရေးနည်းလမ်း အဆိုပြုချက်များကိုလည်း စုစည်းတင်ပြထားသည်။

အစီအရင်ခံစာတွင် နိုင်ငံအတွင်း ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများနှင့် ဒစ်ဂျစ်တယ်သုံးစွဲသူများ ဖွံ့ဖြိုးတိုးတက်လာရေးကို အရှိန်မြှင့်တင်ရန်အတွက် ဒစ်ဂျစ်တယ် အခြေခံမူဘောင်များ၊ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများ၊ ဒစ်ဂျစ်တယ်ဂေဟစနစ်နှင့် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုများက အခြေခံအုတ်မြစ်များအဖြစ် ခိုင်ခိုင်မာမာတည်ရှိနေရန် လိုအပ်ကြောင်း အလေးပေး ဖော်ပြထားသည်။ ထို့အပြင် အဓိကကဏ္ဍ ခုနစ်ခုတွင် လက်ရှိကြုံတွေ့နေရသည့် အနေအထား၊ တယ်လီနော၏ အကြံပြုချက်များနှင့် နိုင်ငံတကာမှ အကောင်းဆုံး လုပ်ထုံးလုပ်နည်းများကို အစီရင်ခံစာတွင် စုစည်းဖော်ပြထားသကဲ့သို့ ၂၀၂၃ ခုနှစ်ကို ပန်းတိုင်အနေဖြင့်ထားရှိကာ အောင်မြင်စွာ ရောက်ရှိနိုင်ရေး အဆိုပြုချက်များကိုလည်း တင်ပြထားသည်။

“မြန်မာနိုင်ငံ ရှေ့ဆက်လျှောက်လှမ်းမယ့် ဒစ်ဂျစ်တယ်ခရီးလမ်းကို တယ်လီနောက ဆက်လက်ထောက်ပံ့ကူညီသွားဖို့ သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးဟာ ရေရှည်တည်တံ့တဲ့ ဘက်စုံလူမှုစီးပွားတိုးတက်မှု အလားအလာတွေဆီကို ဦးတည်နေတယ်လို့ တယ်လီနောက ယုံကြည်ထားတဲ့ အလျောက် အထောက်အကူပြုမယ့် အချက်အလက်၊ ဥပမာတွေနဲ့ တိကျခိုင်မာတဲ့ အကြံပြုချက်တွေကို ဒီအစီအရင်ခံစာက ဖော်ပြထားတာဖြစ်ပါတယ်”ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr.Lars Erik Tellmann က ပြောသည်။

တယ်လီနောမြန်မာအနေဖြင့် မြန်မာနိုင်ငံတွင် လူ့အဖွဲ့အစည်းတစ်ခုလုံး ဒစ်ဂျစ်တယ်အသွင်ပြောင်းနိုင်ရေးအတွက် အဓိက အခြေခံအဆောက်အအုံအဖြစ် မိုဘိုင်းကွန်ရက်ကြီးတစ်ခုကိုလည်း တည်ဆောက်ပြီးဖြစ်ကာ တယ်လီနောသုံးစွဲသူများအတွက် အကျိုးသက်ရောက်မှုရှိစေမည့် ဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ဆောင်မှုအသစ်၊ ကုန်ပစ္စည်းအသစ်များကို ဆက်လက်ကြိုးစား ဖန်တီးသွားမည်ဖြစ်သလို တာဝန်သိလူမှုအကျိုးပြု အစီအစဉ်များကိုလည်း တယ်လီနောမြန်မာက ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ်က ပြောကြားသည်။

**သူရဖြိုး**

# ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

**ဂန့်ဂေါ ဖေဖော်ဝါရီ ၉**

ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာရှိ သုတရိပ်မြုံ စာကြည့်တိုက်သို့ စာအုပ်စာစောင်များကို တိုင်းရင်းသားဘာသာစကားဦးစီးဌာနမှ မြန်မာစာအဖွဲ့ဝင်များက ဖေဖော်ဝါရီ ၇ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

စာအုပ်လှူဒါန်းပွဲတွင် တိုင်းရင်းသားဘာသာစကားဦးစီးဌာနမှ မြန်မာစာဆရာကြီး ဒေါက်တာသိန်းနိုင်က အမှာစကားပြောကြားပြီး ဌာနကြီးမှူး ဦးမြင့်ဆွေက စာအုပ်စာပေများ လှူဒါန်းခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အဆိုပါအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမြင့် (ကိုယော-ဘောဂဗေဒ)က စာကြည့်တိုက်တွင်ထားရှိရန်အတွက် စာအုပ်မျိုးစုံ အုပ် ၁၀၀ ကိုလည်းကောင်း၊ ရမည်းသင်းမြို့နယ် နဘူးကျင်းကျေးရွာ ရန်ကင်းတောရကျောင်း ဆရာတော်က စာအုပ်မျိုးစုံ ၆၃ အုပ်နှင့် ဂျာနယ်မျိုးစုံ အစောင် ၂၀၀ ကျော်ကိုလည်းကောင်း လှူဒါန်းကြသည်။

ထို့အပြင် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်၊ အနောက်ဂန့်ဂေါကျေးရွာမှ ဦးသောင်းလွင် - ဒေါ်မေယုခိုင်၊ ဦးလူလု- ဒေါ်ခင်ဝင်း၊ ဦးပြည်အေး- ဒေါ်ခင်ညွန့်၊ ဦးဝင်းမောင်-ဒေါ်ခင်စန်းလွင်တို့ကလည်း စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြပြီး စာကြည့်တိုက်ကော်မတီနာယက ဦးမြင့်ဦးက လက်ခံရယူကာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



# ကျေးလက်နေပြည်သူများအား တိုင်းရင်းဆေးကုဌာနက အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**မလှိုင် ဖေဖော်ဝါရီ ၉**

မလှိုင်မြို့နယ် အုတ်ဖိုကန်ကျေးရွာအုပ်စုအတွင်းမှ ကျေးလက်နေပြည်သူများအား မြို့နယ် တိုင်းရင်းဆေးကုဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ ဆေးကုသပေးခြင်းကို ဖေဖော်ဝါရီ ၆ ရက်က ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးပညာပေးဟောပြောရာတွင် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဆေးခန်းမှူး ဒေါ်ဇင်မျိုးယုက ကွင်းဆင်းဆေးကုသပေးရခြင်း ရည်ရွယ်ချက်နှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် ဟောပြောပွဲတက်ရောက်လာသူများနှင့် ဒေသခံပြည်သူများအား မြို့နယ်တိုင်းရင်းဆေးခန်းမှူးနှင့် ဆရာမများက တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ ဆေးဝါးကုသပေးခဲ့ရာ စုစုပေါင်း ပြည်သူ ၇၅ ဦးအား ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **အောင်ဒွေး(မလှိုင်)**



# ပြည်ထောင်စုနေ့အကြိုအဖြစ် စာစီစာကုံး၊ ကဗျာနှင့် အဆိုအက ပြိုင်ပွဲများ ကျင်းပမည်

**တွံတေး ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့်ပညာရေးဌာနတို့ဦးဆောင်မှုဖြင့် (၇၁)နှစ်မြောက်ပြည်ထောင်စုနေ့ အကြိုအထိမ်းအမှတ်အဖြစ် စာစီစာကုံး၊ ကဗျာနှင့် အဆိုအကပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် တွံတေးမြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုနေ့နှင့်ပတ်သက်သော စာစီစာကုံး၊ ကဗျာ၊ အဆိုနှင့်အကများကို ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေနိုင်ဦးက ရှင်းလင်းပြောကြားသည်။ ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးလှိုင် (တွံတေး)**

# သမိုင်းဝင် အညာသီဟတောရွှေဆင်းတုတော် ဒေသစာရီကြွချီအပူဇော်ခံမည်

**ခင်ဦး ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရောဝတီမြစ်အတွင်း၌ တည်ရှိသော သမိုင်းဝင် အညာသီဟတောဘုရားပွဲတော်ကို နှစ်စဉ်တပေါင်းလဆန်း ၁၁ ရက်မှ လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နှစ်စဉ် ပင့်ဆောင်ပူဇော်မြဲဖြစ်သော ရွှေဆင်းတုတော်ကို မန္တလေးမြို့ ရွှေကျီးမြင်ဘုရားမှ ခင်ဦးမြို့နယ် အညာသီဟတောကုန်းတော်ပေါ်သို့အကြိမ်(၃၀)မြောက် ပင့်ဆောင်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။



အညာသီဟတောဘုရားပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဘုရားပွဲကျင်းပမည့်နေရာများ ပြင်ဆင်ခြင်း၊ ဘုရားကုန်းတော်ပေါ်၌ သန့်ရှင်းသာယာမှု ရှိစေရန် ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ဂေါပကအဖွဲ့ဝင်များ ဖေဖော်ဝါရီ ၆ ရက်က လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ညှိနိုင်းဆောင်ရွက်ခဲ့သည်။

သီဟတောရွှေဆင်းတုတော်ကို ဖေဖော်ဝါရီ ၂၂ ရက် (တပေါင်းလဆန်း၈ ရက်) နံနက်ပိုင်းတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆောင်ပြီး ဘုရားဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဓမ္မစကြာဝတ်အဖွဲ့များ၊ ဒေဝါဝင်းအဖွဲ့များဖြင့် မန္တလေးမြို့ ရွှေကျီးမြင်ဘုရားမှ စတင်ပင့်ဆောင်မည်ဖြစ်ကြောင်း၊ မတ္တရာမြို့နယ်နှင့် စဉ့်ကူးမြို့နယ်တို့ကိုဖြတ်၍ ကျောက်မြောင်းမြို့၌ တစ်ည ကိန်းဝပ်အပူဇော်ခံမည်ဖြစ်ပြီး ၂၃ ရက်တွင် ကျောက်မြောင်းမြို့မှ ပင့်ဆောင်ပြီး ရွှေဘိုမြို့ ရွှေတန်ဆာဘုရားတွင် တစ်ညကိန်းဝပ်အပူဇော်ခံမည်ဖြစ်ကြောင်း၊ ထို့နောက် ၂၄ ရက်တွင် ရွှေဘို-ရေဦး ကားလမ်းအတိုင်း ပင့်ဆောင်အပူဇော်ခံ၍ ခင်ဦးမြို့လယ် ဓမ္မာရုံတွင် တစ်ည ကိန်းဝပ်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ၂၅ ရက်နေ့တွင် ခင်ဦး-သင်ပေါင်းလမ်းအတိုင်း ပင့်ဆောင်ပြီး သပိတ်ကျင်းမြို့မှ ဖောင်တော်ဦး၊ ဖောင်တော်ပဲ့ ရုပ်ပွားတော်မြတ်များနှင့်အတူ ရောဝတီမြစ်ကြောင်းအတိုင်း အညာသီဟတောဘုရားကုန်းတော်ပေါ်သို့ ပင့်ဆောင်ပြီး ဘုရားပွဲတော်ကို မတ် ၁ ရက် (တပေါင်းလပြည့်နေ့)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

# ရော်ဘာခြံများ မီးလောင်ဆုံးရှုံးမှုမရှိစေရေး ခြံရှင်များအား အသိပညာပေးဆွေးနွေး

**ဖာပွန် ဖေဖော်ဝါရီ ၉**

ကရင်ပြည်နယ် ဖာပွန်ခရိုင် မီးသတ်ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ခရိုင်အတွင်းမှ ရော်ဘာခြံစိုက်ပျိုးသူများအနေဖြင့် ရော်ဘာခြံများ မီးလောင်ဆုံးရှုံးမှုမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် အချက်များ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၇ ရက်က ဖာပွန်မြို့နယ် အနောက်ဘက်ကမ်းကျေးရွာ၌ ကျင်းပခဲ့သည်။



ဟောပြောပွဲတွင် ခရိုင်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကျော်အောင်က မီးလောင်မှုဖြစ်ပွားခြင်း အကြောင်းရင်းများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဆွေက ယခုအချိန်အခါသည် ဆောင်းကာလမှ ပူပြင်းခြောက်သွေ့သောနွေရာသီသို့ ပြောင်းရွှေ့ရောက်ရှိလာပြီဖြစ်သည့်အတွက် ရော်ဘာစိုက်ပျိုးထားသူများအနေဖြင့် ခြံများတွင် မီးလောင်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်အတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများဖြစ်သည့် ရော်ဘာခြံပတ်လည်တွင် ပေ ၄၀ အကျယ် မီးတားလမ်းများပြုလုပ်ကြရန်၊ ခြံကြားဖြတ် မီးတားလမ်းကို ပေ ၂၀ အကွက်ခြား အပြောင်ရှင်းလင်း ဆောင်ရွက်ကြရန်၊ မီးတားလမ်းများကို အမြန်ဆုံး အပြီးသတ်ဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးကင်းစောင့်များထားရှိခြင်းနှင့် မီးသတိပြုဆိုင်းဘုတ်များ ရေးဆွဲစိုက်ထူခြင်းတို့ ဆောင်ရွက်ရန်၊ မီးဘေးကာကွယ်ရေးပစ္စည်းများဖြစ်သော သဲအိတ်၊ ရေတိုင်ကီ၊ မီးချိတ်၊ မီးကပ်များကို မိမိတို့ခြံများတွင် ကြိုတင်ပြင်ဆင်ထားရှိကြရန် စသည်တို့ကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ရော်ဘာခြံစိုက်ပျိုးသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**အောင်မျိုးလွင်(ဖာပွန်)**

# မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောမှုများ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အတွင်း၌ မှုခင်းကျဆင်းရေးနှင့် ရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး ဟောပြောမှုများကို တိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့က ဖေဖော်ဝါရီ ၇ ရက်က ဆောင်ရွက်ခဲ့သည်။

ချမ်းအေးသာစံမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဟောပြောခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ပြခန်းယာဉ်ဖြင့် ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ အထက(၅)ကျောင်းတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ ပြည်သူများ စုစုပေါင်း လူဦးရေ ၂၄၀၀ ကျော်အား ဟောပြောခဲ့ကာ မွန်းလွဲပိုင်းတွင် ကန်ကောက်ရပ်ကွက်သို့ သွားရောက်၍ ရပ်ကွက်နေပြည်သူ ၂၀၀ ကျော်အား အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲများတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးရေးနှင့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆောင်ရွက်နေမှုများကို ပြည်သူများသိရှိစေရေးအတွက် အသိပညာပေးဟောပြောခဲ့ကြပြီး မှတ်တမ်းဓာတ်ပုံများနှင့် ပညာပေးဗီဒီယိုဓာတ်လမ်းများလည်း ပြသပြီး မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ပြည်ထောင်စုနေ့အပါအဝင် ရုံးပိတ်ရက် သုံးရက် ဘယ်မှာ အပန်းဖြေအနားယူကြမလဲ

ဖေဖော်ဝါရီ ၁၀၊ ၁၁၊ ၁၂ ရက်သည် စနေ၊ တနင်္ဂနွေနေ့အပြင် ပြည်ထောင်စုနေ့နှင့်ပါ တိုက်ဆိုင်နေ၍ အများပြည်သူတို့အတွက် ရုံးပိတ်ရက်သုံးရက် တစ်ဆက်တည်းဖြစ်သွားခဲ့သည်။

ယှဉ်ပြိုင်မှုများနှင့် တည်ဆောက်ထားသည့် ယနေ့ ကမ္ဘာတွင် အဆိုပါ အများပြည်သူရုံးပိတ်ရက် သုံးရက်မှာ နိုင်ငံ့ဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများအဖို့ ကိုယ့်အတွက်သာမက မိသားစုဘဝအတွက်ပါ တန်ဖိုးကြီးမားကြပါလိမ့်မည်။

အချို့ကလည်း ရပ်ဝေးနယ်ဘုရားဖူးခရီးစဉ်များ၊ အနားယူအပန်းဖြေခရီးစဉ်များ သွားရောက်ကြရန် စီစဉ်နေကြသည်။ အချို့ကလည်း တရားစခန်းရက်တိုဝင်၍ ဘာဝနာအမှုကို ပြုကြမည်။ အချို့မှာမူ မိမိအိမ်ဂေဟာအတွင်း၌သာ မိသားစုနှင့်အတူ အနားယူအပန်းဖြေကြမည်။

မည်သို့ဆိုစေ ရန်ကုန်မြို့သည် ပြည်တွင်း ပြည်ပ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများ အများအပြားအခြေစိုက်ရာ စီးပွားရေးမြို့တော်ဖြစ်သည့်အားလျော်စွာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ပြည်သူ့ရင်ပြင်၊ ကန်တော်ကြီး သဘာဝဥယျာဉ်၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာများအပါအဝင် မဟာရန်ကုန်၏ အထင်ကရနေရာများသည်လည်း နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ မိသားစုများ၏ အနားယူအပန်းဖြေမှုများနှင့်အတူ စည်ကားသက်ဝင်လာမည်ဖြစ်သည်။

သို့နှင့် မြန်မာ့သတင်းစဉ်က အများပြည်သူရုံးပိတ်ရက်သုံးရက်တာကာလအတွင်း လူမှုဘဝစတိုင်အလိုက် ကိုယ်စီကိုယ်င အနားယူအပန်းဖြေကြမည့် ပြည်သူအချို့၏ စကားသံများကို ကောက်နုတ်ဖော်ပြလိုက်ရပါသည်။



အစိုးရရုံးပိတ်ရက်များတွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံသို့ လာရောက်၍ ပြည်သူများ အနားယူအပန်းဖြေနေကြစဉ်။



ဦးမော်နိုင်ထွန်း



ဒေါ်ရည်ရည်မွန်



မဇင်မာ



ကိုဇော်ပြည့်မှူး

**ဦးမော်နိုင်ထွန်း(ဦးစီးအရာရှိ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး)**

ဝန်ထမ်းဘဝဆိုတာ များသောအားဖြင့် ရုံးပိတ်ရက်တွေမှာ မိသားစုနဲ့အတူ အိမ်မှာ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းကြရတာများပါတယ်။ တချို့တွေကတော့ မိသားစုနဲ့ ဘုရားဖူးသွားတာမျိုးရှိသလို မြို့တွင်းလည်ပတ်ကြတာမျိုးလည်းရှိပါတယ်။ ကျွန်တော်တို့ မိသားစုအနေနဲ့ကတော့ ပိတ်ရက်မှာ မြို့တွင်း ဘုရားဖူးသွားတာများပါတယ်။ အဲဒီလိုနေ့တွေမှာ အလှူအတန်းတွေလည်း လုပ်ဖြစ်ပါတယ်။ ဒီတစ်ခါရုံးပိတ်ရက်မှာတော့ မိသားစုနဲ့အတူ မြို့တွင်းဘုရားဖူးသွားမယ်။ ပြည်ထောင်စုနေ့မှာတော့ မဟာဗန္ဓုလပန်းခြံမှာ လုပ်မယ့် ပြည်ထောင်စုနေ့အခမ်းအနားကို သွားကြည့်မယ်။ အဲဒီကနေပြန်ရင် ကိုယ်ဖတ်ချင်တဲ့ စာအုပ်တွေ သွားဝယ်မယ်လို့ စိတ်ကူးထားပါတယ်။ အခုလို ရုံးပိတ်ရက်မှာ မိသားစုအတွက် ပျော်ရွှင်မှုတွေ လုပ်ပေးမယ်။ ကိုယ့်အတွက်လည်း ဗဟုသုတရှာမှီးတဲ့အနေနဲ့ စာဖတ်မယ်။ ကုသိုလ်ရတဲ့ အလုပ်တွေကိုလည်း လုပ်သွားမယ်လို့ စိတ်ကူးထားပါတယ်။

**ဒေါ်ရည်ရည်မွန်(ရုပ်သံကျွမ်းကျင်-၃၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မရမ်းကုန်းမြို့နယ်)**

ဒီတစ်ပတ်မှာပြည်ထောင်စုနေ့အပါအဝင် ရုံး သုံးရက်ပိတ်ပါတယ်။ ရုံးပိတ်ရက် နှစ်ရက်မှာ မိသားစုနဲ့အတူ အိမ်မှာပဲ မုန့်တစ်ခုခုလုပ်စားပြီး ပျော်ပျော်ရွှင်ရွှင်နေမယ်။

ပြည်ထောင်စုနေ့မှာတော့ ဌာနအနေနဲ့ အခမ်းအနားတက်မယ်။ ပြည်သူတွေအတွက် ပြည်ထောင်စုနေ့နဲ့ ပတ်သက်တဲ့ အသိပညာပေး လက်ကမ်းစာစောင်တွေ ဝေသွားမယ်။

အရင်တုန်းကရုံးပိတ်ရက်တွေမှာ မိသားစုနဲ့အတူ အိမ်မှာပဲ နေတာများပါတယ်။ အခုလာမယ့် ရုံးပိတ်ရက်မှာတော့ ကုသိုလ်ကောင်းမှုအလုပ်တွေလုပ်ဖို့ စိတ်ကူးထားပါတယ်။ ဒါ့အပြင် ပြည်သူတွေဗဟုသုတရှိအောင် လက်ကမ်းစာစောင်တွေ ဝေပေးဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေပါတယ်။ ကိုယ့်ရဲ့ ကိုယ်ပိုင်ရုံးပိတ်ရက်မှာ ပြည်သူတွေ ဗဟုသုတရှိအောင် လုပ်ဆောင်ခွင့်ရှိတဲ့အတွက်လည်း ဝန်ထမ်းတစ်ယောက် အနေနဲ့ ဝမ်းသာဂုဏ်ယူမိပါတယ်။ မတ်လ ရုံးပိတ်ရက်မှာတော့ မိသားစုနဲ့အတူ ဘုရားဖူးခရီးထွက်ဖို့ စိတ်ကူးထားပါတယ်။

**ဆရာဦးကျော်မင်း( အငြိမ်းစား၊ ပညာရေးဝန်ထမ်း )**

ဆရာကြီးကတော့ နယ်ကပြောင်းလာတာ မကြာသေးတဲ့ အတွက် ပတ်ဝန်းကျင်နဲ့ ထိတွေ့မှုနည်းပါတယ်။ မိသားစုတွေထဲမှာ အစိုးရပညာရေးဝန်ထမ်းနဲ့ ပုဂ္ဂလိကဝန်ထမ်းတွေရှိတဲ့ အတွက် ရုံးပိတ်ရက်တွေမှာ မိသားစုစုံစုံလင်လင်ဖြစ်အောင် အိမ်မှာပဲနေကြတာများပါတယ်။ အဲဒီလိုနေတဲ့အခါမှာလည်း မိသားစုအရေးတွေကို အေးအေးဆေးဆေး ဆွေးနွေးကြတယ်။ ဆွေးနွေးတဲ့အခါ ထွက်ပေါ်လာတဲ့ရလဒ်တွေအပေါ် အုပ်ထိန်းသူတစ်ဦးအနေနဲ့ လိုအပ်ချက်တွေကို လမ်းညွှန်မှုပေးပါတယ်။ သားသမီးတွေအနေနဲ့လည်း ရုံးပိတ်ရက်တွေမှာ များသောအားဖြင့် အိမ်မှာပဲနေကြတာများပါတယ်။ အဲဒီလိုနေတဲ့အခါမှာလည်း စာပေဖတ်ရှုလေ့လာတာမျိုးတွေပဲ လုပ်ကြတာပါတယ်။ သင်္ကြန်လို အခါကြီးရက်ကြီးတွေမှာတော့ ကိုယ့်ရဲ့မွေးရပ်မြေကိုပြန်ပြီး အလှူအတန်းလုပ်တာမျိုးတွေတော့ရှိပါတယ်။ ပင်စင်စား အငြိမ်းစားတစ်ဦးအနေနဲ့ သားသမီးတွေရုံးပိတ်ရက်မှာ အတူတကွ စကားပြောခွင့်ရပြီး ကလေးတွေအတွက် ဘာသာရေး အသိတရားတွေကို ပြောခွင့်ရတဲ့အတွက် ဆရာတို့မိသားစုအတွက်ကတော့ ရုံးပိတ်ရက်တိုင်းဟာ အဓိပ္ပာယ်ရှိပါတယ်။

**မဇင်မာ(ကုမ္ပဏီအရောင်းဝန်ထမ်း၊ Ever Seiko Co.,ltd)**

ဒီတစ်ပတ်မှာတော့ ရုံးပိတ်ရက်သုံးရက်ရှိတဲ့အတွက် သူငယ်ချင်းတွေနဲ့ ခရီးထွက်ဖို့စီစဉ်ထားပါတယ်။ စိတ်ပင်ပန်းနွမ်းနယ်မှုတွေကို ပြေပျောက်အောင် ကမ်းခြေတစ်ခုကို သွားရောက်လည်ပတ်မှာပါ။ မတွေ့ရတာကြာပြီဖြစ်တဲ့ သူငယ်ချင်းတွေနဲ့အတူ စုပေါင်းပြီးသွားမှာဆိုတော့ ပျော်စရာတော့ ကောင်းမှာပါ။ ဒေသန္တရ ဗဟုသုတတွေလည်း အများကြီးရမယ်လို့ထင်ပါတယ်။ အရင် ရုံးပိတ်ရက်တွေမှာကတည်းက ခရီးထွက်ဖို့ စီစဉ်ခဲ့တာပါ။ အဲဒီတုန်းက မသွားဖြစ်တဲ့အတွက် အခုလို ရုံးသုံးရက်ပိတ်တဲ့အချိန်ကို ရွေးပြီး ခရီးထွက်ဖို့ စီစဉ်ခဲ့တာပါ။ ပြည်ထောင်စုနေ့မှာ ကမ်းခြေတစ်နေရာကို ရောက်နေမှာဆိုတော့ ဒါဟာလည်း ရုံးပိတ်ရက်တွေထဲက အမှတ်တရ တစ်ခုဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။

**ဒေါ်ဆွေဇင်သိန်းတန် (Sunshine Store House of Liquor)**

ဒီပိတ်ရက်သုံးရက်ကိုတော့ တောင်ကြီး၊ ကလော၊ အင်းလေးသွားဖို့ ရှိပါတယ်။ မိသားစုနဲ့ပေါ့၊ သမီးလေးရယ်၊ သားလေးရယ် ပါမှာပါ။ အမျိုးသားရဲ့ကုမ္ပဏီကလည်း ပိတ်ရက်ဆိုတော့ သွားဖြစ်တာပါ။ ကလေးတွေက ကျောင်းနေတဲ့အရွယ် မဟုတ်သေးတော့ ပိတ်ရက်တိုင်း ခရီးက ခဏခဏသွားဖြစ်တယ်လေ။ ခုအချိန်က ရာသီဥတုကလည်း အများကြီး မအေးဘူးဆိုတော့ သွားဖြစ်ကြတာပါ။ ခရီးသွားရတာကို ကြိုက်တယ်။ ခရီးသွားတော့ စိတ်လည်းအပန်းဖြေမှုတွေရတယ်၊ မိသားစုနဲ့ဆိုတော့ ပိုပြီး စိတ်လည်းချမ်းသာရတယ်။ ကိုယ်မရောက်ဖူးသေးတဲ့ နေရာတွေမှာ လမ်းလျှောက်ရတာက ပိုပျော်ဖို့ကောင်းပါတယ်။ ဘုရားတွေဖူးလိုက်၊ စားကြသောက်ကြနဲ့ ပျော်စရာအချိန်တွေကို ပိုင်ဆိုင်ရမှာပါ။

**ကိုသန်းတင်(ကုမ္ပဏီဝန်ထမ်း၊ Creative Myanmar Service Co., Ltd.)**

ကျွန်တော်တို့ ဇနီးမောင်နှံက ဟန်နီးမွန်းခရီးအနေနဲ့ ဒီပိတ်ရက်ကို ငွေဆောင် ဒါမှမဟုတ် ချောင်းသာကို ခရီးသွားဖို့ စီစဉ်ထားပါတယ်။ ပိတ်ရက်သုံးရက်နဲ့လည်း တိုက်ဆိုင်နေတော့ ခွင့်လည်း ယူစရာမလိုဘူးပေါ့၊ အဆင်ပြေသွားတယ်။ ကမ်းခြေဆိုတော့ စိတ်အပန်းဖြေမှုရတယ်၊ ကမ်းခြေဘက်ကို လမ်းလျှောက်ကြမယ်၊ နောက် ဘုရားလည်းဖူးမယ်၊ ထမင်းကိုတော့ ရွာထဲကလူတွေကို ချက်ပြီး လာပို့ခိုင်းမယ်။ ရေထဲဆင်းဆော့လိုက် သဲသောင်ပြင်ပေါ် ထိုင်လိုက်နဲ့ အချိန်ကို ကုန်စေမှာပေါ့။ နေလုံးကြီးဝင်သွားတာလည်း ကြည့်ကြမယ်လေ။ အပန်းဖြေ ကမ်းခြေခရီးဆိုတော့ ရေထဲဆင်းလိုက်၊ စားသောက်လိုက်နဲ့ ပျော်စရာအချိန်တွေ ပိုင်ဆိုင်မှာပါ။

**ကိုဇော်ပြည့်မှူး(ကုမ္ပဏီဝန်ထမ်း၊Nwe Ta Pin Trading Co., Ltd.)**

ဒီနှစ်ဆန်းကစပြီး ပိတ်ရက်တွေထဲမှာ အလုပ်တွေမအားတာနဲ့ ကျွန်တော်ခရီးမထွက်ဖြစ်သေးဘူး။ ဒါပေမယ့် လာမယ့် သင်္ကြန်ပိတ်ရက်တွေမှာတော့ သူငယ်ချင်းတွေအားလုံး စုပြီး ချောင်းသာကို သွားလည်ဖို့တော့ စိတ်ကူးထားပါတယ်။

**ဒေါ်သီတာဝင်း(ဆရာမ၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မကွေးမြို့)**

အခု လာမယ့်ပိတ်ရက်ထဲမှာ အလုပ်ကိစ္စနဲ့ ရန်ကုန်ကို ခဏလာဖြစ်မယ်။ ရွှေတိဂုံဘုရား၊ ဗိုလ်တထောင်ဘုရား စတဲ့ ရန်ကုန်မြို့ပေါ်က ဘုရားတွေပဲ ဖူးဖြစ်မယ်။ ဒီရက်ပိုင်းတွေမှာ ဆယ်တန်းစာမေးပွဲဖြေမယ့် တပည့်တွေကိုလည်း အနီးကပ်ကြီးကြပ်ပေးမှာဆိုတော့ မအားဘူး။ ပြီးခဲ့တဲ့ ဇန်နဝါရီပိတ်ရက်တုန်းက ကျိုက်ထီးရိုးဘုရားကို သွားဖူးဖြစ်တယ်။ လာမယ့် နွေရာသီပိတ်ရက်တွေတော့ ပြည်တွင်းနဲ့ ပြည်ပကိုပါ ခရီးထွက်ဖို့ အစီအစဉ်ရှိပါတယ်။

**ဒေါ်အိဖြူဖြူကျော် (မန်နေဂျာ၊ Golden Milestones Travels & Tours)**

အခု သုံးရက်ပိတ်တဲ့အတွင်း အသွားများကြတဲ့နေရာတွေက ရွှေစက်တော်၊ အလောင်းတော်ကဿပ ဘုရားဖူးရာသီဆိုတော့ သွားလာမှု များကြတယ်။ အတန်းငယ်လေးတွေဖြစ်တဲ့ သူငယ်တန်း၊ ပထမတန်း၊ ကျောင်းသားမိဘတွေက ပိုပြီး ခရီးသွားကြတယ်။ တချို့က ချောင်းသာဘက်ကို သွားကြတယ်။ ခရီးသွားဧည့်သည်သွားနှုန်းက လျော့နည်းတာမရှိဘဲ ပုံမှန်ပါပဲ။ ဆယ်တန်းစာမေးပွဲပြီးရင်တော့ ခရီးသွားလာမှုပိုများမှာပါ။

**ဦးပက်ထရစ်(Cofounder ,Danta Travel Co., Ltd.)**

ဒီရက်ပိုင်းမှာတော့ အဓိကသွားတဲ့ ခရီးစဉ်တွေက ရွှေစက်တော်ဘုရားကို ဖွင့်ပွဲရှိတော့ သွားကြတယ်။ မော်တင်စွန်းဘုရားပွဲကလည်း စနေပြီဆိုတော့ သွားကြတယ်။ ခုနောက်ပိုင်းမှာတော့ရေပန်းစားတဲ့ ထားဝယ်ခရီးစဉ်တွေလည်း ပိုများလာတာတွေ့ရတယ်။ စာမေးပွဲတွေပြီးသွားချိန်မှာတော့ ရက်ရှည်ခရီးစဉ်တွေအနေနဲ့ ချင်းပြည်နယ်နဲ့ ကချင်ပြည်နယ် မြစ်ကြီးနားဘက်တွေလည်း သွားကြတယ်။

**သတင်း-ဇော်ကြီး၊ ဥမ္မာသန့်၊ မြတ်စန္ဒီ၊**
**ဓာတ်ပုံ -ဇော်မင်းလတ်၊ ဇော်ကြီး**

## သွင်းကုန်(၁) ပျောက်ဆုံးကြောင်း ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ ကျွန်မ မဇာဇာဝင်း၈/စလန(နိုင်)၁၃၁၂၆၄ သည် ၎င်းအား ထုတ်ပေးထားသော သွင်းကုန်(၁)မူရင်း MNIL 1-16-17 2122 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ **မဇာဇာဝင်း ဖုန်း-၀၉-၂၅၉၀၀၄၀၆၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6B/8440 Nissan Diesel Truck (8x4) ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သန်း ၉/သစန(နိုင်)၀၅၄၈၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်**

## စက်မှုဝန်ထမ်းဟောင်းများအသင်း
## ပဉ္စမအကြိမ် အသင်းသားစုံညီအစည်းအဝေးဖိတ်ကြားလွှာ

ပဉ္စမအကြိမ်အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ထားပါသဖြင့် စက်မှုဝန်ကြီးဌာန ယခင်အမှတ် (၁)နှင့် (၂) စက်မှုဝန်ကြီးဌာနအပါအဝင် စက်မှုဝန်ထမ်းဟောင်းများအားလုံး အသင်းဝင်ထားသည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ရပ်နီးရပ်ဝေးဒေသအနှံ့အပြားရောက်ရှိနေသည်ဖြစ်စေ တက်ရောက်ကြပါရန် လှိုက်လှဲစွာ ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| **ကျင်းပပြုလုပ်မည့်ရက်** | - | ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် (စနေနေ့) |
| **ကျင်းပပြုလုပ်မည့်အချိန်** | - | နံနက် ၀၉:၀၀နာရီ |
| **ကျင်းပပြုလုပ်မည့်နေရာ** | - | စက်မှုဓမ္မာရုံ၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ အာဇာနည်ဗိမာန်လမ်း၊ ရွှေနံ့သာလမ်းသွယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၅၀၈၆ |

**အမှုဆောင်အဖွဲ့**
**စက်မှုဝန်ထမ်းဟောင်းများအသင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/8440၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ နေပြည်တော်




## အမည်မှန်

ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ တနိုင်းခလမ်း၊ အမှတ် ၃၀၂နေ ကျွန်တော် ဦးမြင့်စိန် ၉/ပမန(နိုင်)၂၅၃၇၈၂၏သား အမည်မှန်မှာ မောင်ဇင်ဘိုအောင် ၉/ပမန(နိုင်)၂၅၄၇၉၈ ဖြစ်ပါကြောင်း။

## Golden Guards Security Co.,Ltd
## လုံခြုံရေးဝန်ထမ်းခေါ်ယူခြင်း

**ကုမ္ပဏီမှတ်ပုံတင်အမှတ်[၄၃၆၇/၂၀၁၇-၂၀၁၈(ရက)]**

ရန်ကုန်မြို့နှင့်နယ်မြို့ကြီးများတွင် တာဝန်ပေးအပ်ရန်အတွက် အမြန်လိုအပ်၍ ဆက်သွယ်ပေးပါရန်။

(က) ပညာအရည်အချင်းအလယ်တန်းမှဘွဲ့ရထိ လျှောက်ထားနိုင်ပါသည်။
(ခ) ပညာနှင့်ကျွမ်းကျင်မှုအလိုက် လစာကောင်းကောင်းပေးပါမည်။
(ဂ) မူးယစ်ဆေးဝါးနှင့် အရက်သေစာသောက်စားသူများ လုံး၀(လုံး၀) လက်မခံပါ။ ကျန်းမာရေးကောင်းမွန်ပြီး အရပ်(၅)ပေ(၂)လက်မအထက်ရှိရမည်။
(ဃ) အသက်(၁၈)နှစ်မှ (၃၅)နှစ်အတွင်းရှိရမည်။
(င) လုပ်ငန်းအတွေ့အကြုံရှိသူများ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီလျှင် လက်ခံပါမည်။
(စ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းရမည်။
(ဆ) စကားပြောဆိုဆက်ဆံဆောင်ရွက်ခြင်း ကောင်းမွန်ရမည်။
(ဇ) ရွေးချယ်သူများကို နိုင်ငံတကာအဆင့်မီ သင်တန်းပို့ချပြီးမှ လုပ်ငန်းခွင်သို့ စေလွှတ်တာဝန်ပေးအပ်ပါမည်။
(ဈ) ကြိုးစားသူများအတွက် စွမ်းဆောင်ရည်အလိုက် ရာထူးတိုးခြင်း၊ လစာတိုးခြင်း ခံစားခွင့်များရရှိမည်ဖြစ်ပါသည်။

**လိုအပ်ချက်များ**

မှတ်ပုံတင်မူရင်း၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်၊ ဓာတ်ပုံ (၂)ပုံ၊ CV Form၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာတို့နှင့် လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်**
**Ph.09-404445933/09-796064445**
**E-mail:goldensecure18@gmail.com**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**မော်လမြိုင်ခရိုင်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၀၂/၂၀၁၇**

| | | | |
|---|---|---|---|
| ဦးခင်မောင်ဝင်း | **နှင့်** | ၁။ | ဦးသောင်းမြင့် |
| အမှတ်(၁၀၉)၊(၅)လွှာ၊အရိုးကုန်းလမ်း | | ၂။ | ဒေါ်ရှာကီမာဘီ |
| အရိုးကုန်းရပ်ကွက်၊တာမွေမြို့နယ် | | ၃။ | ဦးတင်ကိုကို |
| ရန်ကုန်တိုင်းဒေသကြီး | | ၄။ | ဦးစိန်မြင့် |
| | | ၅။ | ဒေါ်အေးအေးဝင်း |
| **တရားလို** | | | **တရားပြိုင်များ** |

မော်လမြိုင်မြို့၊ စက်မှုဇုန်ရပ်ကွက်၊ ကသစ်ပန်းဆောက်လုပ်ရေးလုပ်ငန်း၊ အမှတ် (၁၅၀)နေသူ ဦးသောင်းမြင့် (ယခုနေရပ်လိပ်စာမသိ) နှင့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ်(၁၁၈)၊ (၃)လွှာနေသူ ဦးတင်ကိုကို (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်မောင်ဝင်းက ငွေအကျေပေးချေဝယ်ယူခဲ့သော မော်လမြိုင်မြို့၊ စက်မှုဇုန်ဈေးဆိုင်ခန်း၊ ရုံအမှတ်(၁)၊ ဆိုင်ခန်းအမှတ်(၃)ကို နေသူမှ အခန်းလွတ် လက်ရောက်ပေးအပ်စေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်(၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီ တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ဝယ်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမွန်စမ်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၃၆ နှင့်ဆက်နွှယ်သည့်**
**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၅**

| | | |
|---|---|---|
| ဒေါ်ခင်ရွှေ | **နှင့်** | ဦးမြင့်ဝေ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ဦးမြင့်ဝေ၊ ၇၅×၇၆လမ်းနှင့် ၃၂×၃၃လမ်းကြား၊ အကွက် (၇၀၈)၊ မောရဂီဝါရပ်၊ ချမ်းအေးသာစံမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၃၆တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ခင်ရွှေက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက် (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာဝေ)**
**ဒုတိယမြို့နယ်တရားသူကြီး (၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက(ပင်ခွန်) နဝမတန်းမှ မောင်သန်းကျော်၏ ဖခင်အမည်မှန်မှာ မောင်လွန် ၁၃/ပလန(နိုင်)၀၇၀၇၆၉ ဖြစ်ပါကြောင်း။

**မောင်လွန်**

## မိခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ မူးသာကျေးရွာ အုပ်စု(အလက) အဋ္ဌမတန်းမှ မောင်အောင်မျိုးကျော်၏ မိခင်အမည်မှန်မှာ မအေးခိုင် ၅/စကန(နိုင်) ၂၁၃၁၀၄ ဖြစ်ပါကြောင်း။ **မအေးခိုင်**

## သီဟိုဠ်စေ့ဝယ်သည်

လတ်ဆတ်ကောင်းမွန်သော လှန်းပြီး သီဟိုဠ်စေ့ အခြောက်ဝယ်သည်။

**ဖုန်း-၀၉-၄၄၉၈၆၀၉၃၃၊ ၀၉-၉၆၀၉၃၂၂၈၈**

## ငှားမည်

RC နှစ်ထပ်တိုက် 18x50
Master bed room ၁ခန်း
Single room ၁ခန်း AC ၂လုံးပါ
အောင်မြေသာစည် အိမ်ရာအနီး ဆင်ရေတွင်းမှတ်တိုင်
**ဖုန်း-၀၉-၂၅၄၅၀၅၀၈၂၊ ၀၉-၅၁၁၁၉၃၄**

## စုံစမ်းနိုင်ပါသည်

USA, Ohio ပြည်နယ်ရှိ Youngstown State University တွင် တက်ရောက် ပညာသင်ကြားလိုပါက ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

Magna Education & Consulting Email:info@magnaeduc. com

Web site: www.magnaeduc.com 611, level 6, suit 693, Hledan centre Ph-01- 2304405 (ext-8510/ 8511), 09-429999693

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၃)ရပ်ကွက်၊ အကွက်အမှတ် (၅၂)၊ စံပြရပ်ကွက်၊ ဦးပိုင်အမှတ် (G-၁၄၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကို ဦးမျိုးထိုက်ဝင်းအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက အကျိုးအကြောင်းဖော်ပြ၍ ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်ရပ်၊ဦးပိုင်အမှတ်(၄၃င)၊ ဧရိယာ ၀ဒသမ၁၂၈ဧကရှိ ဦးထွန်းမြင့်၊ ဒေါ်သန်းကြည် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဒေါ်ပွံ့ပွံ့ကျော်(ဘ)ဦးကျော်မြင့် ၁၂/မဘန(နိုင်) ၁၀၅၅၆၆မှ ပျဉ်းမနားမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၀၁၁/၂၀၁၈)၊ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၂/၂၀၁၈)၊ ပျဉ်းမနားမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အရောင်းအဝယ်စာချုပ်အမှတ် (၂၇/၁၉၈၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်မူရင်းများတင်ပြ၍ မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့်စိစစ်ရွေးချယ်ခဲ့ရာ **"ကချင်ပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင် ၅၀ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် ၅၀ဦး စာရင်း**

| စဉ် | အခွန်ထမ်းအမည် | နေရပ်လိပ်စာ | တိုင်းဒေသကြီး/ပြည်နယ် | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | Shwe Bamaw Co.,Ltd | အမှတ်(ညပ-၁၈)ညောင်ပင်ရပ်၊ ကမ်းနားလမ်း၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၂ | Aung Myint Htoo Chun Co.,Ltd | အမှတ်(မမ-၆၆)၊ မြို့မရပ်၊ ကမ်းနားလမ်း၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၃ | Aunty Too Family Trading Co.,Ltd | အောင်နန်း၊ အမှတ် ၃၁၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၄ | Myat Tun Kyaw Trading Co.,Ltd | အမှတ် ခသ-၄၅၊ ခွန်သာရပ်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၅ | Myanmar Maker Home Construction Co.,Ltd | ဇရာရပ်ကွက်၊ D/9+10+11 အားကာတိုက်ခန်း၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Constructoin | |
| ၆ | Su Nadi Aung Co.,Ltd | အလ/၅၀၊ အလယ်ရပ်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၇ | Lu Nge Inn Arr Su Co.,Ltd | မြေမြင့်-၁၃၈၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၈ | Khin Khin Khing Co.,Ltd | မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၉ | Yunn Poe Asn Eain Co.,Ltd | မြေမြင့် ၁၃၈၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၁၀ | Sein Linn Aung Trading Co.,Ltd | အောင်ချမ်းသာရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၁၁ | Ye Lin Kyaw Co.,Ltd | သစ-၄၅၊ သာစည်ရပ်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၁၂ | Myat Nan Soe Trading Co.,Ltd | ခသ-၃၁၄၊ ခွန်သာရပ်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၁၃ | Shwe Sein Lon Co.,Ltd | မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၁၄ | Pyay Zin Phyo Co.,Ltd | အမှတ်(၃)ရပ်ကွက်၊ ရွှေညောင်ပင်ကျေးရွာ၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၁၅ | Win Style Co.,Ltd | အလယ်ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၁၆ | Sein Yar Su Co.,Ltd | မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၁၇ | Moe Hein Tun Co.,Ltd | မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၁၈ | Shwe Mann Khin Trading Co.,Ltd | ညောင်ပင်ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၁၉ | Htoo Pyae Sone Win Trading Co.,Ltd | မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၂၀ | Myanmar Shwe Kyi Aye General Export Import Co.,Ltd | ဟန်တဲရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၂၁ | Thiri Mingalar Export Import Co.,Ltd | သာစည်ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၂၂ | Shwe Lwai Kyay Co.,Ltd | ခွန်သာရပ်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၂၃ | Young Achiever International Co.,Ltd | မင်းကုန်းရပ်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၂၄ | Ngwe Gone Kywe Co.,Ltd | ညောင်ပင်ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၂၅ | Mya Shwe Taung Co.,Ltd | သာစည်ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၂၆ | Dr ကျော်မြင့် | မရှီကထောင်၊ စီ/၁၂၇၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Service | |
| ၂၇ | ဒေါ်ထွေးမြသီတာ | ပေါက်ကုန်းရပ်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | သားသတ်လိုင်စင် | |
| ၂၈ | ဦးစိုင်းနွံကျော | ဆိပ်မူကျေးရွာ၊ သာယာကုန်း၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၂၉ | Khin Twe Tar Soe Co.,Ltd | ညောင်ပင်ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၃၀ | ဒေါ်ရှင်ဖန် | မရှီကထောင်၊ ဘီ/၄၄၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၃၁ | ဦးစံမြိုင် | အလယ်ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | စံ ဘော်ဒါဆောင် | |
| ၃၂ | ဦးတိန့်ဆောင် | ရေစင်ကွင်းဈေး၊ အောင်နန်း-၁၅၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | အမဲလိုင်စင် စီ | |
| ၃၃ | Khing Dragon | မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၃၄ | ဦးခင်မောင်လေး | မော်ဝမ်း၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၃၅ | ဒေါ်လဲ့ရီလင်း-ဒေါ်ရင်ဖိန်း | ခေမာသီရိ-၆၀၃၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | မြေနှင့်အဆောက်အအုံငှားရမ်းခြင်း | |
| ၃၆ | ဒေါက်တာမောင်မောင်ညွန့် | မြို့မ၊ မမ/၁၆၆၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Service | |
| ၃၇ | ဒေါ်ဆိုင်းလုံ | ရှဒေါင်၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | အကျဲလမ်းလေလံ | |
| ၃၈ | ဒေါ်ရီတီ | မင်းရပ်-၅၀၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | ကြည်ရတနာရွှေဆိုင် | |
| ၃၉ | ဒေါ်ခင်မာအေး | မရှီကထောင်၊ ဒီ/၂၉၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၄၀ | ဦးညွန့်ရင် | မရှီကထောင်၊ စီ/၁၀၃၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၄၁ | ဦးစိုင်းကျော်သူစိုး | ဇရာရပ်ကွက်၊ ဆောက်လုပ်ရေးတိုက်တန်း၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | 101 စားသောက်ဆိုင် | |
| ၄၂ | ဦးခင်မောင်ရင် | မင်းရပ်-၃၇၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | ရွှေကြောင်ကုန်စုံ | |
| ၄၃ | ဦးဆန်းဝင်းလှိုင် | ၄က်ပျောတော၊ င/၂၀၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Trading | |
| ၄၄ | ဦးကျော်မြင့် | နမ္မတီးကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | ဝက်လိုင်စင် | |
| ၄၅ | ဦးပေါက်ကွေ့(ခ)မင်းထွေးသိမ်း | မင်းရပ်-၃၃၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | ရွှေစည်တော်ရွှေဆိုင် | |
| ၄၆ | ဒေါ်နွဲ့နွဲ့ဝင်း | သာစည်ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | ကျူရှင် | |
| ၄၇ | ဒေါ်ရင်ရင် | မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | ဦးစိန်ဆေးဆိုင် | |
| ၄၈ | ဒေါက်တာသိန်းဟန် | မြို့မ၊ မမ/၈၈၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | Service | |
| ၄၉ | ဦးနော်ဆန်း | မံပုံရွာ၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | အမဲလိုင်စင်စီ | |
| ၅၀ | ဦးသိန်းဝင်း | ရေစင်ဈေး၊ (၃၄၉-အောင်နန်း)၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ကချင်ပြည်နယ် | ဝက်ခုံလိုင်စင်စီ | |

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ **"ကချင်ပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင် ၅၀ ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် (၅၀)ဦး စာရင်း

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန<br>တိုင်းဒေသကြီး/ပြည်နယ်/<br>ပြည်ထောင်စုနယ်မြေ | အဓိကလုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | Aunty Too Family Trading Co.,Ltd | အမှတ် -၃၁၊ အောင်နန်းရပ်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | ပို့ကုန်/သွင်းကုန်လုပ်ငန်း | |
| ၂ | Myanmar Maker Home Construction Co.,Ltd | အခန်းအမှတ်-D/9+10+11၊ အားကာတိုက်ခန်း၊ ဈေးရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃ | Lu Nge Inn Arr Su Co.,Ltd | မြေမြင့်-၁၃၈၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | ပို့ကုန်/သွင်းကုန်လုပ်ငန်း | |
| ၄ | Khin Khin Khing | မက-၁၈၊ မင်းကုန်းရပ်ကွက်၊ ကန်တော်ကြီးလမ်း၊ ဖားကန့်မြို့၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၅ | Yunn Poe San Eain Co.,Ltd | မြေမြင့်-၁၃၈၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | ပို့ကုန်/သွင်းကုန်လုပ်ငန်း | |
| ၆ | Sein Linn Aung Co.,Ltd | အမှတ် ၇၆၊ ရပ်ကွက် (၃)၊ အောင်ချမ်းသာရပ်ကွက်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၇ | Pyay Zin Phyo Co.,Ltd | ရွှေညောင်ပင်ကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | ပို့ကုန်/သွင်းကုန်လုပ်ငန်း | |
| ၈ | Sein Yar Su Co.,Ltd | မင်းကုန်းရပ်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၉ | Shwe Sein Lon Co.,Ltd | မင်းကုန်းရပ်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၁၀ | Moe Hein Tun Co.,Ltd | မင်းကုန်းရပ်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၁၁ | Shwe Mann Khin Co.,Ltd | ညောင်ပင်ရပ်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၁၂ | Htoo Pyae Sone Win Co.,Ltd | မင်းကုန်းရပ်ကွက်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၁၃ | ဒေါ်ဝင်း | မင်းရပ် ၆၇၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | လွယ်လင်ထမင်းဆိုင် | |
| ၁၄ | Myanmar Shwe Kyi Aye Co.,Ltd | ဟန်တဲရပ်ကွက်၊ ဖားကန့်မြို့၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၁၅ | Shwe Htoo Trading Co.,Ltd | အမှတ်(၂)ရပ်ကွက်၊ ရွှေကူမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၁၆ | Thiri Mingalar Co.,Ltd | သာစည်ရပ်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၁၇ | Young Achiever Co.,Ltd | မင်းကုန်းရပ်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၁၈ | Win Style Co.,Ltd | အလယ်ရပ်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၁၉ | ဦးရဲမြင့် | ရှဒေါင်ကျေးရွာ၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | တိုင်းကျော်စက်သုံးဆီဆိုင် | |
| ၂၀ | ဦးမင်းသိန်း | မိုင်းနားကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၂၁ | ဦးမင်းသိန်း | ရှဒေါင်ကျေးရွာ၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | နိုင်းစတားစက်သုံးဆီဆိုင် | |
| ၂၂ | ဦးရဲမြင့် | နောင်တာလောကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၂၃ | ဒေါ်ခင်မာအေး | မရိုကထောင် ဒီ-၂၉၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၂၄ | ဦးငွေး-ဒေါ်စန်းစန်းငွေး | အမှတ်(၂)ရပ်ကွက်၊ ရွှေကူမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | စက်သုံးဆီဆိုင် | |
| ၂၅ | ဦးညွန့်ရင် | မရိုကထောင် စီ-၁၀၃၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၂၆ | Mya Shwe Taung | သာစည်ရပ်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၂၇ | ဒေါ်ရွှင်ဖန် | မရိုကထောင်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၂၈ | ဒေါ်ညွန့်ညွန့်စိန် | မော်ရှန်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၂၉ | ဒေါ်ကြည်ကြည်စန်း | ဆိပ်မူ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၃၀ | ဒေါ်ချိန်ရင်မေ | မင်းရပ် ၄၄၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Two Dragon Hotel | |
| ၃၁ | ဒေါ်ကျန်ရင်လီ(ခ)ကြားမြင့် | မြို့သစ် ၃၁၃၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Bamboo Field Restaurants | |
| ၃၂ | ဦးမောင်မောင်တင်(ခ)ဒေါ်အေးအေးငြိမ်း | နမ္မဖြစ်ကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၃၃ | ဦးစိန်ဝင်း+ကျော်ကျော်အောင် | ဘူတာတန်း+ယုဇန ၅၄၅၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | ရွှေတောင်စားသောက်ဆိုင် | |
| ၃၄ | Shwe Banaw Co.,Ltd | ညောင်ပင်ရပ်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၃၅ | ဒေါ်မြသောင်း | မော်ဝမ်း၊ ဘီ/၄၄၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၃၆ | ဒေါ်စန်းစန်းညွန့် | မော်စီစာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၃၇ | ဒေါ်ရွှေတင် | မင်းရပ်+ယုဇန၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | စားသောက်ဆိုင်+စည်ပင်လေလံ | |
| ၃၈ | ဒေါ်ရွှေကြည် | မော်ဝမ်း၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၃၉ | ဒေါ်လီကွေရှန်း(ဆက်ခံ)ဦးသိန်းဇော် | မော်ရှန်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၄၀ | ဦးချီဆန်းချန်(ခ)မောင်ထွေး | ခေမာသီရိ ၁၁၁၂၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | City Park Royalစားသောက်ဆိုင် | |
| ၄၁ | ဦးအောင်အောင်(ခ)အောင်တူး | စီတာပူ(မနောကွင်း)၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | လုံဂါပါစားသောက်ဆိုင် | |
| ၄၂ | ဦးဘရန်မွန်း | မြို့မ+ဘူတာတန်း ၁၇/အောင်နန်း၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | လပ်ကီးမုန့်လုပ်ငန်း | |
| ၄၃ | ဦးကျော်ထူး | ငြိမ်းချမ်းသာယာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၄၄ | Ngwe Gone Kywe Co.,Ltd | ညောင်ပင်ရပ်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၄၅ | ဦးကျော်ဟိုး | မင်းကုန်းရပ်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | ဖရန့်ရှစ်ဟိုတယ် | |
| ၄၆ | ဦးစိန်ဦး | အမှတ်(၁)ရပ်ကွက်၊ ရွှေကူမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | စက်သုံးဆီဆိုင် | |
| ၄၇ | ဦးဘစိန် | မင်းကုန်းရပ်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | ရွှေမြင့်မိုရ်ရွှေဆိုင် | |
| ၄၈ | ဦးအေးကျော် | မင်းကုန်းရပ်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | ဦးအေးကျော်ရွှေဆိုင် | |
| ၄၉ | ဦးဇော်ဇော်လွင် | အောင်ရာ၊ လုံးခင်း၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Trading | |
| ၅၀ | ဒေါ်S ခေါန်နန်း | စီတာပူ၊ သီတာအေး ၇+၈မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင်ပြည်နယ် | Palm Spring Hotel | |






၅ လက်မ sAMOLED မျက်နှာပြင်
အရှေ့ဘက် Flash ကင်မရာ
အလန်းဆုံး ဒီဇိုင်း၊ အတန်ဆုံး ဈေးနှုန်း

telenor
လစဉ် ၅,၀၀၀ ကျပ်ငွေဖြည့်ပြီး
အခမဲ့ အင်တာနက် လစဉ် 2GB (၆) လ ရယူပါ။
*စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များရှိသည်။

samsung myanmar | samsungmyanmar | samsung.com/mm | samsungmembers
Call Center 01 2399 888 (Mon-Sun) 7AM to 11PM
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

အသည်းရောဂါအမျိုးမျိုးအတွက် အစွမ်းထက် သဘာဝသမြားနီဥဖြင့် ခေတ်မီနည်းစနစ်တကျ ထုတ်လုပ်ထားတဲ့



ဆရာမြင့်၏
စကြာမင်း အမှတ်တံဆိပ် သမြားနီ အသည်းဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 013845(1020)
သမြားနီတွင် ဓာတ်တိုးဆန့်ကျင် ဂုဏ်သတ္တိ (Anti-oxidant property) ပါရှိခြင်းကြောင့် အသည်းပျက်စီးမှုကို ကာကွယ်အထောက်အကူပြုနိုင်ပြီး အသည်း၏ လုပ်ငန်းဆောင်တာ စွမ်းဆောင်ရည်များကို ကောင်းမွန်စေပါသည်။
ပင်ရင်း -စကြာမင်း တိုင်းရင်းဆေးဝါးစက်ရုံ - အမှတ် ၂၆၁၊ (၆)လမ်း၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၇၃၀၄၅၁၁၉။
စကြာမင်း ဆေးတိုက်နှင့် ဆေးကုဌာန - အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁၉၇၅၂၄။

ချောင်းသာကမ်းခြေ ရောက်ပြီဆို ချောင်းသာယာကို စီးဖို့လို…
အေးမြသာယာ ချောင်းကျယ်နံဘေး တောတောင်ရှုခင်း နှလုံးအေး…
# ချောင်းသာယာ အပျော်စီးသင်္ဘော
ချောင်းသာယာဆိပ်ကမ်း (ဥတိုတံတားထိပ်)၊ ချောင်းသာကမ်းခြေ။
ဆက်သွယ်ရန် 09 452 955 661 မှ (5) အထိ။



# Rain Flower
SHOW ROOM အသစ်ဖွင့်လှစ်ခြင်း
အမှတ်-(၁၇၀)၊ ပင်လုံလမ်း၊ (၃၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
09-451730002၊ 09-783978883

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
# ဂုဏ်ထူး ဦးအောင်ဒိုင်
March April May
Grammar & Essay Class
သဒ္ဒါ + စာစီစာကုံး သင်တန်း
မြို့လယ် ၂၇၂ ပန်းဆိုးတန်း 01 252 919 | သုဝဏ္ဏ ပညာနန်းတော် 09 798 44 33 20

လိပ်ပိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ
# ခရုသင်း၊ သမင်ဖြူ
နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။
ကြော်ငြာခွင့်ပြုချက်အမှတ် တအဆက(စာနယ်ဇင်း) ၀၁၃/၀၁၁၉
ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၇)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၁

## အမည်ပြောင်း
ဦးတင်ထွန်း၏သမီး မအိအိထွေး ၁၂/လသယ(နိုင်)၀၅၇၅၂၄ အား မနှင်းဖြူသဲဟု ပြောင်းလဲခေါ်ဆိုပါရန်။
မနှင်းဖြူသဲ

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၀) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးစိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ
# ဖျံ-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး
ကြော်ငြာခွင့်ပြုချက်အမှတ် တအဆက(စာနယ်ဇင်း) ၀၁၇/၀၃၁၅
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၇၃၈၀၁၇၅၊ ၃၉၂၉၉၄



# ဂျပန်နည်းပညာသုံး သာကေတတံတားကို ဇူလိုင်လတွင် ဖွင့်လှစ်နိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ဂျပန်နိုင်ငံ၏ အကူအညီအထောက်အပံ့ဖြင့် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်အကြား ဆက်သွယ်တည်ဆောက်လျက်ရှိသည့် ဂျပန်ဆောက်လုပ်ရေးနည်းပညာသုံး သာကေတတံတားသစ်ကြီးကို လာမည့် ဇူလိုင်လတွင် တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည် ။

"ကျွန်တော်တို့ ဒီတံတားကြီးကို ဂျပန်နိုင်ငံတွင် စတင်အသုံးပြုဆောက်လုပ်ခဲ့တဲ့ နည်းပညာနဲ့ ဆောက်လုပ်နေတာပါ၊ ဒီနည်းပညာကို ဂျပန်နိုင်ငံက တံတားတွေနဲ့ နိုင်ငံအချို့မှာ တွေ့ရပါတယ်၊ မြန်မာနိုင်ငံမှာတော့ ပထမဆုံး ဆောက်လုပ်တာပါ၊ လာမယ့် ဇူလိုင်လမှာ ပြီးစီးဖွင့်လှစ်နိုင်မှာ ဖြစ်ပါတယ်၊ တံတားကြီးပြီးစီးသွားတဲ့အခါ ရန်ကုန် သီလဝါဆိပ်ကမ်းက ကုန်သေတ္တာကားတွေပါ ဖြတ်သန်းမောင်းနှင်နိုင်မှာ ဖြစ်လို့ ခရီးသည်တင်ယာဉ်တွေ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မှာ ဖြစ်သလို ကုန်စည်တွေ သယ်ယူပို့ဆောင်ရာမှာလည်း များစွာအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်"ဟု အဆိုပါတံတား၏ တည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ Mr. Kei Kasahara က ပြောသည်။

အဆိုပါတံတားကြီးကို ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းက စီမံကိန်းစတင် တည်ဆောက်ခဲ့ကြောင်း၊ တံတားအမျိုးအစားမှာ ကြိုးတင်အားဖြည့် သံကူကွန်ကရစ် ကြိုးဆိုင်းတံတား (Extra-Dosed Bridge)ဖြစ်ပြီး စာမျက်နှာ ၅ ကော်လံ ၁ ✻

# အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်
## ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ ငလျင်လှုပ်မှု အကြိမ်ရေ စုစုပေါင်း ၄၀ ရှိ


**နေပြည်တော် ဖေဖော်ဝါရီ ၉**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ ၁၁ မိနစ် ၄၄ စက္ကန့်က အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆ အဆင့်ရှိ ငလျင်ငယ်တစ်ခု လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါ မြေငလျင်သည် စစ်တွေမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၁၄၉ မိုင်ခန့်အကွာ၊ မြန်မာနိုင်ငံ ပြည်တွင်း သံတွဲမြို့ တောင်-အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၁၈ ဒသမ ၂၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၁ ဒီဂရီ၊ မြေအောက် အနက် ၃၉ ကီလိုမီတာခန့်ကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာရရှိချက်အရ သိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ ငလျင်လှုပ်မှု အကြိမ်ရေ စုစုပေါင်း ၄၀ ရှိကြောင်း ငလျင်မှတ်တမ်းများအရ သိရသည်။

**မောင်မွှေး**




# MNL အမှတ်ပေးပြိုင်ပွဲ ပထမနေ့တွင် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း အိမ်ကွင်း၌ နိုင်ပွဲပြန်ရ

**တောင်ကြီး ဖေဖော်ဝါရီ ၉**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

**ရလဒ်ကောင်းရရန် ကြိုးပမ်း**

တောင်ကြီးကွင်း၌ ကျင်းပသောပွဲတွင် ရှမ်းယူနိုက်တက်အသင်းက စစ်ကိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သော်လည်း ပုံစံကောင်း ပြသနိုင်ခြင်းမရှိဘဲ စိုးမင်းဦး၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ စစ်ကိုင်းအသင်းသည် အဝေးကွင်း၌ ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့် ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ▲



ရှမ်းယူနိုက်တက်အသင်းနှင့် စစ်ကိုင်းအသင်းယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွှန့်



# ၂၀၁၈ အာရှ တာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၈ အာရှတာဝေး စက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ နေပြည်တော်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲဒုတိယနေ့တွင် အာရှတာဝေး အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများအပြင် မသန်စွမ်းစက်ဘီးပြိုင်ပွဲများကိုလည်း စတင်ကျင်းပခဲ့သည်။ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် Jumi Lee (တောင်ကိုရီးယား) က ပထမ၊ Ting Ying Huang (တရုတ် တိုင်ပေ) က ဒုတိယ၊ Karami (ဂျပန်)က တတိယ၊ အသက် ၂၃ နှစ်အောက်

စာမျက်နှာ ၁၃ ကော်လံ ၁ ✪

**ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ** စာမျက်နှာ ❖ ၁၂

**နယ်စပ်တံတိုင်းအတွက် အမေရိကန်ဒေါ်လာ သုံးဘီလီယံ ထည့်ဝင်ရန် ထရန့်တောင်းဆို** စာမျက်နှာ ❖ ၁၄

